# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၅ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၁၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၉၉)


# မောင်တောဒေသတွင်း ပြန်လည်နေရာချထားရေး၊ စစ်တွေမြို့ပေါ်ရှိ IDP စခန်းများ ပိတ်သိမ်းရေးနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၁၈**

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အပေါ် အကောင်အထည်ဖော်ဆောင် ရွက်ရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့သည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ တာဝန်ရှိသူ များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောမြို့သို့ ရဟတ် ယာဉ်ဖြင့်ရောက်ရှိပြီး သစ်တုံးနားခွဆုံ ကျေးရွာ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရောက်ရှိ လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား မြို၊ နှင့် ဒိုင်းနက်လူမျိုးအိမ်ထောင်စု ၃၅ စုတို့အား တွေ့ဆုံကာ ခေတ္တနေရာချထားမှုကို ကြည့်ရှုပြီး အားပေးစကား ပြောကြား သည်။**(ယာပုံ)**

ထို့နောက် သစ်တုံးနားခွဆုံကျေးရွာ တွင် ဒေသခံမြိုတိုင်းရင်းသားများအတွက် နေအိမ်များ ပြန်လည်တည်ဆောက်ပြီးစီး မှုနှင့် ပြန်လည်နေရာချထားပေးမည့် အခြေအနေတို့ကို ကြည့်ရှုပြီး ၎င်းတို့၏ လိုအပ်ချက်များ တင်ပြမှုအပေါ် ဆောင်ရွက်ပေး ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် ခုံတိုင်ကျေးရွာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် နယ်စပ်


*စာမျက်နှာ ၃ ကော်လံ ၁* ❀




**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့ အတွက် ဒုတိယ (၁)နှစ်တာအဖြစ် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက် များကို အချုပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

**ထူးခြားသည့် နေ့အပူချိန်**

၁၈-၅-၂၀၁၈

ချောက်မြို့
၄၂ ဒီဂရီစင်တီဂရိတ်

ဆင်ဖြူကျွန်းမြို့
၄၂ ဒီဂရီစင်တီဂရိတ်

တောင်ငူမြို့
၄၂ ဒီဂရီစင်တီဂရိတ်

**ဘူးသီးတောင် - မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် ပြဿနာများအား ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ တပ်မတော်မှ ဆောင်ရွက်ခဲ့**


စာ » ၄


**အမေရိကန်နှင့်မြောက်ကိုရီးယားတို့ အလွန်အရေးကြီးသည့် အဆင့်မြင့်ဆွေးနွေးပွဲများ ပြုလုပ်နေကြောင်း ထရန့်ပြောကြား**


စာ » ၁၄


**ပြည်ပသို့ ငါး၊ ပုစွန်ပို့ခြင်းဖြင့် နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာသုံးဘီလီယံရရှိရန် ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်**


စာ » ၁၈



"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွှန်"

ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း

(KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ရွှေပင်နားမှ ရွှေကျေး

- နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံးမြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။
- ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
- ကြိုတင် အပ်နှံမှသာ တစ်နေရာစာ မုချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်းအထိ)
- ဂုဏ်ထူးများရုံ၊ ရမှတ်များရုံသာမက နိုင်ငံသားကောင်း ဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
- စခန်းသွင်းဘော်ဒါ၊ နေ့တက်ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ) တစ်ခုတွင် သင်ယူနိုင်သည်။

မေ ၃၀ ရက် ဖွင့်မြီ

ပညာရေး အဆင့်မြင့် စခန်းသွင်း ဘော်ဒါနှင့် နေ့တက် ဘော်ဒါ

ကျောင်းလိပ်စာ
မြေအမှတ် ၂၈ (A)+၂၈ (B)၊ ဝေဠုယန္တာလမ်းမကြီး၊ ဠင်္ကျွတ်အိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ကန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၁၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)

- ဒီကျောင်းကိုမှ တကူးတကန့် ရွေးတက်ကြတာ ဒီဆရာတွေ အပြောင်းအလဲ မရှိ နှစ်စ နှစ်ဆုံး သင်နေကြလို့ပါပဲ။

အတု မရှိ၊ အတွေ့မရှိ ပညာရေးအင်အား
- ဂုဏ်ထူးဦးသိန်းနိုင်
- ဆရာနေအုပ်(စိန်ပေါ်လ်)
- ဂုဏ်ထူးဦးအောင်ခိုင်
- ဒေါက်တာညီညီ(Ph.D)
- ပါမောက္ခ ဒေါက်တာထွန်းခင်
- ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
- ဆရာ ဇော်လင်းအောင်
- ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
- စိုင်းစိန်မြင့်အောင်

အထူးသတင်း...
ဝေဠုယန္တာ လမ်းမကြီးတလျှောက် Air-Con YBS(၉၃)ကားကြီးတွေ ပြေးဆွဲနေပြီ။ သတင်းထူးပါပဲ။ အစစ အလွန် အဆင်ပြေလှပါတယ်။
နေ့တက် ဘော်ဒါကျောင်းသား လူဦးရေ ကန့်သတ် ထားသည်၊ လူပြည့်တော့မည်။
အမြန် အလိုရှိသည်။
တစ်ဘာသာခြင်း ထူးချွန်သော ဝါရင့် GUIDEများနှင့် အမျိုးသား အဆောင်မှူး ဆရာများ အမြန် အလိုရှိသည်။

မြန်မာ့အလင်း

# ပြည်သူတို့အတွက် နှစ်သစ်ကူး လက်ဆောင်မွန်

မြန်မာ့နှစ်သစ်ကူးခဲ့ပြီ။ ပိတောက်ပန်း ထိန်ထိန်ဝါဝါတို့ ဝင်းကာပကာ လင်းကာလှကာနှင့် အေးမြငြိမ်းချမ်းသွားစေခဲ့သော သင်္ကြန်ရေတို့နှင့် အတူ နှစ်ဟောင်းတစ်နှစ်ကုန်ဆုံးကာ နှစ်သစ်တစ်နှစ်ဆီသို့ ကူးပြောင်းခဲ့ပြီဖြစ်ပါသည်။

မြန်မာတို့၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာတို့အရ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကူးပြီဆိုသည်ကို ကုသိုလ်ကောင်းမှုတို့နှင့် ကြိုဆိုကြခဲ့ပြီဖြစ်ပါသည်။

အဟောင်းအမြင်းတို့ကို ချန်ထားခဲ့ကြပြီ။ မကောင်းမှုများ၊ စိတ်ညစ် စိတ်ဟောင်းများ၊ အတွေးညစ်၊ အတွေးဟောင်းများ၊ အပြုအမူအညစ် အထေးများအားလုံးကို ချန်၍ စိတ်သစ်လူသစ် ကုသိုလ်ဖြစ်စေသော အတွေးသစ်အမြင်သစ် အယူအဆသစ်တို့ကို မွေးမြူရင်း နှစ်သစ်ကို ကြိုဆိုခဲ့ကြပြီဖြစ်ပါသည်။

နှစ်သစ်နှစ်ဦးဆိုသည်နှင့်အညီ နှစ်ဟောင်းက အညစ်အကြေးများ၊ မကောင်းမှုများ နှစ်ဟောင်းမှာပဲ ထားရစ်ကာ နှစ်သစ်မှာ ပိုမိုကောင်းမွန်သည်များ၊ ပိုမိုသန့်ရှင်းဖြူစင်သည်များနှင့် ကုသိုလ်တရားများနှင့်သာ ပြည့်စုံရအောင် ကိုယ်တိုင်အားထုတ် ထိန်းသိမ်းစောင့်ရှောက်ကျင့်ကြံရင်း နှစ်သစ်ကို ကြိုဆိုခဲ့ကြပြီ။

သည်လိုမင်္ဂလာရှိသော ကျက်သရေတင့်လှသော မြန်မာနှစ်သစ်ကူး ကာလ အခါသမယမှာ နိုင်ငံတော်သမ္မတကြီးက ပြည်သူလူထုကို နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားသည်ကိုလည်း ကြားနာလိုက်ရပါ၏။

သမ္မတအသစ်အဖြစ် တာဝန်ယူပြီးသည့်နောက် ပြည်ထောင်စုအစိုးရအနေဖြင့် ဦးစားပေးဆောင်ရွက်သွားမည့် ရည်မှန်းချက် ပန်းတိုင်များကို ကြေညာခဲ့ပြီး မည်သို့မည်ပုံ ဆက်လက်အကောင်အထည်ဖော်သွားမည်ဆိုသည်ကို သိလိုကြမည်ဖြစ်သော မြန်မာပြည်သူလူထုကို ရှင်းလင်းတင်ပြသွားသည့် လုပ်ငန်းစဉ်အချို့ကို နှစ်သစ်ကူးစကားတွင် ထည့်သွင်းပြောခဲ့ခြင်းဖြင့် မြန်မာပြည်သူတို့ ကျေနပ်အားရ ဖြစ်ခဲ့ကြရပါသည်။

အထူးသဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှေးကွေးမှုများရှိနေသည်ကို ပြည်ထောင်စုအစိုးရက ချမှတ်ထားသော တိုးတက်ရေးမူဝါဒများအတိုင်း ကြပ်မတ်သွားမည်ဟု နားလည်ရပါသည်။ ပြည်သူတို့ ကြုံတွေ့နေရသော စားဝတ်နေရေးပြဿနာများတွင် အဓိကလိုဖြစ်နေသည့် နေရေးပြဿနာကို အာရုံစိုက်ကာ ဦးစားပေး ဖြေရှင်းသွားမည်ဆိုသည်က အားတက်စရာဖြစ်ပါသည်။ မြို့ပြများဆီသို့ ရေကြည်ရာ မြက်နုရာဆိုသလို ဦးတည်ရွှေ့ပြောင်းလာကြသော လူထုမှာ နေစရာအကျပ်အတည်းက အခြေခံပြဿနာကြီးဖြစ်နေသည်မှာ ကြာပါပြီ။

မြို့ကြီးများရှိ ကျူးကျော်အိမ်ရာများ အဆမတန်တိုးပွားများပြားလာနေခြင်းက ထိုအကျပ်အတည်းများကို တစ်စိတ်တစ်ပိုင်း ဖော်ပြနေခြင်းပဲဖြစ်ပါသည်။ အချို့သော မသမာသူများက ထိုသို့သော ပြည်သူ့အခက်အခဲများကို အခွင့်ကောင်းယူကာ ကျူးကျော်ပြဿနာကို အခြေခံ၍ ကိုယ်ကျိုးစီးပွားရှာနေမှုများကိုပါ ပူးတွဲကိုင်တွယ်သွားမည်ဟု မျှော်လင့်ရပါသည်။

ဤသို့သော မြို့ပြ အကျပ်အတည်းများကို နင့်နင့်သီးသီးခံရသူများမှာ ဝန်ထမ်းပြည်သူများနှင့် မြို့ပြရွှေ့ပြောင်းလာသူများ ဖြစ်ပါသည်။

ပြည်ထောင်စုအစိုးရအနေဖြင့် ဒုက္ခခံစားနေရသော ပြည်သူတို့၏ နေရေးပြဿနာကို ဖြေရှင်းပေးမည်ဟူသော ဦးစားပေး အစီအမံကို သိရသည်က နှစ်သစ်ကူး မင်္ဂလာကျက်သရေရှိလှသည့် လက်ဆောင်ဖြစ်ပါသည်။

ထို့ပြင် အခြားသော ပြင်ဆင်မှုများအဖြစ် လျှပ်စစ်မီးတိုးချဲ့ဖြန့်ဖြူးမှုအစီအစဉ်၊ ဖြောင့်မတ်မှန်ကန်မျှတသော တရားစီရင်ရေး ဖြစ်မြောက်ရေးအတွက် တည့်မတ်သွားမည့် အစီအစဉ်၊ အဂတိကင်းစင်ရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်ပေးရေး၊ မူးယစ်ဆေးဝါးပြဿနာကို ထိထိရောက်ရောက် ကိုင်တွယ်နှိမ်နင်း ဖြေရှင်းရေး၊ ပြည်သူ့ဘဏ္ဍာများကို အလေအလွင့်မရှိအောင် စီမံနိုင်ရေး၊ ဥပဒေမဲ့သိမ်းဆည်းထားသည့် မြေယာများကို ပြန်လည်ပေးနိုင်ရေး၊ လျော်ကြေး နစ်နာကြေးများ ပေးနိုင်ရေးတို့ကို ဥပဒေနှင့် အညီ ဆောင်ရွက်နိုင်ရေး၊ လယ်သမားတို့ အခွန်ကင်းလွတ်နိုင်ရေး၊ အလုပ်သမားတို့၏ဘဝများ စိုပြည်နိုင်ရေး၊ ကျောင်းသားများ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးတို့နှင့်အတူ အစိုးရအနေဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး၊ တည်တည်ငြိမ်ငြိမ်နှင့် ပြောင်းလဲတိုးတက်ရေး စသည်တို့ကို စနစ်တကျ စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး အကျဉ်းသားများကို စနစ်တကျလေ့လာစိစစ်၍ လွတ်လပ်ခွင့်ပေးခဲ့သည်တို့က ပြည်သူတို့အတွက် အကောင်းဆုံး နှစ်သစ်လက်ဆောင်ဖြစ်သည်ဟု ယူဆပါသည်။

ပြည်သူလူထု အကျိုးကို အမှန်တကယ် စေတနာထား စီမံဆောင်ရွက် အကောင်အထည်ဖော်မှုများစသည့် ကောင်းမှုကံစေတနာတို့ကိုအကြောင်းပြု၍ ကျန်းမာချမ်းသာလန်းဖြာကြကာ နိုင်ငံတော်ငြိမ်းချမ်းသာယာဖွံ့ဖြိုးအောင် ဆက်လက်ဆောင်ရွက်နိုင်ကြပါစေသတည်း။ ။

## တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပမည်

**ရန်ကုန် မေ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရိုးရာပွဲတော်များ၊ စာပေဂီတ ရိုးရာအသုံးအဆောင်များ၊ ဝတ်စားဆင်ယင်မှုများ စသည်တို့ကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ "တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်များ"ဟူသော ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပရာ စိစစ်အကဲဖြတ်ရေးအဖွဲ့က ဆုများ ရွေးချယ်သတ်မှတ်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ဓာတ်ပုံပြိုင်ပွဲ၏ ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ Sule Shangri-La Hotel, Myanmar Ballroom-2 ၌ ကျင်းပမည် ဖြစ်သည်။

ဆုရရှိသူများသည် ဆုများလက်ခံရယူရေးနှင့်ပတ်သက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီ ဖုန်းနံပါတ် ၀၁-၂၀၁၉၃၆၊ ၀၁-၃၇၁၃၄၀၊ ၀၁-၃၇၁၃၄၂ သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ ဒုတိယအကြိမ် လေ့လာရေးခရီးထွက်ခွာမည်

**ရန်ကုန် မေ ၁၈**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ဒုတိယ အကြိမ်မြောက် လေ့လာရေးခရီးစဉ်ကို မေ ၂၀ ရက်တွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

ယခုလေ့လာရေးခရီးစဉ်မှာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်သို့ဒေသ၏ လူမှုစီးပွားရေးနှင့်ထင်ရှားသောစေတီပုထိုးများကို ဖူးမြော်မည့်လေ့လာရေးခရီးစဉ်ဖြစ်သည်။ အဆိုပါခရီးစဉ်တွင် လိုက်ပါရန် စာရင်းပေးထားသော အဖွဲ့ဝင်သတင်းထောက်များသည် မေ ၂၀ ရက် ည ၈ နာရီထက်နောက်မကျစေဘဲ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံထောင့် မောရှေလဘုရားကျောင်းအနီး စုရပ်သို့ လာရောက်ကြရမည်ဟု သိရသည်။ ကျန်ရှိသောအဖွဲ့ဝင်များလည်း အဆိုပါခရီးစဉ်သို့ လိုက်ပါလိုပါကအဖွဲ့၏တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း(သန်လျင်) ဖုန်း-၀၉-၇၇၆၂၇၃၂၃၇သို့ မေ ၁၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထားစာရင်းပေးသွင်းရမည်ဖြစ်သည်။

ယခုခရီးစဉ်ဖြစ်မြောက်ရေးအတွက် သန်လျင်မြို့မှ အလှူရှင်ဦးအောင်ကျော်ဝင်းက ဒုတိယအကြိမ်မြောက်ပံ့ပိုးကူညီပေးခြင်းဖြစ်သည်။

**ဟန်စိန်(မ/ဥက္ကလာ)**



## ရေရှားပါးသည့်ဒေသများသို့ သောက်သုံးရေများလှူဒါန်း

**နေပြည်တော် မေ ၁၈**

အမှတ် (၁၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူး အောင်စည်သူအေး ဦးစီးတပ်ဖွဲ့ဝင်များ၊ အမှတ် (၁၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ရေးအရာရှိ ဒုတိယရဲမှူး နေမျိုးသူရိန် ဦးစီးသော တပ်ဖွဲ့ဝင်များသည် ပဲခူးတိုင်းဒေသကြီး ဆွာမြို့ ဂုံမင်းကွင်း ကျေးရွာအုပ်စုအတွင်းရှိ (၆) မိုင်ရွာ၊ (၇) မိုင်ရွာ၊ (၈)မိုင်ရွာ၊ (၉)မိုင်ရွာ၊ (၁၀) မိုင်ရွာများရှိ အိမ်ထောင်စု ၂၄၀ အား တပ်ဖွဲ့ပိုင်မော်တော်ယာဉ် (Foton) ငါးစီးဖြင့် သောက်သုံးရေ ရေသန့်ဘူးကြီး ၅၀၀ အား ဧပြီလဒုတိယပတ်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## မြစိမ်းရောင်ကျေးရွာ ၃၇ ရွာ စီမံကိန်းသုံးသပ်ဆွေးနွေး

**သံတွဲ မေ ၁၈**

သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ၃၀ ယူနစ်၊ ကျေးရွာ ၃၇ ရွာ၏ မြို့နယ်အဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို ဧပြီလဒုတိယပတ်က သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့်ဝန်ထမ်းများ၊ စီမံကိန်းကော်မတီဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၈-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၀/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၆ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၀ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၁ ·၅ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၃၆ ·၉ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၁ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ·၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

**ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေ အကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တရားဥပဒေစိုးမိုးရေးဆိုတာ အလိုအပ်ဆုံးအရာ

**ပြည်သူလူထုဟာ ကိုယ့်နိုင်ငံမှာရှိနေတဲ့ ဥပဒေတွေဟာ တရားတဲ့ဥပဒေတွေလား၊ ဒီဥပဒေတွေဟာ၊ ဒီတရားဥပဒေတွေဟာ စိုးမိုးနေရဲ့လား၊ တရားဥပဒေစိုးမိုးရေးဆိုတာ ရှိရဲ့လား။ အင်မတန်မှ လှပကောင်းမွန်တဲ့ တရားဥပဒေတွေကို စာအုပ်ကြီးထဲမှာထားပြီးတော့ ပြည်သူတွေရဲ့ဘဝတွေအပေါ်မှာ သက်ရောက်မှုရှိအောင် မလုပ်နိုင်ဘူးဆိုရင် တရားဥပဒေစိုးမိုးရေးရှိတယ်လို့ ပြောလို့မရပါဘူး။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရဟာ အစကတည်းက တရားဥပဒေစိုးမိုးရေးဆိုတာ အလိုအပ်ဆုံးအရာဆိုပြီး၊ ကျွန်မတို့တင်ပြပြီးတော့ ရွေးကောက်ပွဲမှာ ဝင်ခဲ့တာဖြစ်ပါတယ်။**

(၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❀ ရှေ့ဖုံးမှ

ရေးရာဝန်ကြီးဌာနတို့မှ နေအိမ်များ တည်ဆောက်ပြီးစီးမှုနှင့် နေရာချထားပေးမှုအခြေအနေကို ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

### လှည့်လည်ကြည့်ရှု

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၂ ရက်က မီးလောင်ကျွမ်းခဲ့သည့် ငါးခူရကျေးရွာသို့ ရောက်ရှိပြီး မီးဘေးသင့် ပြည်သူများကို ယာယီနေရာချထားပေးမှုအခြေအနေ၊ ကူညီထောက်ပံ့ပေးနေမှု အခြေအနေနှင့် မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့် အခြေအနေကို စစ်ဆေးကြည့်ရှုသည်။ ထို့နောက် ငါးခူရပြန်လည်လက်ခံရေး စခန်းအတွင်း လှည့်လည်ကြည့်ရှုသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မီးလောင်ဆုံးရှုံးခဲ့သည့် နေအိမ်များ ပြန်လည်တည်ဆောက်ပေးနိုင်ရေး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### အမြန်ဆုံးတည်ဆောက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လှဖိုးခေါင်ကြားစခန်း၌ ပြန်လည်ဝင်ရောက်လာသူများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ အဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ကျန်းမာရေးဆေးခန်းထားရှိမည့်နေရာတို့ကို ကြည့်ရှုခဲ့ပြီး ကျန်ရှိသောအဆောက်အအုံများ အမြန်ဆုံးတည်ဆောက်ပြီးစီးရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။

### ထောက်ပံ့ငွေများပေးအပ်

ယင်းနောက် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာသွားကြသူများအနက် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးရောက်ရှိ နေထိုင်ခဲ့သော အက်ဖ်တာအာလွမ်ပါ မိသားစု ငါးဦးနှင့် တွေ့ဆုံ၍ ပြန်လည်ဝင်ရောက်လာမှု အခြေအနေနှင့် အတွေ့အကြုံများ၊ အခက်အခဲများအား မေးမြန်းကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး မောင်တောခရိုင် ရခိုင်ရိုးရာ ရေကစားမဏ္ဍပ် ရေသဘင်ပွဲတော်အား ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသည်။

### တွေ့ဆုံဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိပြီး ခေါင်းဒုတ်ကား IDP စခန်းသို့ သွားရောက်ကြည့်ရှုကာ စခန်းပိတ်သိမ်းနိုင်ရေးနှင့် ပြန်လည်နေရာချထားရေး ကိစ္စရပ်များနှင့်ပတ်သက်၍ စခန်းတာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အက်ဖ်တာအာလွမ်မိသားစုအား ထောက်ပံ့ငွေပေးအပ်စဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ သစ်တုံးနားခွဆုံကျေးရွာတွင် ဒေသခံမြို့တိုင်းရင်းသားများအတွက် နေအိမ်များ ပြန်လည်တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယမန်နေ့ ညနေပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ညော့ရိပ်သာအစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ဌာနဆိုင်ရာအကြီးအကဲများအား တွေ့ဆုံခဲ့သည်။

### ကူညီဆောင်ရွက်ပေး

အဆိုပါတွေ့ဆုံပွဲတွင် ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်၍ ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ရခိုင်ဒေသ တည်ငြိမ်အေးချမ်းရေးဖော်ဆောင်ရာတွင် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ၂၀၁၂ ခုနှစ်မှစ၍ ဖွင့်လှစ်ခဲ့သော IDP စခန်းများအားပိတ်သိမ်းရေး ကိစ္စရပ်များ၊ NVC ကိုင်ဆောင်ရေး ကိစ္စရပ်များ အရှိန်မြှင့်ဆောင်ရွက်ရေး၊ NVC ကိုင်ဆောင်ရခြင်း၏ အကျိုးကျေးဇူး ရှစ်ချက်အား အောက်ခြေအထိ သိရှိနားလည် သဘောပေါက်လာစေရန် ကျယ်ပြန့်စွာ အသိပညာပေးရန်အတွက် ဌာနဆိုင်ရာများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ NVC ကိုင်ဆောင်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလက်လှမ်းမီရရှိရေး၊ အဆင့်မြင့်ပညာ ဆက်လက်သင်ကြားရေး၊ မောင်တောမြို့နယ်ရှိ နေရပ်စွန့်ခွာသူများအတွက် ဆောက်လုပ်ပြီးနေအိမ်များတွင် တိုင်းရင်းသားဒေသခံများနှင့် အစ္စလာမ်ဘာသာဝင်များအား အလျင်အမြန် ပြန်လည်နေရာချထားပေးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးရေး၊ လယ်ယာမြေများ ပြန်လည်လုပ်ကိုင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းနှုန်းဖြင့် စုစုပေါင်း ငါးနှစ် ထောက်ပံ့မှုဖြင့် ဆောင်ရွက်ပေးမည့် လုပ်ငန်းကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**ရန်ကုန် မေ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊သုတပဒေသာ (ဝိဇ္ဇာ)ပထမဆုရရှိသည့် နန္ဒာမင်းလွင်၏ "စည်းခုံတော်သမိုင်းနှင့် စစ်ကိုင်းတွင် မော်ကွန်းတင်ခဲ့သည့် ပုဂ္ဂိုလ်များ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စည်းခုံတော်သမိုင်းနှင့်စစ်ကိုင်းတွင် မော်ကွန်းတင်ခဲ့သည့် ပုဂ္ဂိုလ်များဟူ၍ နှစ်ပိုင်းခွဲကာ တင်ပြထားပြီး စည်းခုံတော်သမိုင်းတွင် ပုဂံရွှေစည်းခုံ၊ စစ်ကိုင်းမဟာစည်းခုံတော်ကြီးစေတီ၊ မက္ခရာစည်းခုံတော်ကြီး၊ ပင်းယစည်းခုံတော်ကြီးစသည့် စည်းခုံတော်ကြီးလေးဆူမှစ၍ စည်းခုံစေတီတော် ၅၃ ဆူကို ဘွဲ့အမည်နှင့်တကွ ဖော်ပြရေးသားထားသည့်အပြင် မော်ကွန်းတင်ပုဂ္ဂိုလ်များတွင် ရဟန်းစာဆိုဆရာတော်ကြီးများ၊ သူရဲကောင်းအမတ်ကြီးများနှင့် စစ်သည်တော်ကြီးများ၊ မင်းမိဖုရားများကို အထောက်အထား ပြည့်ပြည့်စုံစုံတင်ပြထားသည့်အပြင် စစ်ကိုင်းတောင်ရိုးတစ်ခွင်ရှိ ကျောက်စာ၊ မင်စာများကိုပါ စုံစုံလင်လင်တင်ပြထားသည့်အတွက် သုတပညာရပ်ကို စိတ်ဝင်စားကြသူများအတွက် ဗဟုသုတရရှိစေမည်ဖြစ်သောကြောင့် စာဖတ်ပရိသတ်များ ဝယ်ယူဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၈၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁ -၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇ - ၃၄၁၄၆၈၁)၊ ၈၆လမ်း၊ ၂၁ လမ်းနှင့် ၂၂လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်(ဖုန်း ၀၂-၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊၀၁-၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘူးသီးတောင်-မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် ပြဿနာများအား ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ တပ်မတော်မှဆောင်ရွက်ခဲ့



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်၊ တပ်မတော်အုပ်ချုပ်မှုကျောင်း၌ တက်ရောက်လျက်ရှိသည့် ဥပဒေ(အရာရှိ) ဒီပလိုမာသင်တန်းမှ တပ်မတော်အရာရှိကြီးများအား အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြင်ဦးလွင်တပ်နယ်၊ တပ်မတော်အုပ်ချုပ်မှုကျောင်း၌ တက်ရောက်လျက်ရှိသည့် ဥပဒေ(အရာရှိ) ဒီပလိုမာသင်တန်းမှ တပ်မတော်အရာရှိကြီးများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တပ်မတော်သားများသည် ဥပဒေနှင့်အညီ လက်နက်ကိုင်သည့် အဖွဲ့အစည်းဖြစ်သဖြင့် ဥပဒေကို သိရှိအောင်ဆောင်ရွက်ပြီး စည်းကမ်းများကို လိုက်နာရန်လိုအပ်ကြောင်း၊ စစ်သည်တော်ကျင့်ဝတ်ပါ စည်းကမ်းများနှင့် နိုင်ငံတကာစစ်ပွဲများတွင်လိုက်နာဆောင်ရွက်ရသည့် ဂျီနီဗာကွန်ဗင်းရှင်းအား လိုက်နာရန်လိုအပ်ပြီး မိမိကိုယ်ကိုယ် ခုခံပိုင်ခွင့်များအား ဥပဒေနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဥပဒေအရ အရေးယူ**

ထို့ပြင် တရားဥပဒေကို မသိနားမလည်ဟုဆိုပြီး ချိုးဖောက်၍ မရကြောင်း၊ တပ်မတော်တွင် စစ်မှုထမ်းဥပဒေအရ ၁၈ နှစ် ပြည့်ပြီးမှသာ တပ်မတော်အတွင်း တာဝန်ထမ်းဆောင်ခွင့်ရှိကြောင်း၊ မိမိတို့အနေဖြင့် စစ်ဘက်၊ အရပ်ဘက်ဥပဒေ နှစ်ခုစလုံးအား လိုက်နာနေရသူများဖြစ်ပြီး ဥပဒေချိုးဖောက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်ခံရမည်ဖြစ်ကြောင်း။

**စွပ်စွဲပြောဆိုမှုများရှိ**

ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် ပြဿနာများအား ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ တပ်မတော်မှဆောင်ရွက်ခဲ့ပြီး လိုက်နာမှုမရှိသည့် အရာရှိ၊ စစ်သည်များအားလည်း အရေးယူဆောင်ရွက်ခဲ့ရသည်များလည်း ရှိကြောင်း၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် မိမိတို့လုံခြုံရေးတပ်စခန်းများနှင့် ဒေသခံပြည်သူများအား အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မိမိတို့မှ နယ်မြေလုံခြုံရေးဆောင်ရွက်သည့်အခါ ၎င်းတို့အား အနိုင်ကျင့်သတ်ဖြတ်သည်ဟု မီဒီယာများအား ဖြေကြားခဲ့သဖြင့် နိုင်ငံတကာအဖွဲ့အစည်းတချို့က မိမိတို့တပ်မတော်အပေါ် စွပ်စွဲပြောဆိုမှုများ ရှိကြောင်း။

**သဘောတူညီချက်များ နားလည်ရန်လို**

မိမိတို့အနေဖြင့် နိုင်ငံတကာဥပဒေများတွင် ပါဝင်သည့် နယ်စပ်ဒေသ ဆက်ဆံရေးဥပဒေ၊ ပိုင်နက်ဒေသနှင့်ဆက်စပ်သည့် ဥပဒေနှင့် လေကြောင်းဥပဒေများသည် မိမိတို့အတွက် အရေးကြီးကြောင်း၊ ကုလသမဂ္ဂ၏ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာသဘောတူညီချက်များကိုလည်း သိရှိနားလည်ရန်လိုကြောင်း စသည်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးဝါးဝယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူး၊ သုံးစွဲမှုစနစ် ပိုမိုထိရောက်သောစနစ်တစ်ခုအဖြစ် ပေါ်ပေါက်လာရေး ဝိုင်းဝန်းဆောင်ရွက် ဆေးရုံများတွင် မရှိမဖြစ်အသုံးပြုရမည့် ဆေးဝါးစာရင်းပါ ဆေးဝါးများကို အခမဲ့ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၁၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးဝါးဝယ်ယူဖြန့်ဖြူးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်နယ်၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ဆေးရုံအုပ်များ၊ စီမံချက်မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဆေးဝယ်ယူမှု၊ သိုလှောင်မှု၊ ဖြည့်ဆည်းမှုနှင့် သုံးစွဲမှုလုပ်ငန်းစဉ် တစ်ခုလုံးကို ယခုထက်ပိုမိုပီပြင်စွာဖြင့် ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသော ဆေးဝါးများကို အချိန်မီတတ်နိုင်သမျှ အခမဲ့ရစေရေးနှင့် ယခုလာမည့် (၂၀၁၈-၂၀၁၉)ခု၊ ပထမ ခြောက်လ ဘဏ္ဍာနှစ်တွင် ဝယ်ယူမည့်ဆေးဝါးများ စနစ်တကျဝယ်ယူပြီး အလေအလွင့်မရှိစေရန် ဆောင်ရွက်၍ ပြည်သူများအတွက် အသုံးပြုနိုင်ရေးနှင့် ပတ်သက်၍ ဤအစည်းအဝေးအား ခေါ်ယူရခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် မြောင်းမြမြို့ငြိမ်းချမ်းရေးစကားဝိုင်းတွင် ဖြေကြားချက်များအပေါ် မပြည့်စုံမှုများရှိခဲ့သဖြင့် ပြန်လည်သုံးသပ်မှုများပြုလုပ်ပြီး ယခုအစည်းအဝေးကို အခွင့်အလမ်းတစ်ခုအဖြစ် အသုံးပြု၍ မိမိတို့၏ ဆေးဝါးဝယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူး၊ သုံးစွဲမှုစနစ်အား ယခုထက် ပိုမိုပီပြင်ထိရောက်သောစနစ်တစ်ခုအဖြစ် ပေါ်ပေါက်လာစေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**အားနည်းချက်ကို အမြန်ဆုံးပြုပြင်**

ဆေးဝါးဝယ်ယူဖြန့်ဖြူးသုံးစွဲမှုစနစ်အပါအဝင် မည်သည့်စနစ်ပင်ဖြစ်စေ လုံးဝပြည့်စုံ အပြစ်ကင်းစင်သောစနစ်တစ်ခုဖြစ်ရန် အလွန်ခက်ခဲပါကြောင်း၊ သို့သော်လည်း လက်ရှိဖြစ်ပေါ်နေသော အခြေအနေ အချိန်အခါနှင့် လိုအပ်ချက်များပေါ်မူတည်၍ လက်ရှိကျင့်သုံးနေသော စနစ်သည် ကိုက်ညီမှု ရှိ၊ မရှိ၊ သင့်တော်မှု ရှိ၊ မရှိ ပြန်လည်သုံးသပ်၍ ဆွေးနွေးကြရန် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူဘက်မှ အမြဲတမ်းကြည့်၍ ပြည်သူဘက်မှ ရပ်တည်ဆုံးဖြတ် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အားနည်းချက်များရှိလျှင် ၎င်းအားနည်းချက်ကို အမြန်ဆုံးပြုပြင်၍ ပြည်သူကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးတွင် အပြီးသတ်ဆုံးဖြတ်ချက်များ တစ်ပါတည်းအပြီးသတ်ဆုံးဖြတ်ချမှတ်ခြင်းထက် အဓိကဆောင်ရွက်ရန်လိုအပ်သည့်ကဏ္ဍများကို ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ပြီး ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာ၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ၊ ပစ္စည်းသိုလှောင်ဖြန့်ဖြူးမှုဆိုင်ရာ၊ လူနာများ၏ လိုအပ်ချက်နှင့် အခမဲ့ပေးနိုင်သည့် အခြေအနေ၊ မိမိဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်ရသည့် ပကတိမြေပြင်အခြေအနေ စသည့် အချက်များကို အဖွဲ့ငယ်များဖွဲ့စည်း၍ အသေးစိတ် ထပ်မံဝိုင်းဝန်းဆွေးနွေးကာ ထွက်ပေါ်လာသည့် ရလဒ်များပေါ်မူတည်၍ မိမိတို့၏စနစ်ကို အလေအလွင့်နည်းပါးပြီး ယခုထက်ပိုမိုထိရောက်စွာဖြင့် ပြည်သူများ၏ အိတ်ကပ်ထဲမှ ငွေကြေးစိုက်ထုတ်ကုန်ကျရမှု သက်သာစေရေးအတွက် ပြင်ဆင်သင့်သည်များကို ပြင်ဆင်ရမည်ဖြစ်ပါကြောင်း။

ဤစနစ် ပိုမိုထိရောက်စေရန်အတွက် အဓိကကျသော ဆေးရုံဆေးမှတ်တမ်းထိန်းစနစ်၊ ဆေးသိုလှောင်ရုံမှတ်တမ်းထိန်းစနစ်နှင့် ဆေးရုံသတင်းအချက်အလက်စနစ်များကို ကွန်ပျူတာများအသုံးပြု၍ ယခုထက် ပိုမိုမှန်ကန်တိကျပြီး အချိန်နှင့်တစ်ပြေးညီရရှိနိုင်ရေး ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

**ထပ်မံအားဖြည့်ဆောင်ရွက်သွားမည်**

မိမိတို့အစိုးရလက်ထက်တွင် ဝန်ကြီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး)ဦးဆောင်သော ဌာနခွဲတစ်ခုကို ဖွင့်လှစ်၍ နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်သော တင်ဒါဝယ်ယူရေး လမ်းညွှန်ချက်များအတိုင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခင်ကထက် အလေအလွင့်နည်းပါးစွာဖြင့် ဝယ်ယူဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအခါ အဆိုပါဌာနခွဲအား ထပ်မံအားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့် ဆေးဝါးများဝယ်ယူသုံးစွဲနေရသည်ဆိုခြင်းနှင့် ပတ်သက်၍ ဆေးရုံများတွင် မရှိမဖြစ်အသုံးပြုရမည့် ဆေးဝါးစာရင်းပါ ဆေးဝါးများကို အခမဲ့ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အကြောင်းတစ်ခုခုကြောင့် ၎င်းဆေးဝါးများ သက်ဆိုင်ရာဆေးရုံသို့ အချိန်မီ မရောက်ရှိနိုင်သည့်အခါတွင်လည်းကောင်း၊ ဆေးဝါးပြတ်လပ်သည့်အခါတွင် လည်းကောင်း၊ ၎င်းဆေးဝါးများကို အခမဲ့ထောက်ပံ့မပေးနိုင်သည့်အခါလည်း ရှိနိုင်ကြောင်း၊ Branded ဆေးဝါးများအပါအဝင် တင်ဒါမှဝယ်ယူ၍ အခမဲ့ပေးနိုင်ခြင်းမရှိသော ဆေးဝါးများကို ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝစွာ ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် ဆေးရုံကြီးများတွင် ဆေးရုံအထောက်အကူပြုအဖွဲ့မှ ကြီးကြပ်သော ဆေးဆိုင်များ ဖွင့်လှစ်ထားရှိနိုင်ရေးအတွက် ညွှန်ကြားပြီးဖြစ်၍ ဆေးရုံကြီးတော်တော်များများတွင် အဆိုပါဆေးဆိုင်များ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း။

**ကျန်းမာရေးအဆင့်အတန်း မြင့်မားလာရေးကြိုးပမ်း**

တစ်ဖက်မှ ဆေးဝါးဝယ်ယူဖြန့်ဖြူးသုံးစွဲမှုစနစ်ကြီး ပိုမိုကောင်းမွန်ထိရောက်လာစေရေး ဆောင်ရွက်သကဲ့သို့ တစ်ဖက်မှ ပြည်သူ့ကျန်းမာရေးကဏ္ဍကို မြှင့်တင်၍ ကူးစက်၊ မကူးစက်တတ်သောရောဂါများ၊ ထိခိုက်ဒဏ်ရာရရှိခြင်းများ လျော့နည်းကျဆင်းစေရန် ဆောင်ရွက်၍ ပြည်သူများ၏ကျန်းမာရေးအဆင့်အတန်း ယခုထက် ပိုမိုမြင့်မားလာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး) ဒေါက်တာဝင်းနိုင်တို့က ဆေးဝါးဝယ်ယူဖြန့်ဖြူးရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကွင်းကောက်ဒေသရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**အင်္ဂပူ မေ ၁၈**

ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ကွင်းကောက် (မြောက်)ကျေးရွာအုပ်စုရှိ မြတ်ဓမ္မရောင်ခြည် သာသနာ့ဗိမာန်တော်တွင် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်းပေးအပ်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က အားပေးစကား ပြောကြားခဲ့ပြီး တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးက ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများကို ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ ကယ်ဆယ်ရေးပစ္စည်းပေးအပ်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင်နှင့် ဌာနဆိုင်ရာများ၊ ရပ်၊ ကျေး အုပ်ချုပ်ရေးမှူးနှင့် လေဘေးသင့် ပြည်သူများ တက်ရောက်ခဲ့သည်။

အင်္ဂပူမြို့နယ် ကွင်းကောက်ဒေသအတွင်းရှိ ကျေးရွာအုပ်စု ကိုးအုပ်စု၊ ကျေးရွာပေါင်း ၃၅ ရွာတို့တွင် မေ ၁၇ ရက် ညနေပိုင်းက လေပြင်းများတိုက်ခတ်ပြီး မိုးရွာသွန်းမှု ကြောင့် ဘုန်းကြီးကျောင်း ငါးကျောင်း၊ စာသင်ကျောင်း နှစ်ကျောင်း၊ အိမ်ခြေပေါင်း ၂၉၈ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ



**နေပြည်တော် ဧပြီ ၁၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ (၁၃)ကြိမ်မြောက် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါ ဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမှူးပြုသော ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး နေပြည်တော် ပျဉ်းမနားမြို့ မြို့မစမ်းမြိုင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသိဒ္ဓိဗလထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကာ အန္တရာယ်ကင်းပရိတ်တရားတော်နှင့် အနန္တရာယိက ကမ္မဝါစာများ နာယူကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် နေပြည်တော် ပျဉ်းမနားမြို့ မြို့မစမ်းမြိုင် ဆရာတော်ဘဒ္ဒန္တသိဒ္ဓိဗလထံမှ ပရိသတ်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၏ အသက်(၇၅)နှစ်အထက် ဘိုးဘွားများနှင့် ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်တို့မှ အဘိုးအဘွားများ စုစုပေါင်း ၅၉ ဦးတို့အား တစ်ဦးလျှင် အလှူငွေကျပ် ၅၀၀၀၀ စီနှင့် ကန်တော့ပူဇာပစ္စည်းများကို ပေးအပ်လှူဒါန်း ကန်တော့ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ နှစ်သစ်ကူးအလှူအဖြစ် အကျဉ်းထောင်စခန်းတို့သို့ စားသောက်ဖွယ်ရာနှင့်ပစ္စည်းများ လှူဒါန်း

**တောင်ကြီး ဧပြီ ၁၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် နှစ်သစ်ကူးအလှူ မင်္ဂလာအနေဖြင့် ညောင်ရွှေအကျဉ်းထောင်စခန်းတို့ရှိ အကျဉ်းသား၊ အကျဉ်းသူများအား စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကို ဧပြီ ၁၈ ရက် နံနက် ၉ နာရီက တောင်ကြီးခရိုင် ညောင်ရွှေအကျဉ်းထောင်စခန်း၌ ကျင်းပခဲ့သည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွန်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းတို့က နှစ်သစ်ကူးမင်္ဂလာနှုတ်ခွန်းဆက် အားပေးစကားပြောကြားပေးခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွန်းနှင့်ဇနီး ဒေါ်နန်းရွှေမြင့်တို့က ငါးနီခြောက်ကြော်အထုပ်အား အကျဉ်းသား၊ အကျဉ်းသူများ ပေးအပ်၍လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က ငါးပိထောင်းဘူးအား အကျဉ်းသား၊ အကျဉ်းသူများပေးအပ်၍ လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်တို့က သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာများကို လည်းကောင်း၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်းက သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာများ



ကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကို တစ်ဦးစီ ပေးအပ်ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွန်းနှင့်အတူ ဝန်ကြီးများက အကျဉ်းထောင်အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ ညောင်ရွှေအကျဉ်းထောင်တွင် လိုအပ်လျက်ရှိသော စက်ပစ္စည်းများ၊ လက်သမား (ပန်းရန်ပစ္စည်းများ)၊ ဆံသပစ္စည်းများ၊ အပ်ချုပ်စက်နှင့် အနားလိုက်စက်၊ ဇာထိုးပန်းထိုးစက်၊ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် ကလေးကစားစရာပစ္စည်းများ လိုအပ်လျက်ရှိကြောင်း သိရသည်။ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်းနှင့် ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်တို့က လိုအပ်လျက်ရှိသော အပ်ချုပ်စက်လေးလုံးကို ထောက်ပံ့ပေးခဲ့သည်။ ရှမ်းပြည်နယ်အတွင်းရှိ တောင်လေးလုံးအကျဉ်းထောင်၊ ညောင်ရွှေအကျဉ်းထောင်၊ ထီးခန်းအကျဉ်းထောင်၊ ဘန်းကန်အကျဉ်းထောင်၊ လားရှိုးအကျဉ်းထောင်၊ သီပေါအကျဉ်းထောင်၊ ဟိုခိုအကျဉ်းထောင်၊ ကုန်စံအကျဉ်းထောင်၊ ကြူအင်းအကျဉ်းထောင်၊ လွင်ကြီးအကျဉ်းထောင်၊ ဂယ်လောင်းအကျဉ်းထောင်၊ ကျိုင်းတုံအကျဉ်းထောင်၊ မိုင်းဆတ်အကျဉ်းထောင်တို့တွင် လိုအပ်ချက်များရှိနေသည့်အတွက် အလှူရှင်များ ပါဝင်လှူဒါန်းထောက်ပံ့နိုင်ပါကြောင်းနှင့် အကျဉ်းထောင်အသီးသီးတွင် ကူညီပေးနိုင်ရန် မေတ္တာရပ်ခံအပ်ပါသည်ဟု သိရှိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ဘားအံမြို့ပေါ်ရှိ အသက် ၁၀၀ နှစ်နှင့်အထက် ဘိုးဘွားများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ အိမ်တိုင်ရာရောက်သွားရောက်ကန်တော့



**ဘားအံ ဧပြီ ၁၈**

မြန်မာတိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာတစ်ခုဖြစ်သည့် အသက်အရွယ်ကြီးရင့်သူ အဘိုး အဘွားများအား နှစ်သစ်ကူးကာလ အခါသမယတွင် ပူဇော်ကန်တော့ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်နှင့်အညီ ဧပြီ ၁၈ ရက် ညနေပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဘားအံမြို့ပေါ်ရှိ အသက် ၁၀၀ နှစ်နှင့် အထက် အဘိုး အဘွားများအား လှူဖွယ်ပစ္စည်း၊ ကန်တော့ငွေများဖြင့် အိမ်တိုင် ရာရောက်သွားရောက်၍ ကန်တော့ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ဘားအံမြို့ အမှတ် ၄ ရပ်ကွက် မြမြင့်မိုရ် ၁ လမ်းမှ အဘွား ဒေါ်မသောင်း အသက် ၁၀၁ နှစ်၊ သုခနေလမ်းမှ အဘွား ဒေါ်သိန်းမြိုင် အသက် ၁၀၁ နှစ်၊ အမှတ် ၁ ရပ်ကွက် မြိုင်သဇင်ရပ် လှာကမြင်လမ်းနေ အဘိုး ဦးဝင်းမောင် အသက် ၁၀၀ နှစ်၊ အမှတ် ၉ ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးမှ အဘွား ဒေါ်မမေ အသက် ၁၀၀ နှစ်တို့အား အိမ်တိုင်ရာရောက် သွားရောက်၍ ဂါရဝပြုနှုတ်ဆက်စကားများ ပြောကြားကာ ဘိုးဘွားများအား လှူဒါန်းငွေများ၊ ခွန်အားဖြစ်စေသည့် အာဟာရ ဖြည့်စွက်အစားအစာများနှင့် ဆေးဝါးများအား လှူဒါန်းကန်တော့ကြရာ အဘိုး အဘွားများက ဆုံးမသြဝါဒစကားများ ပြောကြားပြီး အသက်ရှည်၍ အနာမဲ့ကြောင်း၊ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး၊ ပြည်နယ်အကျိုးကို ထမ်းပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းများပြန်လည်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မူဆယ်မြို့နယ်၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**မူဆယ် ဧပြီ ၁၈**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ်အတွင်းရှိ အသက် ၈၀ နှစ်အထက် သက်ကြီးအဘိုး အဘွား ၂၂၅ ဦးအား လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များမှ စုပေါင်း၍ ကျင်းပသော သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီခွဲက မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။ **(ဝဲပုံ)**

ပူဇော်ပွဲအခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား စတင်ဖွင့်လှစ်ပြီး ကန်တော့ခံသက်ကြီး အဘိုး အဘွားများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်အလှူရှင်များက ငွေကျပ်သိန်း ၁၁၇ ဒသမ ၁၀ တန်ဖိုးရှိ ငွေသားနှင့် လှူဖွယ်ပစ္စည်းများအား ပေးအပ်လှူဒါန်း ပူဇော်ကန်တော့ခဲ့သည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က ကန်တော့ခံ အဘိုးအဘွားများအား မုဒိတာစိတ်ထားတောင်းပန်စကား ပန်ကြားပြီး ကန်တော့ခံ အဘိုးအဘွားများကိုယ်စား အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့ကလည်း ကျေးဇူးတင်ဆုပေးစကား ပြန်လည်ပြောကြားခဲ့သည်။

မူဆယ်မြို့နယ်၏ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် မွန်းလွဲ ၃ နာရီတွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ မဟာသကြ်န်ဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# မင်္ဂလာမှုတွေနဲ့ ကူးပြောင်းခြင်းကို အစပြုလိုက်ကြပါစို့

ဆောမျိုးနွယ်

လူတွေကပြောင်းလဲခြင်းဆိုတာကို ထာဝစဉ်လိုလားကြပါတယ်။ မျက်စိ၊ နား၊ နှာခေါင်း ၊ လျှာ၊ ကိုယ် ၊ စိတ်ဆိုတဲ့အာရုံခြောက်ပါးနဲ့ပဲ ယှဉ်ကြည့်လိုက်တာနဲ့တင် သိနိုင်ပါတယ်။

**အချိန်နှင့်အမျှ လိုလားနေတဲ့ ပြောင်းလဲခြင်း**

အရောင်အသွေးလေးတွေပြောင်းနေမှ ပသာဒကျတတ်ကြတယ်။ အနိမ့်အမြင့် အချိုအချဉ် သံစဉ်ပြောင်းနေမှ နားဝင်ချိုတယ်။ ချို၊ ချဉ်၊ ဖန်၊ စပ် ၊ ငန်၊ ခါး အရသာလေးတွေပြောင်းနေမှ လျှာမှာငြိတယ် ထင်တတ်ကြတယ်။ အထိအတွေ့မှာ ရွေ့လျားမှုလေးတွေပါမှ စွဲမက်တတ်ကြတယ်။ အဝေးလည်းသွား၊ အနီးလည်းလည်၊ ဂူအောင်းခြင်းလည်း ရှိတယ်ဆိုတဲ့ စိတ်ရဲ့ပြောင်းလဲခြင်းကိုတော့ မျောက်တစ်ကောင်ရဲ့စရိုက်နဲ့တောင် နှိုင်းယှဉ်ကြလေ့ရှိပါတယ်။ ဒါတွေကိုကြည့်ရင် သက်ရှိလောကထဲက လူသားတစ်ဦးချင်းစီရဲ့အချိန်နဲ့အမျှ လိုလားနေတဲ့ ပြောင်းလဲခြင်းတွေပါပဲ။

သဘာဝတရားအရလည်း ပြောင်းလဲခြင်းကို ရပ်တန့်မထားနိုင်ပြန်ပါဘူး။ ပြောင်းလဲနေတဲ့ ရာသီစက်ဝန်းမှာ အဟောင်းကို မချန်ခဲ့ချင်ပေမယ့် ကျန်ခဲ့ကြမှာပါ။

**တောင်းဆုခြွေခဲ့ကြပြီးဖြစ်**

အသစ်ကို မကြိုဆိုပေမယ့်လည်း အချိန်တန်ရင် မျက်မှောက်ကို မလွဲမသွေရောက်လာကြမြဲပါ။ ဒါကြောင့် ဤလောကအတွင်း၌ ပြောင်းလဲခြင်းမရှိသော အမှန်တရားသည် ထာဝစဉ်ပြောင်းလဲနေသည့်နိယာမတရားပင်ဖြစ်၏လို့ ဆိုကြပါတယ်။ အဲဒီနိယာမတွေသဘောသဘာဝတွေနဲ့ပဲ နှစ်ဟောင်းကျန်ခဲ့လို့ နှစ်သစ်ကို ရောက်ခဲ့ပြန်ပါပြီ။ ကူးပြောင်းခဲ့ကြပြီ။ ပြောင်းလဲခဲ့ ပြန်ပါပြီ။

ဒီလို အကူးအပြောင်းအတွက် မတိုင်မီတစ်လကျော်ကတည်းက ကြိုတင်ပြင်ဆင်ခဲ့ကြပါတယ်။ ရေသဘင်ပွဲနဲ့အတူ အဆိုအကတွေ၊ အလှူဒါနတွေ၊ ကောင်းမှုကုသိုလ်တွေနဲ့ ကြိုဆိုခဲ့ကြပါတယ်။ နှစ်သစ်အတွက် ကမ္ဘာကြီးငြိမ်းချမ်းပါစေ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ အေးချမ်းသာယာပါစေ၊ တိုင်းသူပြည်သားတွေအားလုံး စီးပွားဥစ္စာတွေ တိုးတက်ကြပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေဆိုတဲ့ နှစ်သစ်အတွက် ဆုမွန်ကောင်းတွေကို သင်္ကြန်မဏ္ဍပ်တွေပေါ်ကနေတစ်မျိုး၊ မဟာပထဝီမြေကြီးပေါ်ကနေတစ်ဖုံ နေရာစုံကနေ တောင်းဆုခြွေခဲ့ကြပြီးဖြစ်ပါတယ်။

သင်္ကြန်ရေနဲ့ ဆေးကြောခဲ့ကြတဲ့ အညစ်အကြေးတွေ တကယ်ရော နှစ်ဟောင်းမှာ ကျန်ရစ်ခဲ့ပြီလား။ ဆုမွန်ကောင်းတောင်းခဲ့ကြတဲ့အတိုင်းရော နှစ်သစ်မှာ ပြည့်စုံလာပါမည်လော။ ကူးပြောင်းခြင်းနဲ့အတူ ပြောင်းလဲခြင်းကို ထာဝစဉ်လိုလားပါသည်ဆိုသော လူတို့က ဘာတွေကို ပြောင်းလဲကြမှာပါလဲ။ ကူးပြောင်းခြင်းကာလမှာ နှစ်သစ်အတွက်ကြိုဆိုဆုမွန်ကောင်းတောင်းခဲ့ကြတာ အားလုံးဟာ ကမ္ဘာကြီးအတွက်၊ မြန်မာပြည်ကြီးအတွက်၊ လူသားအားလုံးအတွက်၊ မြန်မာတွေအားလုံးအတွက် မင်္ဂလာစကား အမှန်များချည်း ဖြစ်ပါတယ်။ အတွေးအခေါ်နဲ့ စကားမှန်သမျှဟာ သဘောတရားသက်သက်မျှသာ ဖြစ်ပါတယ်။ လက်တွေ့မပါတဲ့ သဘောတရားသည်အမြုံသာဖြစ်၍ သဘောတရားမရှိသော လက်တွေ့သည် အရူးပင်ဖြစ်၏လို့ လူကြီးသူမတွေပြောခဲ့ကြတာကို သတိရနေမိပါသေးတယ်။

> **“လူတွေအနေနဲ့ ပြောင်းလဲခြင်းတစ်ခုကို ဆောင်ရွက်ကြရာမှာ အထိမ်းအမှတ်အနေနဲ့ ထင်ရှားတဲ့နေ့တွေမှာ အစပြုဆောင်ရွက်ကြလေ့ရှိပါတယ်၊ ဥပမာအနေနဲ့ ပြောရရင် ဝါဝင်ရက်ကို အစထားပြီး အရက်ဖြတ်လိုက်တာမျိုး၊ မွေးနေ့ကို အစပြုပြီး ကောင်းမှုတစ်ခုကို ဝတ်မပျက်ဆောင်ရွက်နေတာမျိုး၊ နေရာဌာနအသစ်တစ်ခုကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်တဲ့အခါမှာ အသုံးအဆောင်သစ်သစ်လွင်လွင်တွေနဲ့ စတင်လိုက်တာမျိုးတို့လိုပါ၊ အထိမ်းအမှတ်နဲ့ ပြောင်းလဲလိုက်တော့ ကိုယ်ပြောင်းလဲခဲ့တဲ့ ကာလကို အလွယ်မှတ်မိဂုဏ်ယူနိုင်တာမို့ ကောင်းမြတ်သင့်တော်တဲ့ ပြောင်းလဲခြင်းလို့ ဆိုနိုင်”**

**ပြောင်းလဲပစ်ဖို့လို**

ဒါကြောင့် နှစ်သစ်ကူးမင်္ဂလာစကားတွေ တကယ်ဖြစ်လာအောင် လက်တွေ့ပါမှဖြစ်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဘယ်လိုလက်တွေ့လဲ ဆိုတာကိုတော့ အထူးပြောဖို့လိုမယ်မထင်ပါ။ တစ်ဦးချင်းစီရဲ့အသိတရားနဲ့ပြောင်းလဲ လုပ်ကိုင်မှုလို့ ယေဘုယျပြောရင် လုံလောက်မယ်ထင်ပါတယ်။ ပြောင်းလဲမှုဆိုရာမှာ လက်ရှိကို အကုန်ပြောင်းဖို့မလိုပါဘူး။ မင်္ဂလာတရားနဲ့ ကိုက်ညီနေတဲ့အချက်တွေကို ဆက်လက်စွဲကိုင်ပြီး မင်္ဂလာတရားနဲ့ ဆန့်ကျင်နေတာတွေကိုသာ ပြောင်းလဲပစ်ဖို့ လိုမှာပါ။

ဘယ်အချက်တွေက မင်္ဂလာတရားနဲ့ ကိုက်ညီတယ်၊ ဆန့်ကျင်နေတယ်ဆိုတာကိုတော့ (၃၈) ဖြာမင်္ဂလာနဲ့ ချိန်ထိုးကြည့်ရင် သိနိုင်ပါတယ်။ အဲဒါကိုပဲ အတိုချုံ့ကြည့်ရင် ပေါင်းသင်းဆက်ဆံရေး၊ နေထိုင်ရေး၊ သင်ကြားရေး၊ ပြုစုရေး၊ လိုက်နာကျင့်သုံးရေး၊ ရှောင်ကြဉ်ရေး၊ စိတ်ထားရေး၊ သည်းခံရေး၊ ခြိုးခြံရေးနဲ့ စိတ်ထားခိုင်ခံ့ရေးဆိုတဲ့ အချက် ၁၀ ချက်အဖြစ် တွေ့ရပါမယ်။ အဲဒီအချက်တွေအားလုံးကိုကြည့်ရင် သူတစ်ပါးက လာလုပ်ပေးလို့မရဘဲ ကိုယ်တိုင်လုပ်မှရမယ့် အချက်တွေချည်းဖြစ်ကြောင်း တွေ့ရ မှာပါ။ ဆိုလိုတာက မင်္ဂလာတရားနဲ့ မကိုက်ညီတဲ့အချက်တွေကို ကိုယ်တိုင်ပြောင်းလဲမှ ရမယ်ဆိုတာပါပဲ။

ဒီနေရာမှာ စာစောကပြောခဲ့တဲ့ သဘောတရားနဲ့ လက်တွေ့ပေါင်းစပ်ဖို့ လိုတယ်ဆိုတာကို မင်္ဂလာတရားနဲ့ တိုက်ဆိုင်ပြီး တစ်ချက်နှစ်ချက်လောက် ဆွေးနွေးလိုပါတယ်။ ပေါင်းသင်းဆက်ဆံရေးမှာ လူမိုက်ကိုရှောင်ဖို့၊ ပညာရှိကိုဆည်းကပ်ဖို့ ဆိုတာမှာ “သင့်မှာ မိတ်ဆွေကောင်း တစ်ထောင်ရှိရင်တောင် နည်းလုပါသေးတယ်။ ရန်သူတစ်ယောက်မျှရှိနေရင်တော့ များလှပါပြီ”၊ “လူမိုက်နှင့် ပေါင်းသင်းဆက်ဆံမိသူဟာ အကျိုးတစ်စုံတစ်ရာမျှကိုသာ ထိခိုက်စေသည်မဟုတ်၊ အလုံးစုံပျက်သုဉ်းရေးသို့ ဦးတည်နေ၏”၊ “ပညာရှိ မိတ်ဆွေကောင်းနှင့် စုံဖက်ရခြင်းသည် အကျိုးတစ်စုံတစ်ရာမျှကိုသာ ရစေသည်မဟုတ် အလုံးစုံသောကောင်းကျိုးကို ဖြစ်စေ၏”ဆိုတဲ့ သဘောတရားတွေအတိုင်း လူမိုက်ကိုရှောင်၊ လူကောင်းကိုပေါင်းဆိုတဲ့ လက်တွေ့ပါရပါမယ်။ ကျန်တဲ့ အချက်တွေအတွက်လည်း ဒီအတိုင်းပါပဲ။ မကိုက်ညီတာတွေကို တတ်နိုင်သလောက် ပြောင်းလဲပစ်ဖို့ လိုတာပါ။

**လက်တွေ့ကျကျ အစပြုသင့်တဲ့ ကာလ**

လူတွေအနေနဲ့ ပြောင်းလဲခြင်းတစ်ခုကို ဆောင်ရွက်ကြရာမှာ အထိမ်းအမှတ်အနေနဲ့ထင်ရှားတဲ့နေ့တွေမှာ အစပြုဆောင်ရွက်ကြလေ့ရှိပါတယ်။ ဥပမာအနေနဲ့ ပြောရရင် ဝါဝင်ရက်ကို အစထားပြီး အရက်ဖြတ်လိုက်တာမျိုး၊ မွေးနေ့ကို အစပြုပြီး ကောင်းမှုတစ်ခုကို ဝတ်မပျက်ဆောင်ရွက်နေတာမျိုး၊ နေရာဌာနအသစ်တစ်ခုကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်တဲ့အခါမှာ အသုံးအဆောင်သစ်သစ်လွင်လွင်တွေနဲ့ စတင်လိုက်တာမျိုးတို့လိုပါ။ အထိမ်းအမှတ်နဲ့ ပြောင်းလဲလိုက်တော့ ကိုယ်ပြောင်းလဲခဲ့တဲ့ ကာလကို အလွယ်မှတ်မိဂုဏ်ယူနိုင်တာမို့ ကောင်းမြတ်သင့်တော်တဲ့ ပြောင်းလဲခြင်းလို့ ဆိုနိုင်ပါတယ်။ အခုလို နှစ်ဦးကို ကူးပြောင်းစအချိန်ကတော့ မြန်မာတွေအတွက် ပြောင်းလဲခြင်းကို အထိမ်းအမှတ်အနေနဲ့ လက်တွေ့ကျကျအစပြုသင့်တဲ့ ကာလ တစ်ခုလို့ ထင်မြင်မိပါတယ်။

လက်တွေ့ကျကျဆိုရာမှာ အတွေးအခေါ်တွေ၊ အယူအဆတွေလည်း ပါပါတယ်။ လူတွေဟာ ကိုယ့်အတွေးနဲ့ ကိုယ်မှန်တယ်လို့ ယူဆတာတွေကို လုပ်ဆောင်ကြတာ များပါတယ်။ မှားတာကို မှန်တယ်ထင်၊ မှန်တာကို မှားတယ်ထင်ရင်းကနေ မှားတဲ့ဘက် ရောက်မှန်းမသိ ရောက်ကုန်ကြတာပါ။ ဒေါသကြောင့် ဆင်ခြင်တုံ တရားလွတ်ပြီး ရာဇဝတ်မှုတစ်ခုကို ကျူးလွန်တဲ့သူကတောင် သူလုပ်တာမှန်တယ်လို့ ယူဆနေဦးမယ်ထင်ပါတယ်။ ဒါပေမယ့် ဘယ်ဟာကမှန်တယ်၊ ဘယ်ဟာကမှားတယ်ဆိုတာတွေကို နီတိတွေ၊ ကျင့်ဝတ်တွေ၊ စည်းကမ်းတွေ၊ ဥပဒေတွေက သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ပြောင်းလဲတယ်ဆိုတဲ့နေရာမှာ စိတ်ပိုင်းဆိုင်ရာ မှားယွင်းအားနည်းနေတဲ့အချက်တွေကိုလည်း ပြုပြင်ကြရမှာပါ။

ဒီလိုမှမဟုတ်ရင် လူတွေရဲ့စိတ်ဓာတ်တွေနဲ့ လုပ်ရပ်တွေဟာ နှစ်ဟောင်းမှာပဲ ကျန်နေခဲ့သလို၊ အဟောင်းတွေနဲ့ပဲ ဆက်လက်ရှင်သန်နေတဲ့သဘောလို ဖြစ်ပါလိမ့်မယ်။နှစ်သစ်ကို ကြိုဆိုခဲ့ကြတယ်ဆိုတာတွေကလည်း အပျော်တစ်ခုကိုပဲ ဦးတည်ပြီး အဲဒီအပျော်မှာပဲ ဂိတ်ဆုံးသွားရတယ်။ ဘာမှထူးမလာဘူးလို့ ဆိုရတော့မလို ဖြစ်နေပါလိမ့်မယ်။ လူတွေပြောခဲ့ကြတဲ့နှစ်သစ်ကူးဆုတောင်းတွေကလည်း အချိန်ကာလ အပေါ်မူတည်ပြီးထွက်ပေါ်လာတဲ့ စကားတွေအဖြစ်သာ ကြားခဲ့ရတဲ့သဘောဖြစ်ကုန်ပါလိမ့်မယ်။

ဒါကြောင့်အချုပ်အားဖြင့်ပြောရမယ်ဆိုရင် ကူးပြောင်းခြင်း ကာလကို နိုင်ငံအနှံ့အပြားက မြန်မာတွေ စောင့်မျှော်ခဲ့ကြသလို၊ အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြသလို၊ နှစ်သစ်ကို ကူးပြောင်းခြင်းနဲ့ ကြိုဆိုခဲ့ကြသလို၊ ရောက်ရှိလာမယ့်နှစ်သစ်ကိုလည်း မင်္ဂလာရှိတဲ့နှစ်တစ်နှစ်ဖြစ်စေဖို့ နှစ်သစ်ဆုမွန်တောင်းစကားတွေဆိုခဲ့ကြပါတယ်။ ရောက်ရှိလာပြီဖြစ်တဲ့ နှစ်သစ်ကို မင်္ဂလာနှစ်ဖြစ်စေဖို့၊ ဆုတောင်းစကားတွေ ပြည့်စေဖို့ကတော့ မြန်မာပြည်သားတစ်ဦးချင်းစီက သဘောတရားနဲ့ လက်တွေ့ကောင်းတွေပေါင်းပြီး ပြောင်းသင့်တဲ့အချက်တွေကို ကိုယ်စီပြောင်းယူရမှာပါ။ အဲဒီကောင်းမြတ်တဲ့ပြောင်းလဲခြင်းကိုလည်း ကူးပြောင်းခြင်းအစ နှစ်သစ်ဦးမှာပဲ အထိမ်းအမှတ်တစ်ခုအနေနဲ့ အစပြုလိုက်ကြရအောင်လားဗျာ။ ॥

---

## ပြည်နယ်အစိုးရအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ ဘာသာရေးကျောင်းများသို့ အလှူငွေများ ဆက်ကပ်လှူဒါန်း

**မြစ်ကြီးနား ဧပြီ ၁၈**

မြန်မာနှစ်သစ်ကူးအခါသမယ၌ ကုသိုလ်ကောင်းမှုအဖြစ် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်အသင်းတော် ဘုရားကျောင်းများသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်နှင့် ဇနီး ဒေါက်တာ ဂျကော့ဘူတို့သည် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများနှင့်အတူ ဧပြီ ၁၈ ရက်က အလှူငွေများ သွားရောက်လှူဒါန်းပေးကြပြီး နှစ်သစ်ကူးဆုတောင်းမေတ္တာပို့သမှုများ ခံယူကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညိုကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နဝကမ္မအလှူငွေကျပ် ၁၅ သိန်းကို ဆရာတော်ထံ ပေးအပ်လှူဒါန်းကာ နှစ်သစ်ဆုတောင်းမေတ္တာပို့သမှုကို ခံယူကြပြီး ရှမ်းစုတောင်ရပ်ကွက်ရှိ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (KBC) ရုံး၌ အဖွဲ့ချုပ်အတွင်းရေးမှူး၊ သိက္ခာတော်ရ ဆရာတော်များနှင့် တွေ့ဆုံပြီး အလှူငွေကျပ် ၁၅ သိန်းကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး နှစ်သစ်ဆုမွန်ကောင်းချီးမင်္ဂလာများ ခံယူခဲ့ကြသည်။

ယင်းနောက် ကျွန်းပင်သာယာ ပရဟိတဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေကျပ် ၁၅ သိန်း၊ အောင်နန်းရပ်ကွက် ကက်သလစ်အသင်းတော် မြစ်ကြီးနားဂိုဏ်းအုပ် သာသာနာစိန်ကိုလန်ဘန်ကာသီဒြယ်၌ အသင်းတော်အတွက် အလှူငွေကျပ် ၁၅ သိန်း၊ အံတော်ရှင်ကျောင်းတိုက်အတွက် အလှူငွေကျပ် ၁၀ သိန်း၊ ယုဇနရပ်ကွက် ကျောင်းထိုင်ဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေကျပ် ၁၅ သိန်းနှင့် ခေမာသီရိရပ်ကွက် ခေမာသီဝံကျောင်းတိုက်အတွက် အလှူငွေကျပ် ၁၅ သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက မြေမြင့်ရပ်ကွက် ကချင်မူရင်းနှစ်ခြင်းအသင်းတော်နှင့် ခရစ်တော်၏ အသင်းတော်ဘုရားကျောင်းများအတွက် အလှူငွေကျပ် ၁၀ သိန်းစီနှင့် တပ်ကုန်းရပ်ကွက်ရှိ ဇဝံဂေလိအသင်းတော် ဘုရားကျောင်းနှင့် သီတာရပ်ကွက်ရှိ အင်္ဂလိကန်အသင်းတော် ဘုရားကျောင်းတို့အတွက် အလှူငွေကျပ် ၁၀ သိန်းစီကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

---

## သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနား ကျင်းပ

**ရမည်းသင်း ဧပြီ ၁၈**

ရမည်းသင်းမြို့ပေါ်ရပ်ကွက်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွား ၁၄၃ ဦးတို့အား အလှူငွေ ပစ္စည်းများစုပေါင်းလှူဒါန်းကန်တော့ပွဲအခမ်းအနားကို ဧပြီ ၁၈ ရက် (နှစ်ဆန်းတစ်ရက်) က ရန်အောင်မြင်သာသနာ့ဗိမာန်၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် ဦးအောင်မျိုးဦး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညို၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့မိမြို့ဖများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

အဘိုးအဘွားများအား တက်ရောက်လာသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များက ကန်တော့ပစ္စည်း အလှူငွေများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။ **တင်ဦး (ရမည်းသင်း)**

---

## ဥတုရာသီ၊ တောကိုမှီ၏

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဘာလင်စွမ်းအင်အပြောင်းအလဲဆိုင်ရာ ဆွေးနွေးပွဲ-၂၀၁၈ အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဧပြီ ၁၈**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်း၌ ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပသည့် Berlin Energy Transition Dialogue 2018 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

**နှုတ်ခွန်းဆက်စကားများ ပြောကြား**

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ဂျာမနီနိုင်ငံ ဖက်ဒရယ်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဟဲကိုမားစ်နှင့် ဖက်ဒရယ်စီးပွားရေးရာနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး မစ္စတာ ပီတာအော့လ်မေယာ တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

**ပါဝင်ဆွေးနွေး**

ထို့နောက် ဖွင့်ပွဲအပြီးအစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့မှ တက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် စွမ်းအင်ဖူလုံရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်များဖြင့် ဖြည့်ဆည်းရေးခေါင်းစဉ်ဖြင့် ကျင်းပသော ဝန်ကြီးအဆင့်ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ပါဝင်ဆွေးနွေးစဉ်။ သတင်းစဉ်

# ဂန့်ဂေါမြို့၌ နှစ်သစ်ကူး သက်ကြီးပူဇော်ပွဲကျင်းပ

**ဂန့်ဂေါ ဧပြီ ၁၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ အသက် ၈၀ နှင့်အထက် အဘိုးအဘွား ၄၀ ကို မြန်မာတို့၏ ရိုးရာအစဉ်အလာဖြစ်သည့် နှစ်သစ်ကူး သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၈ နာရီက ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

အဆိုပါ သက်ကြီးပူဇော်ကန်တော့ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ ခရိုင် အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်နှင့် ခရိုင် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်နေပြည်သူများ လာရောက်ကန်တော့ကြသည်။

ကန်တော့ခံ သက်ကြီးဘိုးဘွား ၄၀ အား တစ်ဦးလျှင် ငွေကျပ် ၃၁၀၀၀ နှင့် အားဆေး၊ လိမ်းဆေး၊ ဆပ်ပြာတောင့်များဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**သတင်း-ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဝင်းကို**



# မလှိုင်မြို့ ရွှေမြင်တင်စေတီ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**မလှိုင် ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ ရှစ်မျက်နှာပရိယတ္တိစာသင်တိုက်အတွင်းရှိ ရွှေမြင်တင်စေတီ (၃၆) ကြိမ်မြောက် နေ့ည အသံမစဲ အနန္တနယ သမန မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်၍ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီက အဆိုပါကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မလှိုင်မြို့ လေးမျက်နှာပရိယတ္တိစာသင်တိုက်၊ ရှစ်မျက်နှာ ပရိယတ္တိစာသင်တိုက်နှင့် ဓမ္မိကာရာမ အပ္ပမာဒ ဓမ္မရိပ်သာကျောင်းတော်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကဥ္စနက ငါးပါးသီလချီးမြှင့်ပေးပြီး ဩဝါဒကထာ မိန့်ကြားတော်မူသည်။

ထို့နောက် ရွှေမြင်တင် ပဋ္ဌာန်းဝတ်အသင်းသားဖြစ်သူ ဥပါသကာ ဦးစိန်မောင်က ရောင်ခြည်တော်ဖွင့် ဘုရားပင့်ဂါထာတော်ဖြင့် မြတ်စွာဘုရားအား ပင့်ဆောင်တော်မူပြီး ဥပါသကာ ဦးထိန်ဝင်းက နတ်ပြဟ္မာများအား ပင့်ဖိတ်တော်မူခဲ့သည်။

**ဖွင့်လှစ်ပေး**

ယင်းနောက် ကြွရောက်လာကြသော ဝတ်အသင်းသူ၊ အသင်းသားများက ပဋ္ဌာန်းအမေးအဖြေ ကဗျာများရွတ်ဆိုခဲ့ကြပြီး ရှစ်မျက်နှာ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်က မဟာပဋ္ဌာန်းကျမ်းမြတ်ကို စတင်ရွတ်ဖတ်ပူဇော်၍ နေ့ည အသံမစဲပဋ္ဌာန်းပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

**အောင်ဌေး(မလှိုင်)**

# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် အမာမြို့၌ ဘုရားစေတီများ ရေသပ္ပာယ်

**အမာ ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့တွင် ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း ၁ ရက်နေ့၌ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ နှစ်ဦးဆွမ်းကပ်လှူခြင်း၊ ဘုရားစေတီများ ရေသပ္ပာယ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဆိုခြင်းအစရှိသော ကုသိုလ်ကောင်းမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

နံနက်ပိုင်းတွင် အမာမြို့ရှိ ဘုန်းတော်ကြီးကျောင်း လေးကျောင်းစလုံး ဥပုသ်သီလ ဆောက်တည်သူများနှင့် စည်ကားနေခဲ့ပြီး နေ့ဆွမ်းကို နှစ်ဦးဆွမ်းအဖြစ် အမာမြို့ နယ်မြေရဲစခန်း မိသားစုများမှ လှူဒါန်းခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် အမာမြို့ရှိ ဘုရားစေတီပုထိုးများကို နှစ်ဟောင်းအညစ်အကြေးများ ဆေးကြောသောအားဖြင့် ရေသပ္ပာယ်ခြင်းကို အမာမြို့ လူငယ်များ၊ သံဃာများမှပြုလုပ်ခဲ့ကြပြီး အမာမြို့နေရာအနှံ့ လမ်းဆုံလမ်းခွများတွင် အန္တရာယ်ကင်း ပရိတ်များနာကြားခဲ့ကာ မြန်မာနှစ်ဆန်း ၁ ရက်နေ့ တစ်နေ့လုံး ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြကြောင်း သိရှိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

# နှစ်သစ်ဆုတောင်းစကားများ



**ဒေါက်တာသက်သက်ဇင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်)**

နှစ်တစ်နှစ်ကုန်ဆုံးသွားတာ နှစ်ဟောင်းကနေ နှစ်သစ်ကူးပြောင်းနေတာဟာ လောကရဲ့နိယာမတရားတစ်ခု ဖြစ်ပါတယ်။ ယခုအခါသည် နှစ်ဟောင်းဖြစ်တဲ့ ၁၃၇၉ ခုနှစ်က နှစ်သစ် ၁၃၈၀ ပြည့်နှစ်သို့ ကူးပြောင်းသွားတဲ့ အခါသမယဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့လည်း နှစ်တွေပြောင်းလဲတာနဲ့အမျှ တိုးတက်မှုတွေနဲ့အတူ ပြောင်းလဲလာခဲ့ပါတယ်။ စိန်ခေါ်မှုတွေ အများကြီးရှိခဲ့ပေမယ့်လည်း ကျော်လွှားပြီး လျှောက်လှမ်းလာနိုင်ခဲ့ပါတယ်။ သို့အတွက် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းတွေမှာ အမျိုးသမီးတွေလည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ပြီး ပါဝင်လာနိုင်စေဖို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေနဲ့လည်း အမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်တွေ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုနှစ်သစ်မှာလည်း နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးသဖြင့် မြန်မာနိုင်ငံလူဦးရေရဲ့ ထက်ဝက်ကျော်တဲ့ အမျိုးသမီးထုကြီးအတွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နဲ့ ကျေးရွာစတဲ့ အဆင့်ဆင့်သော ဒေသရှိ အမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်အောင် တပ်အားသမျှ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ နှစ်သစ်အခါသမယမှာ အမျိုးသမီးထုကြီးတစ်ရပ်လုံးနဲ့တကွ ပြည်သူ၊ ပြည်သားတွေ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေ၊ ကောင်းကျိုးအဖြာဖြာ ပြည့်စုံပါစေလို့ ဆုမွန်တောင်းအပ်ပါတယ်။

**ဦးရဲမင်းအောင်**

**(ဒုတိယဥက္ကဋ္ဌ၊ UMFCCI)**



မြန်မာ့လူဦးရေ အများစုက လယ်ယာသားငါးကဏ္ဍမှာ ပါဝင်လုပ်ကိုင်ကြပါတယ်။ မြန်မာနှစ်သစ်ကူးအချိန်ကာလမှာ ကျေးလက်နေတောင်သူလယ်သမားများအပါအဝင် ပြည်သူတွေအားလုံးပျော်ရွှင်စေဖို့၊ ငြိမ်းချမ်းစေဖို့၊ ဘေးအန္တရာယ်တွေ ကင်းဝေးစေဖို့ ဆန္ဒပြုပါတယ်။ ပြီးခဲ့တဲ့နှစ်က ဆန်စပါးနဲ့ ရေလုပ်ငန်းကဏ္ဍတို့ရဲ့ ပြည်ပတင်ပို့မှုက စံချိန်တင် တိုးတက်ခဲ့ပါတယ်။ အရေအတွက်တိုးတက်မှုကနေ အရည်အသွေး တန်ဖိုးတွေပါ တိုးတက်ရရှိစေဖို့နဲ့ ပြီးခဲ့တဲ့နှစ်ရဲ့ အောင်မြင်မှုတွေကိုအခြေခံပြီး ယခုနှစ်မှာ ဆန်စပါးအပါအဝင် လယ်ယာပို့ကုန်တွေ ဆက်လက်တိုးတက် တင်ပို့ရောင်းချနိုင်ဖို့ အစိုးရ၊ လယ်ယာလုပ်ငန်းလုပ်ကိုင်သူနဲ့ တောင်သူများ တက်ညီလက်ညီ နားလည်မှုရှိရှိနဲ့ ဆက်ပြီးကြိုးပမ်းရမှာဖြစ်ပါတယ်။

**ဦးမင်းဟန် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း)**

မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ယနေ့မှာကျရောက်တဲ့ မြန်မာ့နှစ်သစ်ကူးအချိန်အခါမှစ၍ ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ လူမှုစီးပွားဘဝတိုးတက်မြင့်မားပါစေ။ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ပြီး အေးချမ်းသာယာတဲ့ဘဝတွေကို ပိုင်ဆိုင်နိုင်ကြပါစေ။ တရားဥပဒေရဲ့အကာအကွယ်ကို အပြည့်အဝခံစားနိုင်ကြပါစေ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်လုပ်ဆောင်နိုင်တဲ့ နိုင်ငံ့သားကောင်းတွေ ဖြစ်ကြပါစေကြောင်း မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းမှ နှစ်သစ်မင်္ဂလာဆုမွန်ကောင်း တောင်းအပ်ပါတယ်။



**ဦးဖြိုးဝေရာဇာ (အုပ်ချုပ်မှုဒါရိုက်တာ၊ DIETHELM TRAVEL)**



မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်ကို ကူးပြောင်းတဲ့အခါသမယမှာ မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ နှစ်သစ်ကို ဖြတ်သန်းအသက်ရှင် နေထိုင်ကြရာမှာ နှစ်ဟောင်းမှာ ရရှိခဲ့ကြတဲ့ အတွေ့အကြုံများကို ကောင်းမွန်စွာ အသုံးချပြီး ပိုမိုတိုးတက်ကောင်းမွန်တဲ့ အခြေအနေများကို စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစတဲ့ကဏ္ဍအသီးသီးမှာ ပြည်သူများရဲ့ပေါင်းစုအားနဲ့ အောင်မြင်စွာ ဝိုင်းဝန်းဖော်ဆောင် နိုင်ကြပါစေရန်လည်း ဆန္ဒပြုအပ်ပါတယ်။ ။

# ပုလောမြို့နယ် ကမ္ဘာလှတောင် ပါဒစက်တော်ရာ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကျင်းပ ဘုရားဖူးများစည်ကား



**ပုလော မေ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်ရှိ ကမ္ဘာလှတောင် ပါဒစက်တော်ရာ၌ (၁၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကို မေ ၁၈ ရက် နံနက်ပိုင်းက တောင်ခြေရှိ မုခ်ဦး၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြိတ်မြို့မှ လှည်းဘီးပရိယတ္တိစာသင်တိုက် ဆရာတော်၊ ကံသာစာသင်တိုက် ဆရာတော်၊ ရွှေကျောင်း ပရိယတ္တိစာသင်တိုက်ဆရာတော်၊ ပုလောမြို့နယ်မှ အရှေ့ကျောင်းတိုက်ဆရာတော်နှင့် ရှပ်ပုံကျောင်းကြီး ဆရာတော်တို့က ကမ္ဘာလှတောင်ပါဒ စက်တော်ရာ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ကမ္ဘာလှတောင် ပါဒစက်တော်ရာ ဘုရားသည် ပုလောမြို့မှ ၁၈ မိုင်အကွာ ကြဲကျေးရွာအုပ်စု စက်တော်ရာကျေးရွာအတွင်း ထားဝယ်-ပုလော-မြိတ် ပြည်ထောင်စု ကားလမ်းမကြီးဘေးတွင် ရှိပြီး တောင်ပေါ်သို့ ခြေကျင်တောင်တက်လမ်းဖြင့် ၁ မိုင် ၄ ဖာလုံ၊ ကားလမ်းဖြင့် ၂ မိုင် ၆ ဖာလုံရှိကြောင်း၊ ကမ္ဘာလှတောင် ပါဒစက်တော်ရာ ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် မြန်မာနှစ်ဆန်း ၂ ရက်နေ့မှစတင်၍ ၁၅ ရက်တိုင်တိုင် ကျင်းပကာ ယခုနှစ်တွင် ပွဲတော်ကျင်းပသည်မှာ (၁၄၉)ကြိမ်မြောက်ဖြစ်ပြီး ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# လောကဓာတုမုနိစေတီတော်မြတ် ထီးတော်တင်လှူပွဲနှင့် ဝိမလာရာမကျောင်းတိုက် ရေစက်ချအလှူတော်ပြုလုပ်နိုင်ရန် မြေနေရာရှင်း

**မိုးညှင်း မေ ၁၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မော်ဟဲကျေးရွာ လောကဓာတုမုနိစေတီတော်မြတ် ထီးတော်တင်လှူပွဲနှင့် ဘုန်းတော်ကြီးကျောင်းရေစက်ချ အလှူတော်မင်္ဂလာ ကျင်းပရန် မေ ၁၈ ရက် နံနက် ၈ နာရီက အဆိုပါ ဘုန်းတော်ကြီးကျောင်း အရှေ့ဘက်ဘုရားရင်ပြင် ဘုရားတောင်တက်လမ်း ပွဲခင်းမြေနေရာများကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူငယ်များက လူအား၊ စက်အားဖြင့် စုပေါင်းရှင်းလင်းဆောင်ရွက်ကြသည်။

အဆိုပါ မော်ဟဲကျေးရွာ၏ လောကဓာတုမုနိစေတီတော်မှာ ဉာဏ်တော် ၄၅ ပေ၊ ရင်ပြင်အကျယ်ပတ်လည် ပေ ၁၀၀၊ အရံစေတီတော် ၁၂၀ ဆူဖြစ်ပြီး စေတီတော်လိုဏ်ဂူအတွင်း၌ လေးမျက်နှာဘုရားနှင့် အဝင်မုခ်လေးမုခ်ရှိသော စေတီတော်ဖြစ်ကြောင်း၊ ဝိမလာရာမ ဘုန်းတော်ကြီးကျောင်းဆောင်သစ်ကြီးအား စုပေါင်းလှူဒါန်း ရေစက်ချမင်္ဂလာပွဲတို့ကို မေ ၂၈ ရက်မှ ၃၀ ရက်အထိ မန္တလေးအောင်ချမ်းဝင်း ဇာတ်သဘင်ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**

# လေဘေးသင့်အိမ်ထောင်စုများအား ပစ္စည်းနှင့်ငွေများ ထောက်ပံ့



**ပေါင်းတည် မေ ၁၈**

ပြည်ခရိုင် ပေါင်းတည်မြို့၌ မေ ၁၆ ရက် ညနေ ၅ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုလဲ၍ အမိုးလန်ပျက်စီးဆုံးရှုံးသွားသည့် မဲခေါင်းကျေးရွာအုပ်စု၊ ကြာနီကန်ကျေးရွာအုပ်စု၊ ထန်းတပင်ကျေးရွာအုပ်စုနှင့် ဘိုးသာအောင်ကုန်းကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများမှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ခြင်းကို မေ ၁၈ ရက် ညနေ ၄ နာရီခွဲက ရှားပေါင်ရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လေဘေးသင့် သဘာဝဘေးဒဏ်ခံခဲ့ကြရသော ဒေသခံပြည်သူများကို နှစ်သိမ့်အားပေးစကားပြောကာ ပြိုလဲအိမ် ၃၄ လုံး၊ အမိုးလန်အိမ် ၄၉၉ လုံး၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ ဓမ္မာရုံတစ်ခုနှင့် သေဆုံးသူတစ်ဦး၊ ထိခိုက်ဒဏ်ရာရရှိပြီး ဆေးကုသခံနေသူတစ်ဦးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ငွေအပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့်လူသုံးကုန်ပစ္စည်း ၁၄ မျိုး၊ အိမ်ဖိုး၊ ဆန်ဖိုး စုစုပေါင်း ငွေကျပ် ၃၁၆၅၉၂၀၀ ကို ပေးအပ်ခဲ့သည်။ **(ယာပုံ)**

အခမ်းအနားသို့ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးချို၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦး၊ ခရိုင်၊ မြို့နယ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် NLD ပါတီဥက္ကဋ္ဌနှင့် ပါတီဝင်များနှင့် ဒေသခံပြည်သူ ၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**တင်ဝင်းဇော်(ပေါင်းတည်)**

# ကသာ-ထီးချိုင့် အမှတ် ၃ ကားလမ်းရှိ သွေးကျောက်ချောင်းတံတား ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်အတွင်း ပြီးစီးနိုင်ရေး ဆောက်လုပ်လျက်ရှိ

**စစ်ကိုင်း မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာ-ထီးချိုင့် အမှတ် ၃ ကားလမ်းမပေါ်ရှိ သွေးကျောက်ချောင်းကူး ကွန်ကရစ်တံတားကို စစ်ကိုင်းတိုင်းဒေသကြီး ရန်ပုံငွေကျပ် ၁၅၄ ဒသမ ၈၉၅၉ သန်းဖြင့် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်နှစ်အတွင်း ပြီးစီးနိုင်ရေး ဆောက်လုပ်လျက်ရှိသည်။



အဆိုပါ ကျေးရွာချင်းဆက် သွေးကျောက်ချောင်းကူးတံတားကို အရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ချဉ်းကပ်လမ်းတစ်ဖက်လျှင် ပေ ၁၀၀၀ ဖြင့် တံတားတည်ဆောက်ရေးအဖွဲ့ ၂ နှင့် ကသာမြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ လမ်းပိုင်း၌ နွေမိုးဆောင်း ရာသီမရွေး သွားလာနိုင်ရန် ကွန်ကရစ်တံတားတည်ဆောက်နေရာ ပြီးစီးပါက ဆီသယ်ယာဉ်များနှင့် သစ်တင်ယာဉ်ကြီးများ မိုးတွင်းကာလတွင် မြို့တွင်းဖြတ်သန်းမောင်းနှင်ရန် မလိုတော့ဘဲသွားလာနိုင်မည်ဖြစ်ကြောင်း၊ လာမည့်ဘတ်ဂျက်နှစ်တွင်လည်း ကသာမြို့ရှောင်လမ်း လေးမိုင် ၁၈ ပေ အကျယ် ကတ္တရာလမ်းခင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၏ ပြောကြားချက်အရ သိရသည်။

**ငွေအိုး(ကသာ)**






# ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် လွတ်မြောက်ခွင့်ရသည့် အကျဉ်းသားများအား အကျဉ်းထောင်များမှ ပြန်လည်လွှတ်ပေး

**တနသ်ာရီ**

နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် အမိန့်ဖြင့် ဧပြီ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု ထုံခါးကျေးရွာရှိ ဆင်ဖြူရှင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းမှ အကျဉ်းသား ၉၂ ဦးကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်ကြောင်း သိရသည်။

ထိုသို့ လွတ်ငြိမ်းသက်သာခွင့်ပြုရာတွင် ဆင်ဖြူရှင်စခန်း ရှင်းလင်းဆောင်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး စောမောင်၊ ဆင်ဖြူရှင်စခန်းတာဝန်ခံ ဦးအောင်မင်းတို့က လွတ်ငြိမ်းခွင့်ရသူများနှင့် တွေ့ဆုံပြီး ဆုံးမအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်ဖြူရှင်စခန်းတွင် ပုဒ်မ (၁၅)မှ လွတ်မြောက်သူ ကိုးဦး၊ မူးယစ်ဆေးဝါး ပုဒ်မ ၁၆(ဂ)မှ ၅၅ ဦး၊ မူးယစ် ပုဒ်မ ၁၅/၁၆(ဂ)မှ ရှစ်ဦး၊ တပ်မတော်အက်မှ လွတ်မြောက်သူ ၂၀ စုစုပေါင်း ၉၂ ဦးတို့ကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပြီး လွတ်မြောက်သူများ၏ လုပ်အားခငွေကျပ် ၉၉၆၄၀၀ ကို ဆင်ဖြူရှင်စခန်း တာဝန်ခံ ဦးအောင်မင်းက တစ်ဦးချင်းထံသို့ ထောင်ပုံစံ(၃၂)ဖြင့် ပေးအပ်ခဲ့ကြောင်း **(အောက်ပုံ)** သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



**မော်လမြိုင်**

မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အထက်လမ်းမကြီးရှိ ကျိုက်မရောအကျဉ်းထောင်(မော်လမြိုင်)၌ ဧပြီ ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် လွတ်မြောက်သူများအား ပြန်လည်စေလွှတ်သည့် အခမ်းအနားပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုံးမစကားပြောကြားကြပြီး အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ချိုက အကျဉ်းသားတစ်ဦးချင်းကို ထောင်ထွက်လက်မှတ်နှင့် လမ်းစရိတ်ငွေ ပေးအပ်ခဲ့သည်။

အလားတူ မွန်ပြည်နယ်အတွင်းရှိ သထုံအကျဉ်းထောင်မှ အကျဉ်းသား ၁၃ ဦး၊ အဂ်ပူစိုက်ပျိုးမွေးမြူရေးစခန်းမှ အကျဉ်းသား ၉၄ ဦး၊ မုပ္ပလင်ကုန်ထုတ်စခန်းမှ အကျဉ်းသား ၄၆ ဦးနှင့် အကျဉ်းသူ ၆၀၊ တောင်စွန်းကုန်ထုတ်စခန်းမှ အကျဉ်းသား ၄၂ ဦး၊ ဇင်းကျိုက်ကုန်ထုတ်စခန်းမှ အကျဉ်းသား ၅၄ ဦး၊ ရင်းငြိမ်ကုန်ထုတ်စခန်းမှ အကျဉ်းသား ၅၈ ဦးနှင့် အင်းဖြောင်ကုန်ထုတ်စခန်းမှ အကျဉ်းသား ၁၁၆ ဦး စုစုပေါင်း ၅၉၉ ဦးတို့ လွတ်ငြိမ်းသက်သာခွင့် ရရှိ၍ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွဋ် (မော်လမြိုင်)**

**မြစ်ကြီးနား**

ကချင်ပြည်နယ်လုံးတွင် မြစ်ကြီးနားထောင်၊ ဗန်းမော်ထောင်၊ မိုးညှင်းထောင်၊ ပူတာအိုထောင်နှင့် မလိခ(ပိတောင်)စခန်းမှ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၁၀၀၀ ခန့်ကို ဧပြီ ၁၇ ရက် နံနက်က နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့် ရရှိခဲ့ကြောင်း မြစ်ကြီးနားအကျဉ်းဦးစီးဌာနမှ သိရသည်။

မြစ်ကြီးနားအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၄၇၀၊ ဗန်းမော်ထောင်မှ ၁၄၇ ဦး၊ မိုးညှင်းထောင်မှ ၂၀၁ ဦး၊ ပူတာအိုထောင်မှ ၃၁ ဦးနှင့် မလိခ(ပိတောင်) စခန်းမှ ၉၂ ဦး စုစုပေါင်း ၉၄၁ ဦး လွတ်ငြိမ်းသက်သာခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါလွတ်ငြိမ်းသက်သာခွင့်ကို အသက် ၈၀ နှင့်အထက်၊ အသက် ၇၅ မှ ၈၀၊ နာမကျန်း၊ AAPP(နိုင်ငံရေးအကျဉ်းသား)၊ မူးယစ်-၁၅ (မူးယစ်ဆေးဝါးသုံးစွဲသူ)၊ မူးယစ်-၁၆(မူးယစ်ဆေးဝါးလက်ဝယ် တွေ့ရှိသူ)၊ မူးယစ်-၁၅/၁၆(မူးယစ်ဆေးဝါးသုံးစွဲသူလက်ဝယ်တွေ့ရှိသူ)၊ တပ်မတော်အက်(တပ်မတော် ပြစ်ဒဏ်ကျခံရသူ)၊ ရဲစည်းကမ်းအက်(ရဲပြစ်ဒဏ်ကျခံရသူ)စသည့် ပြစ်မှုကိုးမျိုးမှ အကျဉ်းသား၊ အကျဉ်းသူများကိုသာ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

**ညောင်ဦး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ကို ဧပြီ ၁၇ ရက်က ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်အရ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အကျဉ်းထောင်မှ အကျဉ်းသား ၃၆ ဦး၊ အကျဉ်းသူတစ်ဦး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၃၇ ဦး လွတ်ငြိမ်းသက်သာခွင့် ရရှိခဲ့ကြောင်း ညောင်ဦးမြို့နယ် အကျဉ်းဦးစီးဌာနရုံးမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# လွတ်ငြိမ်းသက်သာခွင့်ဖြင့် လွတ်မြောက်လာသူအချို့၏ ဝမ်းမြောက်ပီတိစကားသံများ

**ရန်ကုန် ဧပြီ ၁၈**

မြန်မာနှစ်သစ်ကူးအခါသမယ အထိမ်းအမှတ်အဖြစ် လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း၊ အကျဉ်းထောင်၊ စခန်း အသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူ ၈၄၉၀ ကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်ရာ ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ လွတ်မြောက်လာသူအချို့ကို သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

“ကျွန်တော်တို့ လွတ်မယ်ဆိုတာ ဧပြီ ၁၇ ရက်နေ့ မနက်မှ သိရတာပါ၊ ထောင်ကျတာက တစ်နှစ်ပါ၊ ခုလို လွှတ်ပေးတဲ့အတွက် သမ္မတကြီးကို ကျေးဇူးတင်ပါတယ်” ဟု ပြစ်ဒဏ်မှ ပြန်လည်လွတ်မြောက်လာသူတစ်ဦး ဖြစ်သည့် ကိုစိုးညီညီအောင်က ပြောသည်။

“ကျွန်တော်က စစ်ပြေးနဲ့ကျတာပါ၊ ထောင်ထဲမှာ နှစ်လလောက်နေလိုက်ရတယ်၊ အခုလို လွှတ်ပေးလိုက်တဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်၊ ဝမ်းလည်းသာပါတယ်၊ အထဲမှာလည်းနေရတာ အဆင်ပြေပါတယ်” ဟု ပြစ်ဒဏ်မှ လွတ်ငြိမ်းသက်သာခွင့်ရသည့် ကိုသန်းဖြိုးနိုင်က ပြောသည်။

မူးယစ်ဆေးဝါးမှုဖြင့် ထောင်ဒဏ်ကျခံရာမှ လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသည့် ကိုကျော်မိုးဟိန်းက “ကျွန်တော်က မူးယစ်ဆေးဝါးမှုနဲ့ သုံးနှစ်ကျတာပါ၊ အထဲမှာ တစ်နှစ်နဲ့ သုံးလနေခဲ့ရပါတယ်၊ အခုလို လွတ်မြောက်လာတဲ့အတွက် နိုင်ငံတော်သမ္မတကြီးကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်၊ ထောင်ထဲမှာ အကြာကြီးမနေရဘဲ မြန်မြန်ဆန်ဆန်နဲ့ သူ့ရဲ့ကရုဏာတရားနဲ့ လွတ်မြောက်လာတဲ့အတွက် သမ္မတကြီးကျန်းမာပါစေလို့ ဆုတောင်းပေးပါတယ်၊ တခြားသူတွေကိုလည်း ကျွန်တော်တို့လို အမှားတွေလုပ်ပြီး ဒီထဲကို ရောက်မလာစေချင်ပါဘူး၊ ကျန်တဲ့သူတွေကိုလည်း ဒီလိုအမှားမျိုးတွေ မဖြစ်စေချင်ပါဘူး” ဟု ပြောသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ- ထိန်လင်း**



ရန်ကုန်မြို့အင်းစိန်အကျဉ်းထောင်ရှေ့၌ လွတ်ငြိမ်းသက်သာခွင့်ဖြင့်လွတ်မြောက်လာသူများကို လာရောက်ကြိုဆိုသူများအား တွေ့ရစဉ်။

# မန္တလေးကျုံးပတ်လည်၌ ပုဂ္ဂလိကငါးရောင်းသူများကြောင့် ငါးလုပ်ငန်းဦးစီးဌာနမှရောင်းချမှု ထက်ဝက်ခန့်လျော့နည်းခဲ့

**မန္တလေး ဧပြီ ၁၈**

မြန်မာတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်လှူဒါန်းနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန သရက်ကုန်းငါးလုပ်ငန်းစခန်းက မန္တလေးကျုံးဘေးတွင် ယခင်နှစ်မှစ၍ ငါးသားပေါက်များ လာရောက်ရောင်းချပေးခဲ့ရာ ယခင်နှစ်က အများအပြား ရောင်းချရသော်လည်း ယခုနှစ်တွင် ကျုံးပတ်လည်၌ ငါးသားပေါက်များ ပုဂ္ဂလိကလာရောက်ရောင်းချသူ များပြားလာခြင်းကြောင့် ငါးလုပ်ငန်းစခန်းအနေဖြင့် ငါးသားပေါက်ရောင်းချရမှုမှာ ယမန်နှစ်ကထက် ထက်ဝက်ခန့် လျော့နည်းခဲ့ကြောင်း အဆိုပါငါးလုပ်ငန်းစခန်းမှ ဦးစီးအရာရှိ ဦးဇော်မင်းနောင်ထံမှ သိရသည်။

သရက်ကုန်း ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်များကို ယမန်နှစ် နှစ်ဆန်း ၁ ရက်က ရောင်းချပေးခဲ့ရာတွင် ငါးကောင်ရေ နှစ်သိန်းကျော် ရောင်းချပေးနိုင်ခဲ့သော်လည်း ယခုနှစ်တွင် ကျုံးပတ်လည်၌ ပုဂ္ဂလိကငါးရောင်းချသူများ အဆမတန်များပြားလာသည့်အတွက် စခန်းအနေဖြင့် ငါးသားပေါက်ရောင်းချရမှု ထက်ဝက်ခန့် လျော့နည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“နှစ်ဆန်း ၁ ရက်နေ့မှာ ငါးသားပေါက်တွေ လာရောက်ရောင်းချပေးဖို့ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ကျွန်တော်တို့စခန်းကို



အကြောင်းကြား တောင်းဆိုချက်အရ ရောင်းချပေးခဲ့တယ်၊ မနှစ်ကတော့ ကျုံးပတ်လည်မှာ ငါးရောင်းတဲ့သူ ၅၅ ဦးခန့်ပဲ ရှိပေမယ့် ဒီနှစ်တော့ ၁၀၀ ကျော်ရှိတယ်၊ တကယ်ဆိုရင် အခုလိုရောင်းချနိုင်ဖို့ ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာနမှာ စုဆောင်း ရောင်းဝယ်ခွင့် လိုင်စင်ပြုလုပ်ပြီးမှ ရောင်းချခွင့်ရှိပါတယ်၊ ဒါပေမယ့် ဒီနှစ်မှာ စည်ပင်ကနေရာအတွက် အခကြေးငွေနဲ့ ခွင့်ပြုလိုက်တော့ သူသူကိုယ်ကိုယ် နေရာကြေးသွင်းပြီး ကြိုက်တဲ့နေရာမှာ လာရောက် ရောင်းချနေကြတယ်၊ ကျွန်တော်တို့ကတော့ သတ်မှတ်ထားတဲ့ ဥပဒေအတိုင်းပဲ လုပ်ကိုင်စေချင်တာပါ”ဟု ဦးစီးအရာရှိက ပြောသည်။

ယခုနှစ်တွင် သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း၊ ရောင်စုံငါးကြင်း၊ ရွှေဝါငါးကြင်းနှင့် ထိုင်ဝမ်ငါးခုံးမ စသည့် ငါးသားပေါက် အမျိုးအစားလေးမျိုးကို ရောင်းချပေးခဲ့ပြီး ငါးသားပေါက် အကောင်ရေ ၈၀ နှင့် ၁၀၀ ကြား ပါဝင်သည့် ပလတ်စတစ်အိတ် တစ်အိတ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လည်းကောင်း၊ ထို့ထက် အကောင်ရေ ပိုမိုပါဝင်သည့် အိတ်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် လည်းကောင်း ရောင်းချပေးကာ ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၆၆ လမ်းထောင့်နှင့် လမ်း ၇၀ နှင့် ၇၁ လမ်းကြားတို့တွင် လာရောက် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ငါးလွှတ်သူများအနေဖြင့် အသားစား ငါးအမျိုးအစားဖြစ်သည့် ငါးခူကို သဘာဝရေပြင်နှင့် ကျုံးအတွင်းသို့ ဘေးမဲ့လွှတ်ခြင်းမပြုကြရန် ငါးလုပ်ငန်းဦးစီးဌာနက တားမြစ်ထားပြီး အသိပညာပေးခြင်း လုပ်ငန်းများလည်း လုပ်ဆောင်လျက်ရှိကြောင်းနှင့် ငါးလွှတ် လှူဒါန်းသူများကလည်း ထိုတားမြစ်ချက်ကို လိုက်နာပေးစေလိုကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ပြည်သူများအား အသိပေးထားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လေပြင်းတိုက်ခတ်မှုကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကူညီထောက်ပံ့

**နေပြည်တော် မေ ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကျေးရွာအုပ်စုသုံးစု၌ မေ ၁၆ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှစ်လုံး ပြိုလဲပျက်စီးပြီး နေအိမ် ၁၅၄ လုံးနှင့် ဘုန်းတော်ကြီးကျောင်း ငါးကျောင်း အမိုးလန်ပျက်စီးခဲ့ရာ အိမ်ထောင်စု ၁၅၆ စုမှ လူဦးရေ ၆၀၁ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့သည့်အတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူးရုံး တာဝန်ရှိသူများက ယနေ့တွင် ဘေးသင့်ဒေသသို့ သွားရောက်၍ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကျောင်းဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေသားနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် စုစုပေါင်း ၇၃၈၆၆၄၄ ကျပ်အား ထောက်ပံ့ပေးခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ကျေးရွာအုပ်စုလေးစု၌ မေ ၁၆ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၃၄ လုံး ပြိုလဲပျက်စီးပြီး နေအိမ် ၄၉၉ လုံးနှင့် ဘုန်းတော်ကြီးကျောင်း လေးကျောင်း အမိုးလန်ပျက်စီးခဲ့ကာ အိမ်ထောင်စု ၅၃၃ စုမှ လူဦးရေ ၂၀၂၂ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့သဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး တာဝန်ရှိသူများက ယနေ့တွင် ဘေးသင့်ဒေသသို့ သွားရောက်၍ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကျောင်းဆောက်ပစ္စည်းဖိုး၊ သေဆုံးသူ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေသားနှင့် ပစ္စည်းတန်ဖိုးငွေကျပ် စုစုပေါင်း ၃၂၇၈၆၁၄၄ ကျပ်အား ထောက်ပံ့ပေးခဲ့သည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကျေးရွာအုပ်စု ခုနစ်စု၊ ကျေးရွာ ၁၅ ရွာ၌ မေ ၁၇ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှစ်လုံး ပြိုကျပျက်စီးခဲ့ပြီး နေအိမ် အလုံး ၄၀ အမိုးလန်ပျက်စီးခဲ့သဖြင့် အိမ်ထောင်စု ၄၂ စုမှ လူဦးရေ ၁၄၄ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ကြောင်း သတင်းရရှိမှုအရ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ဟင်္သာတခရိုင်ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများက ယနေ့တွင် ဘေးသင့်ဒေသသို့ သွားရောက်၍ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေသားနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် စုစုပေါင်း ၃၃၁၂၀၀၆ ကျပ် ထောက်ပံ့ပေးခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ကျေးရွာအုပ်စုသုံးစု၊ ကျေးရွာငါးရွာ၌ မေ ၁၅ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၅၆ လုံးနှင့် ဘာသာရေးအဆောက်အအုံ လေးလုံး အမိုးလန်ပျက်စီးခဲ့သဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ယနေ့တွင် အိမ်ဆောက်ပစ္စည်းဖိုး၊ ကျောင်းဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ငွေသားနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် စုစုပေါင်း ၆၅၆၉၄၈၀ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများအား ကယ်ဆယ်ရေးအဖွဲ့များက ကူညီရှင်းလင်းပေးစဉ်။





လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် နေအိမ်၊ အဆောက်အအုံများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# မြောင်းမြမြစ်ကူးဇက်ဆိပ်တွင် ခရီးသည်များ ပိုမိုများပြားလာသဖြင့် တပ်မတော်ကမ်းထိုးရေယာဉ်နှစ်စင်း အားဖြည့်ပြေးဆွဲပေး

**မြောင်းမြ မေ ၁၈**

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်အတွင်း မိမိနေရပ်ဒေသ ပြန်လာကြသူများ မြန်မာနှစ်ဆန်း ၂ ရက်နေ့ မေ ၁၈ ရက်၌ ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာကြရာ ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့် ပြန်ကြသူများ မြောင်းမြမြစ်ကူး ဇက်ဆိပ်၌ ဇက်ကူးခွင့်ရရန် စီတန်းစောင့်ဆိုင်းလျက် ရှိကြပြီး မော်တော်ယာဉ်များအား တပ်မတော်(ရေ)မှ ကမ်းထိုးရေယာဉ် ၁၇၀၃ နှင့် ၁၇၀၄ ရေယာဉ်နှစ်စင်း အားဖြည့် ပို့ဆောင်ပြေးဆွဲပေးလျက် ရှိကြောင်း သိရသည်။ **(ယာပုံ)**

"သင်္ကြန်တွင်းတစ်ခုလုံး ဇက်အဖွဲ့တွေနဲ့ ကျွန်တော်တို့ တာဝန်ရှိသူတွေ မနားတမ်း ဆောင်ရွက်ပေးနေပါတယ်၊ ဒီကနေ့လည်း ညနေအထိ ယာဉ်ကြီးယာဉ်ငယ် စုစုပေါင်း အစီးရေ ၁၆၀ တစ်ဖက်ကမ်းကို ပို့ဆောင်ပေးပြီးပါပြီ၊ ခါတိုင်း မနက် ၆ နာရီ ညနေ ၆ နာရီ ကူးပို့ပေးပေမယ့် ဒီကနေ့ မော်တော်ယာဉ်အစီးရေ အလွန်များတဲ့အတွက် ခရိုင်အုပ်ချုပ်ရေးမှူးရဲ့ ညွှန်ကြားမှုနဲ့ ည ၈ နာရီအထိ ကူးပို့ပေးမှာ ဖြစ်ပါတယ်၊ ဒီကနေ့ ယာဉ်အစီးရေ ၂၃၀ ကျော်လောက်တော့ ကူးပို့ပေးနိုင်မှာပါ"ဟု မြို့နယ်မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းမှု ကြီးကြပ်မှုကော်မတီ ဦးသန်းမြင့်က ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ရှိ မြောင်းမြမြစ်ကူးကြိုးတံတားကြီးသည် ၂၀၁၈ ခုနှစ် မေ ၁ ရက်က မြောင်းမြမြစ်အတွင်းသို့ ပြတ်ကျသွားမှု ဖြစ်စဉ်ကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားမှု မရှိစေရေးအတွက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ကူးတို့ရေယာဉ်များ ပြေးဆွဲဆောင်ရွက်လျက်ရှိရာ ကနဦးအနေဖြင့် မြောင်းမြမြို့တွင် ပိတ်မိနေသော မော်တော်ယာဉ်များကို မေ ၃ ရက်တွင် ဌာနပိုင်ဇက် ၁၁၂ ရေယာဉ်ဖြင့်လည်းကောင်း၊ ပြည်တွင်းရေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး အစီအစဉ်ဖြင့် တောသူမယ်ကူးတို့ယာဉ်နှင့် ဇက် ၁၀၇ ရေယာဉ် တို့ကို အားဖြည့်ဆောင်ရွက်ကာ လက်ရှိအချိန်ထိ ရေနယား-၂ဇက် ရေယာဉ်နှင့် တပ်မတော်ကမ်းထိုး ရေယာဉ် နှစ်စင်းတို့ ခရီးသွားလာသူများ အဆင်ပြေရေးနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေရေးအတွက် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**



## ရခိုင်ပြည်နယ်သတင်း

# မောင်တောမြို့ ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဒုတိယနေ့စည်ကား



**မောင်တော မေ ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် ဒုတိယနေ့ကို ယနေ့ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့နှင့် ဝန်းကျင်တစ်ဝိုက် မြူနှင်းများ ထူထပ်စွာကျဆင်းခဲ့ပြီး မိုးဖွဲများ ရွာချခဲ့သဖြင့် ဖျော်ဖြေရေးအစီအစဉ်များကို မွန်းလွဲပိုင်းမှသာ ပြန်လည်စတင်ခဲ့သော်လည်း ရန်ကုန်မြို့မှဖိတ်ကြားထားသော အနုပညာရှင်များ၊ ရခိုင်နာမည်ကြီး အဆိုတော်များ၊ ရေကစားသူများနှင့် သင်္ကြန်ချစ်ပရိသတ်များဖြင့် စည်ကားခဲ့သည်။

"ဒီဒေသရဲ့ ချစ်စရာဓလေ့လေးက မဟာသင်္ကြန်ရက်တွေမှာ ပျိုမေတွေ နံ့သာသွေးပြီး ရလာတဲ့ နံ့သာရည်တွေနဲ့ ဘုရားဆင်းတုတော်တွေကို ရေသပ္ပာယ်ပြီးမှ လူငယ်တွေ နှစ်ဆန်း ၁ ရက်နေ့မှသာ ရေကစားကြတဲ့အတွက် ပိုပြီးပျော်စရာကောင်းပါတယ်၊ သင်္ကြန်ရက်ကို ကြာကြာ ခံစားရသလိုပဲ၊ ပြီးခဲ့တဲ့ မတ်လက အသချေ်ရဲ့ခိုးလိုးခုလုစီးရီးနဲ့ဆို တေးစီးရီး နှစ်ခွေ ထုတ်ထားပါတယ်၊ အားပေးပါဦး နှစ်သစ်မှာ ပရိသတ်အားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုတောင်းပါတယ်"ဟု တေးသံရှင် ပြုံးအသချေ်က ပြောကြားသည်။

မောင်တောသင်္ကြန် ဒုတိယနေ့တွင် ဖိတ်ကြားထားသော မြန်မာတေးသံရှင်များနှင့် နာမည်ကြီး ရခိုင်တေးသံရှင်များက ပျော်ရွှင်စွာ သီဆိုဖျော်ဖြေခဲ့ကြသည်။

"စစ်တွေမှာ အားပါးတရဖျော်ဖြေပြီး ဒီမောင်တောမှာ ဆက်ပျော်တာပါ၊ မနှစ်ကထက် ဒီနှစ်သင်္ကြန် မောင်တောမှာ ပိုစည်ကားတာ တွေ့ရပါတယ်၊ ဒီလို ထူးထူးခြားခြား နှစ်ဆန်း ၁ ရက်မှသာ ကျင်းပတဲ့ပွဲလေးမို့ ပိုပျော်ပါတယ်၊ တေးစီးရီးအနေနဲ့ တစ်ကိုယ်တော်တစ်ခွေ၊ စုပေါင်းတစ်ခွေ ထုတ်ထားပါတယ်၊ အားလုံးနှစ်သစ်မှာ ပျော်ရွှင်နိုင်ပါစေ"ဟု ရခိုင်တေးသံရှင် ဝင်းကိုခိုင်က အမှတ်တရစကား ပြောကြားသည်။

မောင်တောမြို့ ဒေသတွင်းသင်္ကြန်ပွဲတော်ကို မြို့တွင်း၌သာမက မောင်တောမြို့ ကျေးလက်ဒေသများတွင်ပါ မိသားစု မဏ္ဍပ်များဆောက်၍ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့များဖြင့်သော်လည်းကောင်း ပျော်ရွှင်စွာ ဆင်နွှဲကြကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ**

**အောင်ကျော်ဦး၊တင်စိုး**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ လေဘေးသင့်ကျေးရွာများသို့သွားရောက်၍ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း နတ်တလင်းမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။

**နတ်တလင်း မေ ၁၈**

မေ ၁၆ ရက် ညနေ ၄ နာရီခွဲက တိုက်ခတ်ခဲ့သော လေပြင်းကြောင့် နေအိမ်အမိုးများ လန်ခြင်း၊ ပြုတ်ထွက်ခြင်း၊ ပြိုလဲခြင်းများ ဖြစ်ပွားခဲ့သော ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အရှေ့ဘက်ကျေးရွာများသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အဖွဲ့သည် မေ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက သွားရောက်၍ ကယ်ဆယ်ရေး ပစ္စည်းများ၊ စားသောက်ကုန်များနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် အတူ နတ်တလင်းမြို့နယ် လယ်သား ကျေးရွာအုပ်စု ဆည်ကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် လေဘေး သင့်ပြည်သူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာဝ ဘေးအန္တရာယ်ဖြစ်ပွားပြီး နောက်ပိုင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ပါတီစွဲ၊ ဘာသာစွဲများ မထားကြဘဲ စုစည်းညီညွတ်စွာ လုပ်ကိုင်ဆောင် ရွက်ခြင်းဖြင့် တိုင်းပြည်တိုးတက်ရေး အတွက် စုပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနတို့မှ ထောက်ပံ့သော လူသုံးကုန်ပစ္စည်းများ၊ ခေါက်ဆွဲခြောက် များ ထောက်ပံ့ငွေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျဉ်ပုံကျေးရွာအတွင်း လေပြင်းတိုက် ခတ်မှုကြောင့် ပျက်စီးသွားသည့် နေအိမ် များနှင့် စာသင်ကျောင်းတို့ကို ကြည့်ရှု စစ်ဆေးကြပြီး နတ်တလင်းမြို့နှင့် တစ်ချိန် တည်း လေပြင်းတိုက်ခတ်မှုဒဏ် ခံခဲ့ရ သော ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြာနီ ကန်ကျေးရွာအုပ်စု ရှားပေါင်ကျေးရွာသို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရ သည်။

**ဝင်းမြင့်(နတ်တလင်း)**

---

❖ *ကျောဖုံးမှ*

စပါးကျီ သုံးလုံး၊ စာသင်ကျောင်းတစ်ကျောင်းနှင့် မူကြိုကျောင်း တစ်ကျောင်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ စံပြ (၆)မိုင် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ များတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြီးများ ကြွေကျခြင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကျောက်ပန်းတောင်း

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်း မြို့နယ် အုံးမုံးရိုးကျေးရွာအုပ်စု ကန်နှစ်ဆင့်ကျေးရွာနှင့် ဖြိစင် အင်းကျေးရွာအုပ်စု ဖြိစင်အင်းကျေးရွာတို့တွင် မေ ၁၈ ရက် နံနက် ၂ နာရီခွဲက မိုးသက်လေပြင်းများ ကျရောက်သဖြင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် လူနေအိမ်အချို့အမိုး လန်ကာ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့၏ အရှေ့မြောက်ဘက် မိုင် ၃၀ ခန့် ကွာဝေးသော အုံးမုံးရိုးကျေးရွာအုပ်စု ကန်နှစ်ဆင့်ကျေးရွာတွင် မေ ၁၈ ရက် နံနက် ၂ နာရီခွဲကစတင်၍ မိုးသက်လေပြင်းများ ကျရောက်ခဲ့ရာ အဆိုပါကျေးရွာရှိ လူနေအိမ် ၁၅ လုံးနှင့် အုံးမုံးရိုး ကျေးရွာမှ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတို့ အမိုးအကာ များလန်ကာ ပျက်စီးမှုများ ဖြစ်ခဲ့သည်။

"မနက် ၂ နာရီခွဲလောက်မှာ မိုးသီးတွေကျ မိုးတွေရွာပြီး လူနေအိမ် ၁၅ လုံးနဲ့ အုံးမုံးရိုးရွာက ဘုန်းကြီးကျောင်း အမိုးတွေလန်ကုန်တယ်၊ ကျွန်တော့်အနေနဲ့တော့ ပျက်စီး ဆုံးရှုံးမှုစာရင်းတွေ အသေးစိတ်ကောက်ယူကာ မြို့နယ်ရုံးကို ပို့ထားပြီး လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးနေပါတယ်" ဟု အုံးမုံးရိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစံအေးက ပြော သည်။ အဆိုပါ ကန်နှစ်ဆင့်ကျေးရွာတွင် အိမ်ခြေပေါင်း ၉၇ အိမ်ရှိပြီး မိုးသက်လေပြင်းကြောင့် နေအိမ် ၁၅ လုံး အမိုးအကာ များလန်ကာ ပျက်စီးမှုများ ဖြစ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ယင်းနေ့ နံနက် ၃ နာရီကလည်း ဖြိစင်အင်းကျေးရွာ တွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် လူနေအိမ် လေးလုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကန်နှစ်ဆင့် ကျေးရွာနှင့် ဖြိစင်အင်းကျေးရွာတို့တွင် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ မြို့နယ်နှင့် ကျေးရွာ တာဝန် ရှိသူများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## ရေတာရှည်

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မေ ၁၇ ရက် ညနေပိုင်းက နေရာကွက်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လေပြင်းများတိုက်ခတ်ခဲ့ရာ ကွင်းကြီးကျေးရွာ ပတ်ဝန်းကျင်ရှိ ကွင်းအမှတ် ၆၂၆ တွင် တောင်သူ ၃၄ ဦး စိုက်ပျိုးထားသော ရင့်မှည့်နေသည့် နွေစပါးစိုက်ဧကပေါင်း ၁၂၄ ဧကမှာ မိုးသီးများ ထိမှန်မှုကြောင့် စပါးနှံများ ကြွေကုန်သဖြင့် တစ်ဧက ၁၀ တင်းပင် ထွက်ရှိတော့မည်မဟုတ်ကြောင်း ကွင်းကြီးကျေးရွာနေ တောင်သူများက ပြောကြားသည်။



လေပြင်းတိုက်ခတ်၍ မိုးသီးများကြွေကျမှုကြောင့် ပျက်စီးသွားသည့် ရေတာရှည်မြို့နယ်အတွင်းရှိ နေအိမ်အချို့ကို တွေ့ရစဉ်။
ဓာတ်ပုံ-ကိုလွင်(ဆွာ)

"စပါးဈေးကလည်းကောင်းတော့ စပါးပေါ်ရင်ဆိုတဲ့ စိတ် ကူးတွေ တောင်သူတိုင်းလိုလိုမှာ ရှိကြတယ်၊ အခုတော့ ပါးစပ်ဝ ရောက်မှ ပုတ်ချခံလိုက်ရသလို ဖြစ်သွားပြီဗျာ၊ လေတိုက်နှုန်းက လည်း တော်တော်ကြမ်းတယ်၊ အနောက်တောင်ဘက်ကနေ ဖြတ်တိုက်တာ၊ မိုးသီးတွေဆို တော်တော်ကြီးတယ်၊ အပြင် လည်း မထွက်ရဲဘူး၊ မှန်လိုက်ရင် မသက်သာဘူး၊ ဝက်ခြံ အမိုး တွေလန်ပြီး ဝက်တွေ မိုးသီးမှန်လို့ လန့်ပြီးထွက်ပြေးကုန်တာ၊ ဝက်လေးကောင်က တစ်ကောင်ပဲ ပြန်တွေ့သေးတယ်၊ သုံးကောင်ပျောက်နေတယ်"ဟု ကွင်းကြီးကျေးရွာနေ ကိုကျော် မိုးက ပြောသည်။

အလားတူ ထန်းကုန်းကျေးရွာနှင့် သပြေတန်းကျေးရွာ အကြားရှိ စပါးစိုက်ခင်းများနှင့် ကုန်းကြီးကျေးရွာနှင့် ဖြိုစုတ် ကျေးရွာအကြားရှိ စပါးစိုက်ခင်းများမှာ အခင်းလိုက်လဲကျကာ အနှံများရေမြုပ်ခြင်းနှင့် သီးလုံးများ ပြုတ်ကျသည့်အတွက် ထွက်နှုန်းများစွာ ကျဆင်းနိုင်ကြောင်း ဒေသခံများက ခန့်မှန်း ပြောဆိုလျက်ရှိကြသည်။

ရိတ်သိမ်းခါနီး နွေစပါးစိုက်ခင်း များစွာ မိုးသီးများထိမှန်မှု ကြောင့် ထိခိုက်ပျက်စီးသည့် နေရာများသို့ ယနေ့ မွန်းလွဲပိုင်း က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင် ဦးဆောင်သော မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီက ထိခိုက်ပျက်စီးခဲ့ရသော လူနေအိမ်များနှင့် နွေစပါးစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု ခဲ့သည်။

"စပါးအနှံတွေ ရေမြုပ်ကုန်ရင် ရေကို အမြန်ထုတ်ပစ်ဖို့ လိုတယ်၊ ရေပြောင်သွားရင် အပင်ပြန်ထနိုင်တာပေါ့"ဟု မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းမြင့် ကပြောသည်။ တောင်သူများ၏ ဆုံးရှုံးပျက်စီးမှုအခြေအနေအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ပြီး လိုအပ်သည်များနှင့် ထောက်ပံ့ မှုများ ရရှိနိုင်ရန်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်သာ ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က သုံးသပ် ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## ကန့်ဘလူ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပင့်သာကြီးကျေးရွာ အုပ်စု အုတ်ခင်းကျေးရွာ၌ မေ ၁၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ် ခန့်က လေပြင်းများတိုက်ခတ်မှုကြောင့် အခြေခံပညာ အလယ် တန်းကျောင်းရှိ ဝန်ထမ်းအိမ်ရာနှင့် လူနေအိမ်တချို့ အမိုးလန် ပျက်စီးခြင်း၊ မီးဖိုထရံနှင့် နေအိမ်ထရံတို့ ပျက်စီးခဲ့ရာ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် စာသင်ကျောင်းကော်မတီတို့ သွား ရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ အုတ်ခင်းကျေးရွာ အ.လ.က ကျောင်းဝန်ထမ်း အိမ်ရာ ငါးခန်းတွဲ၌ သွပ်အချပ် ၆၀၊ ဦးဝင်းထွန်း နေအိမ်အမိုး သွပ် ၂၂ ချပ်၊ ဦးကျော်မင်းလွင်၏ နေအိမ်အမိုး သွပ် ၁၁ ချပ်နှင့် (၃×၂)လက်မ သစ်သားချောင်း ငါးချောင်း၊ ဦးလှမောင်၏ နေအိမ်အမိုး သွပ် ၁၁ ချပ်၊ ဦးစံဝင်း၏ နေအိမ်အမိုး သွပ်သုံးချပ်၊ ဦးမောင်ကြိုင် နေအိမ်အမိုး သွပ်လေးချပ်၊ ဦးတောက်ထိန်၏ နေအိမ်အမိုး သွပ် သုံးချပ်၊ ဦးစိုးလွင်၏ မီးဖိုထရံနှင့် ဦးမောင် သိန်း၏ နေအိမ်ထရံတို့ ပျက်စီးခဲ့ပြီး စုစုပေါင်းပျက်စီးဆုံးရှုံးမှု တန်ဖိုး ငွေကျပ် ၈၂၀၄၀၀ ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မိတ္ထီလာ

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ၌ မေ ၁၇ ရက် ည ၁၁ နာရီ မိနစ် ၅၀ က မိုးရွာသွန်းပြီး လေပြင်း တိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်တိုင်လဲကျ၍ လျှပ်စစ် ဓာတ်အားများ ပြတ်တောက်ခဲ့ပြီး နေအိမ်အမိုးများလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ယင်းမာပင် ကျေးရွာ မြို့မလမ်းသွယ်အနီးရှိ လမ်းဘေးလျှပ်စစ်ဓာတ်ကြိုး ပေါ်သို့ ကုက္ကိုကိုင်းကျိုးကျ၍ လျှပ်စစ်ဓာတ်တိုင်လဲကျပြီး လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခဲ့သည်။ ထို့အပြင် ကျေးရွာအတွင်းရှိ နေအိမ် ၁၂ လုံး သွပ်အမိုးများလန်၍ ပျက်စီး ခဲ့သည်။ အဆိုပါ မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်သဖြင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သော နေရာများအား ယင်းမာပင် နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကျော်မြင့်စိန်နှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှဝင်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လေပြင်းတိုက်ခတ်မှုကြောင့် လဲကျသွားသည့် လျှပ်စစ်ဓာတ်တိုင် အစားထိုးလဲလှယ်ခြင်း၊ အမိုးလန်ပျက်စီးသွားသည့် နေအိမ်များအား ကူညီဆောင်ရွက် ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရွှေဘုံသာကျေးရွာအုပ်စု ကြည်တော်စုရွာတွင် မေ ၁၈ ရက် ည ၇ နာရီခွဲတွင် လေပြင်း အနည်းငယ်တိုက်ခတ်သဖြင့် လူနေအိမ်နှစ်လုံး လက်ပံပင်ကိုင်း များပိ၍ ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် အောက်ခြေလုံးပတ် ၁၅ ပေ၊ အမြင့် ပေ ၁၈၀ ခန့်ရှိ နှစ်ချို့လက်ပံပင်ကြီးသည် ဦးမျိုးမင်းလတ်၏ သုံးပင်ပတ်လည် ထရံကာ သွပ်မိုးနေအိမ် တစ်လုံးနှင့် ဦးအောင်မျိုးထိုက်၏ သုံးပင်ပတ်လည် ထရံကာ သွပ်မိုးနေအိမ်ပေါ်သို့ ပြုတ်ကျခဲ့သဖြင့် နေအိမ်များ ပျက်စီးခဲ့ သည်။ အခင်းဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်မှူး ရဲမှူးတင်ထွန်းနှင့် မီးသတ်ဦးစီးမှူး ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက နေအိမ်များပေါ် ပိနေသော လက်ပံပင်ကိုင်းနှင့် အစိတ်အပိုင်းများကို ဖယ်ရှားရှင်းလင်း ပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက နေအိမ်ပျက်စီး သွားသော မိသားစုများကို ၎င်းတို့၏ ဆွေမျိုးအိမ်များတွင် နေရာ ချထားပေးခဲ့ပြီး လက်ပံပင်လဲပြိုမှုကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက် ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**



မေ ၁၈ ရက်က လေပြင်းများ တိုက်ခတ်၍ အမိုးလန် ပျက်စီး သွားသည့် ကျောက်ပန်း တောင်းမြို့နယ် ရှိ နေအိမ် တစ်အိမ်ကို တွေ့ရစဉ်။
ဓာတ်ပုံ- နေအောင် (ပြန်/ဆက်)

# ဒါးကကျေးရွာ၌ ဘုရားမီးပူဇော်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်

**ကန့်ကြီးထောင့် ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ ကိုးဆူကမ်းနားရပ်ကွက်တွင် ဧပြီ ၁၈ ရက် နံနက် ၁၀ နာရီခန့်က ဘုရားမီးပူဇော်ရာမှ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဧပြီ ၁၈ ရက် နံနက် ၁၀ နာရီခန့်က ဒါးကကျေးရွာ ကိုးဆူကမ်းနားရပ်ကွက်နေ ဦးဝဏ္ဏလှထွန်း (၃၈ နှစ်) သည် ၎င်း၏နှစ်ထပ်အိမ် (ကုန်စုံဆိုင်) ရှိ ဘုရားစင်တွင် ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်ရာမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ မီးလောင်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှကြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးနှင့် ဒါးကနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူးတို့ ဦးဆောင်သော သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်သောရပ်ကွက်နေပြည်သူများက မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ရေစုပ်စက်ခုနစ်လုံးတို့ဖြင့် စုပေါင်းဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါမီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိဘဲ နေအိမ်တစ်လုံးသာ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ နေအိမ်မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည့် မိသားစုဝင်သုံးဦးကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ ဆွေမျိုးများအိမ်သို့ ပြောင်းရွှေ့ထားရှိပြီး မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မီးကိုပေါ့ဆစွာသုံးစွဲသူ ဦးဝဏ္ဏလှထွန်း (၃၈ နှစ်) အား ကန့်ကြီးထောင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

# ဖောင်းပြင်မြို့နယ်၌ လူတစ်ဦး ဆင်နင်းခံရ၍ သေဆုံး

**နေပြည်တော် ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် မောင်းကောင်းကျေးရွာတွင် အမျိုးသားတစ်ဦး ဆင်နင်းခံရ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ လူတစ်ဦးဆင်နင်းခံရကြောင်း သတင်းအရ ဧပြီ ၁၇ ရက် မွန်းလွဲ ၃ နာရီတွင် ဖောင်းပြင်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မောင်းကောင်းကျေးရွာနေ ကိုကျော်စိုး (၁၆ နှစ်)သည် တောရခင်တောရှိ မိုးတေအစိုးရပိုင်ဆင်စခန်းမှ ဆင်မကြီးရှုကြည်ပြာ(၂၆ နှစ်) နှင့် ဆင်မငယ် ငြိမ်းဖြူပြာစိုး (သုံးနှစ်) တို့ နေအိမ်ဝင်းအတွင်းသို့ ဝင်ရောက်လာသဖြင့် လိုက်လံမောင်းထုတ်စဉ် ဆင်မကြီးက ကိုကျော်စိုးအား လှဲချပြီး ဦးခေါင်းကို တက်နင်းသွားသဖြင့် ဒဏ်ရာများရရှိကာ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရ၍ ဖောင်းပြင်မြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေး လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# တနိုင်းမြို့နယ်၌ လူတစ်ဦး မိုင်းနင်းမိပေါက်ကွဲ၍ ဒဏ်ရာရ

**နေပြည်တော် ဧပြီ ၁၈**

တနိုင်းမြို့နယ် မိုင်းခွန်ပယင်းမှော်တဲမှ ခြောက်ဖာလုံခန့်အကွာ၌ ဦးထွန်းအေး (၄၆ နှစ်) မိုင်းခွန်ပယင်းမှော် တနိုင်းမြို့နယ် (ဇာတိ-ကျောက်တော်မြို့နယ်နေသူ) သည် ဧပြီ ၁၇ ရက် နံနက် ၁၀ နာရီက ပယင်းတူးရန်နေရာလိုက်လံကြည့်ရှုစဉ် ကေအိုင်အေအဖွဲ့ ထောင်ထားသည့် မိုင်းကိုနင်းမိပေါက်ကွဲခဲ့သဖြင့် ဦးထွန်းအေးတွင် မိုင်းစထိမှန်ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် တနိုင်းပြည်သူ့ဆေးရုံ၌ ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# စစ်ကိုင်းနှင့် မန္တလေးမြို့တို့၌ လျှပ်စစ်မီးအသုံးပြုစဉ် အပူလွန်ကဲ၍မီးလောင်

**နေပြည်တော် ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကုန်းရွာကျေးရွာတွင် ဧပြီ ၁၇ ရက် ည ၁၀ နာရီ မိနစ် ၄၀ က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ရွာသစ်ကြီးနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ အုန်းတောနယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ငြိမ်းသတ်ခဲ့ရာ မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

စစ်ဆေးချက်အရ ကျောက်ဆည်ကျေးရွာနေ အောင်ဇော် (၃၅ နှစ်) သည် မိသားစုနှင့်အတူ ဆွေမျိုးအိမ်သို့ အလည်သွားရောက်နေစဉ် နေအိမ်ရှိ လျှပ်စစ်မီးဘုတ်ခုံ အပူလွန်ကဲရာမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ မီးလောင်မှုကြောင့် လူနေအိမ်တစ်လုံး၊ နွားမတစ်ကောင် မီးလောင်ဆုံးရှုံးခဲ့ပြီး အောင်ဇော်အား ရွာသစ်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ အလားတူ ဧပြီ ၁၇ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်နေ ဦးမောင်မောင် (၇၅ နှစ်) ၏ မြမင်းစိုးပွဲရုံ အပေါ်ထပ်၌ ထမင်းပေါင်းအိုးတည်ရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ရာသို့ ချမ်းအေးသာစံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုးပျဉ်ခင်းအဖီတစ်လုံးနှင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ဦးမောင်မောင်အား အမှတ်(၆)နယ်မြေ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဘားအံမြို့တွင် ယာဉ်လေးစီးဆင့်ကဲတိုက်မှုဖြစ်

**ဘားအံ ဧပြီ ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်တံတားထိပ်ဘားကပ်ဘက်ချမ်းတွင် ဧပြီ ၁၇ ရက်က ယာဉ်လေးစီးဆင့်ကဲတိုက်မှုဖြစ်ပွားခဲ့ကြောင်းအမှတ် ၇၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ သိရသည်။

ဘားအံမြို့နယ်နေသူ အောင်ထွန်း (၃၅ နှစ်)မောင်းနှင်လာသော 5D/...Honda CR -Vယာဉ်သည် သံလွင်တံတားဘက်သို့မောင်းနှင်လာစဉ် ဘရိတ်ပေါက်ပြီးအရှိန်မထိန်းနိုင်ဘဲ တံတားကြေးပေးဆောင်ရန် ရပ်ထားသော GG/...Toyota Probox ယာဉ်အားအရှိန်ဖြင့် ဝင်ရောက်တိုက်မိခဲ့သည်။ ၎င်းမှတစ်ဆင့်ရှေ့တွင် တံတားကြေးပေးဆောင်ရန် ရပ်ထားသော 31/...Toyota Wish နှင့် Toyota Gaia တို့အား အဆင့်ဆင့်နောက်ကတိုက်ခဲ့ရာမှ ယာဉ်လေးစီးဆင့်ကဲတိုက်မှုဖြစ်ပွားခဲ့သဖြင့် ယာဉ်မောင်း အောင်ထွန်းအား မြို့မရဲစခန်း (ဘားအံ) က အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# အင်းတော်မြို့နယ်၌ ငွေကျပ် သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းမိ

**အင်းတော် ဧပြီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်ရှိ မန္တလေးမြစ်ကြီးနားလမ်း နန့်မကျိုင်းကျေးရွာသွား လမ်းဆုံမိုင်တိုင် ၂၃၄ အနီးတွင် ဧပြီ ၁၈ ရက် မွန်းလွဲ ၃နာရီခွဲက ငွေကျပ်သိန်း၂၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သယ်ဆောင်လာသူသုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အင်းတော်မြို့နယ်အတွင်း မန္တလေးမြစ်ကြီးနားကားလမ်း၌ ဧပြီ ၁၈ ရက် မွန်းလွဲပိုင်းက ယာဉ်မောင်း အားဟောင်းမောင်းနှင်လာသော YGN 6G/----- SURF ယာဉ်တစ်စီးအား စစ်ဆေးရာ ဘိန်းဖြူ ဆပ်ပြာခွက် ၂၂၀ (အလေးချိန် ၂၂၀၀ ဂရမ်) ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ အဆိုပါ မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် ပါဝင်သည့် နန်းမွန်းကျေးရွာ မိုးညှင်းမြို့နယ်နေသူများဖြစ်ကြသည့် သက်နိုင်ဦး (၂၅ နှစ်) နှင့် မေသဲနု (ခ) အီဖြူ (၂၄ နှစ်) တို့ကိုလည်း ဖမ်းဆီးရမိပြီး အင်းတော်မြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကာ ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။



**ငွေအိုး(ကသာ)**

# တာချီလိတ်မြို့၌ လူတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံး

**တာချီလိတ် ဧပြီ ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့မယ်ခေါင်ရပ်ကွက်နေ ဦးယောဟန်အား ဧပြီ ၁၈ ရက် နံနက် ၁၁ နာရီခွဲခန့်က ၎င်း၏ နေအိမ်ခြံဝင်းအတွင်း သေနတ်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် တောကော့(တွင်း) သွား ပတ်လမ်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားကြောင်း သတင်းအရ အခင်းဖြစ်ပွားရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနု၊ တာချီလိတ်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးခိုင်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ နေအိမ်ခြံဝင်း အဝင်ပေါက်အနီးတွင် နန့်ယွန်းစေတနာ (မက်ဂ္ဂနက်) ကုမ္ပဏီပိုင်ရှင်ဖြစ်သူ ဦးယောဟန် (၃၅ နှစ်) အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး သေဆုံးသူ၏အနီးတွင် (USA – 9mm Luger) အမျိုးအစားကျည်ခွံလေးခုကို တွေ့ရှိရခြင်းဖြစ်ကြောင်း သိရပြီး ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# သင်္ကြန်ကာလအတွင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိလာသော အတွင်းလူနာနှင့် သေဆုံးသူ ယခင်နှစ်ထက် လျော့နည်း

**မန္တလေး ဧပြီ ၁၈**

၁၃၇၉ ခုနှစ် သင်္ကြန်ကာလအတွင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိလာသော လူနာများအနက် အတွင်းလူနာအဖြစ်ကုသမှုခံယူသူဦးရေနှင့် သေဆုံးသူဦးရေမှာ ယခင်နှစ်ထက် လျော့နည်းခဲ့ကြောင်း အဆိုပါဆေးရုံကြီးမှ ဆေးလူမှုဆက်ဆံရေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောကြားသည်။

ယခင်နှစ် သင်္ကြန်ကာလအတွင်းက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိလာသည့် လူနာ ၈၃၀ အနက် အတွင်းလူနာအဖြစ် ကုသမှုခံယူသူ ၃၃၀၊ ပြင်ပလူနာ ၄၈၃ ဦးနှင့် သေဆုံးပြီးမှ ရောက်ရှိလာသူ ၁၇ ဦးရှိခဲ့ပြီး ယခုနှစ်တွင် ရောက်ရှိလာသူ ၆၉၁ ဦးအနက် အတွင်းလူနာအဖြစ် ၁၉၂ ဦး၊ ပြင်ပလူနာအဖြစ် ၄၉၁ ဦးနှင့် သေဆုံးပြီးမှ ရောက်ရှိလာသူ ရှစ်ဦးသာ ရှိခဲ့သဖြင့် ယခင်နှစ်ထက် သိသာစွာလျော့နည်းကျဆင်းသွားကြောင်း သိရသည်။

"ဒီနှစ်မှာ ကျွန်တော်တို့ ဆေးရုံကြီးမှာ သင်္ကြန်မတိုင်ခင် တစ်လအလိုကတည်းက သင်္ကြန်မှာ အဖြစ်များတဲ့ လူနာတွေကို ကုသမယ့် ကုသဆောင်တွေကို ကြိုတင်ပြင်ဆင်ထားပါတယ်၊ ဝန်ထမ်းအင်အား၊ ဆေးဝါး၊ ရောဂါရှာဖွေရေးနဲ့ လိုအပ်တဲ့ သွေး၊ အောက်ဆီဂျင်စက်တွေ၊ တွန်းလှည်း၊ ပိုးချဲ၊ ချွဲစုပ်စက်တွေနဲ့ လူနာတင်ယာဉ်တွေကို အဆင်သင့်ပြင်ဆင်ထားရှိတယ်၊ ဒါ့အပြင် ပရဟိတအဖွဲ့တွေကလည်း သင်္ကြန်တွင်းမှာ ကူညီနိုင်ဖို့အတွက် ကျွန်တော်တို့ ဆေးရုံကြီးရဲ့အဓိကတာဝန်ရှိသူတွေနဲ့ ကြိုတင်တွေ့ဆုံညှိနှိုင်းမှုတွေပြုလုပ်ခဲ့တယ်၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့က လူအင်အား ၁၀၀ကျော်နဲ့ ကားခုနစ်စီး၊ မဏိဇလလူမှုကူညီရေးအသင်းက လူ ၄၀ ကျော်နဲ့ ကား ၁၀ စီးနဲ့ One to One ပြည်သူ့ကူညီရေးပရဟိတအသင်းက လူအင်အား ၄၀ ကျော်တို့က စုပေါင်းပြီး ကျွန်တော်တို့ ဆေးရုံကြီးမှာ အချိန်ပြည့်စောင့်ဆိုင်းကာ ကာယ၊ ဉာဏ၊ လုပ်အားဒါနတွေနဲ့ တတ်နိုင်သလောက်ပံ့ပိုးကူညီမှုတွေ ဆောင်ရွက်ပေးတဲ့အတွက်လည်း ကုသမှုအပိုင်းမှာ အထောက်အကူ အများကြီးရတာကြောင့် ဆေးရုံကြီးကိုယ်စား ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်" ဟု ၎င်းက ပြောသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ သင်္ကြန်ကာလအတွင်းရောက်ရှိလာသောလူနာများမှာ မန္တလေးခြောက်မြို့နယ်သာမက အနီးအနားရှိ မြို့နယ်များနှင့် အခြားပြည်နယ်နှင့်တိုင်းဒေသကြီးတို့မှ လူနာများလည်း လွှဲပြောင်းရောက်ရှိလာသူများဖြစ်ကြောင်းနှင့် သင်္ကြန်ကာလအတွင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ နှစ်အလိုက် တက်ရောက်ကုသမှုစာရင်းများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် လူဦးရေ ၇၅၀ နှင့် သေဆုံးသူ ၂၈ ဦး၊ ၂၀၁၆ ခုနှစ်တွင် လူဦးရေ ၇၀၀ ကျော်နှင့် သေဆုံးပြီးမှ ရောက်ရှိလာသူ ၁၆ ဦးနှင့် ၂၀၁၇ ခုနှစ်တွင် လူဦးရေ ၈၁၃ ဦးနှင့် သေဆုံးပြီးမှ ရောက်ရှိလာသူ ၁၇ ဦးရှိခဲ့ကြောင်း သိရှိရသည်။




မန္တလေး အထွေထွေရောဂါကုဆေးရုံ အရေးပေါ်လူနာလက်ခံကုသဆောင် အဆောက်အအုံကို တွေ့ရစဉ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အမေရိကန်နှင့်မြောက်ကိုရီးယားတို့ အလွန်အရေးကြီးသည့် အဆင့်မြင့်ဆွေးနွေးပွဲများ ပြုလုပ်နေကြောင်း ထရန့်ပြောကြား

**ဝါရှင်တန် မေ ၁၈**

အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် အလွန်အရေးကြီးသည့် အဆင့်မြင့်အရာရှိများအဆင့် ဆွေးနွေးပွဲများစတင်နေပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အင်္ဂါနေ့ကပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတထရန့်သည် အလည်အပတ်လာရောက်လျက်ရှိသည့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ မာအေလာဂိုအပန်းဖြေစခန်း၌ ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထရန့်သည် လာမည့်မေလ သို့မဟုတ် ဇွန်လအစောပိုင်းလောက်တွင် ကျင်းပရန်စီစဉ်ထားသည့် ၎င်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့အကြား ဆွေးနွေးမှုတစ်ခု ကျင်းပမည့်နေရာအဖြစ် လတ်တလောတွင်နေရာငါးခုကို လျာထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

သတင်းထောက်များက ဆွေးနွေးပွဲကျင်းပမည့် နေရာများမှာ အမေရိကန်ပြည်ထောင်စုရှိ နေရာများ ဟုတ် မဟုတ် မေးမြန်းရာ ထရန့်ကမဟုတ်ကြောင်း ပြောကြားခဲ့သည်။ ကိုရီးယားကျွန်းဆွယ်အရေးနှင့်ပတ်သက်သည့် တင်းမာမှုများသည် ပြီးခဲ့သည့်လများအတွင်းက ပြေလျော့လာခဲ့သည်။ ဆိုးလ်နှင့် ပြုံယမ်းတို့သည် လာမည့်ဧပြီ ၂၇ ရက်တွင် ထိပ်သီးအစည်းအဝေးပွဲတစ်ရပ်ကျင်းပရန် သဘောတူညီထားကြသည်။ယင်းဆွေးနွေးပွဲသည် ၁၁ နှစ်အတွင်း နှစ်ဖက်ခေါင်းဆောင်များအကြား ပထမဆုံး ထိပ်သီးဆွေးနွေးမှုဖြစ်လာမည် ဖြစ်သည်။

၁၉၅၀ ခုနှစ်မှ ၁၉၅၃ အထိဖြစ်ပွားခဲ့သည့် ကိုရီးယားစစ်ပွဲသည် စစ်ပွဲရပ်ဆိုင်းရန် နှစ်ဖက်သဘောတူညီမှုဖြင့် ပြီးဆုံးခဲ့သည်။ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် အင်္ဂါနေ့မှစတင်ကာ မာအေလာဂို၌ နှစ်ရက်ကြာအလည်အပတ်ခရီးစဉ်ရောက်ရှိနေခဲ့သည်။ ယင်းအချိန်ကာလအတွင်း အာဘေးသည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားလက်နက်လျှော့ချရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် အခြားအကြောင်းအရာများကို ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**



# ဆီးရီးယားအစိုးရတပ်ဖွဲ့များက ဒမတ်စကတ်ရှိ စစ်သွေးကြွများရှိရာ ခံတပ်များကို လက်နက်ကြီးဖြင့် ပစ်ခတ်



**ဒမတ်စကတ် မေ ၁၈**

ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအုပ်စုများ ထိန်းချုပ်ထားသည့် ဒမတ်စကတ်မြို့ရှိ နောက်ဆုံးခြေကုပ်ယူထားရာ နေရာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။ ယင်းတပ်ဖွဲ့များသည် စစ်သွေးကြွများ အခိုင်အမာထိန်းချုပ်ထားသည့်နေရာကို ထိုးစစ်ဆင်တိုက်ခိုက်ရန်အတွက်လည်း ပြင်ဆင်နေကြောင်း စစ်ရေးစောင့်ကြည့် စစ်ဆေးမှုအဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ဒမတ်စကတ်မြို့အစွန်အဖျားရှိ အရှေ့ဂူတာဒေသကို အပြည့်အဝပြန်လည်ရယူနိုင်ခဲ့ပြီးနောက်တွင် ဆီးရီးယားအစိုးရသည် ၎င်း၏ထိန်းချုပ်မှုမှ ကင်းလွတ်နေသေးသည့် နိုင်ငံတစ်ဝန်းရှိ အခြားဒေသများကို အာရုံစိုက်လျက်ရှိသည်။

ယင်းဒေသများမှာ ဒမတ်စကတ်တောင်ပိုင်းရှိ အိမ်နီးချင်းဒေသများဖြစ်ပြီး ယင်းဒေသများမှ အရပ်သားများစွာတို့မှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီဖြစ်သော်လည်း အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများက ထိန်းချုပ်ထားဆဲဖြစ်ကြောင်း သိရသည်။ ယာမောက်ဒေသမှာလည်း ပါလက်စတိုင်း ဒုက္ခသည်စခန်းတစ်ခုကို လက်ခံထားရာနေရာဖြစ်ပြီး အိုင်အက်စ်အဖွဲ့၏ ထိန်းချုပ်မှုအောက် ကျရောက်နေဆဲဖြစ်သည်။

ဆီးရီးယားအစိုးရတပ်များသည် ယာမောက်ဒုက္ခသည်စခန်းနှင့် ဟာဂျာအယ်လ်အက်စ်ဝက်ဒ်ရှိ အိုင်အက်စ်တို့၏ တည်နေရာအချို့ကို အမြောက်ဖြင့် ပစ်ခတ်ခဲ့ရာ လူတစ်ဦးသေဆုံးကာ အချို့ဒဏ်ရာရရှိခဲ့ကြောင်း ဆီးရီးယား လူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က ပြောကြားခဲ့သည်။

နှစ်ဖက်စလုံးတို့သည် လွန်ခဲ့သောညကအပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်ဟု ဗြိတိန်အခြေစိုက် စစ်ရေးစောင့်ကြည့်စစ်ဆေးမှုအဖွဲ့က ပြောကြားခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုတွင် လူငါးဦးထက်မနည်းသေဆုံးပြီး သေဆုံးသူအများစုမှာ အစိုးရတပ်မှ တပ်ဖွဲ့ဝင်များဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ထောက်လှမ်းရေးအဖွဲ့ဝင်အဆိပ်ခတ်ခံရသည့် ကိစ္စနှင့်ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ လက်နက်စောင့်ကြည့်ရေးအဖွဲ့က ဆွေးနွေးပွဲများကျင်းပ

**မော်စကို မေ ၁၈**

ဓာတုလက်နက်တားဆီးရေးအဖွဲ့အစည်း (OPWC) သည် သည်ဟိဂ်မြို့ရှိ ရုံးများ ၌ တံခါးပိတ်ဆွေးနွေးပွဲများကို စတင်လျက်ရှိကြောင်း သံတမန်ရေးရာ သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

ယခုအစည်းအဝေးသည် ဓာတုလက်နက်တားဆီးရေးအဖွဲ့၏ သုံးရက်တာအတွင်း ဒုတိယအကြိမ်ဆွေးနွေးမှုဖြစ်ပြီး ရုရှားထောက်လှမ်းရေးဟောင်း ဆာဂျီ ဆကရီပယ်နှင့် ၎င်း၏သမီးဖြစ်သူတို့ ပြီးခဲ့သည့်လအတွင်းက ဆာလစ်ဘာရီ၌ အဆိပ်ဖြင့် လုပ်ကြံခံခဲ့ရမှုကို စုံစမ်းဖော်ထုတ်ရေးဆွေးနွေးရန်အတွက် ဗြိတိန်ကတောင်းဆိုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

၁၉၉၇ခုနှစ်တွင်တည်ထောင်ခဲ့သည့် OPCW အဖွဲ့သည် ကမ္ဘာပေါ်ရှိ အဆိပ်လက်နက်များကို ပပျောက်အောင်ဆောင်ရွက်ရန် ရည်ရွယ်လျက် ဓာတုလက်နက်များဆိုင်ရာ ကွန်ဗင်းရှင်း (CWC) အစီအစဉ်တစ်ရပ်ကို တရားဝင်ကြီးကြပ် ဆောင်ရွက်ခဲ့သည်။ **အေအက်ဖ်ပီ**



# ဂျပန်ဒုတိယ ဘဏ္ဍာရေးဝန်ကြီး ရာထူးမှနုတ်ထွက်မည်

**တိုကျို မေ ၁၈**

ဂျပန်ဒုတိယဘဏ္ဍာရေးဝန်ကြီး ဂျူနီချီဖူကူဒါသည် အမျိုးသမီးသတင်းထောက်များအား လိင်ပိုင်းဆိုင်ရာမဖွယ်မရာမှတ်ချက်ချမှုများပြုလုပ်ခဲ့သည်ဟု သတင်းများ ပေါ်ထွက်လာပြီးနောက်တွင် ရာထူးမှနုတ်ထွက်တော့မည်ဖြစ်ကြောင်း သိရသည်။ ဘဏ္ဍာရေးဝန်ကြီး တာရိုအာဆိုက ၎င်း၏လက်ထောက်ဖြစ်သည့် ဒုတိယဘဏ္ဍာရေးဝန်ကြီး ဂျူနီချီဖူကူဒါသည် ၎င်း၏တာဝန်ဝတ္တရားများကို အပြည့်အဝဆောင်ရွက်ရန် မဖြစ်နိုင်တော့ဟု ပြောကြားခဲ့ကြောင်း ဗုဒ္ဓဟူးနေ့တွင် သတင်းထောက်များသို့ ဖြေကြားခဲ့သည်။ အာဆိုက ၎င်းသည် ဖူကူဒါ၏နုတ်ထွက်စာကိုလက်ခံခဲ့ကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**




# ရုရှားသတင်းစာဆရာသေဆုံးမှုကို စုံစမ်းဖော်ထုတ်ရန် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ တိုက်တွန်း

**မော်စကို မေ ၁၈**

ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ဆီးရီးယားရှိ ကြေးစားစစ်သားများ သေဆုံးခဲ့မှုအကြောင်း ရေးသားခဲ့သည့် ရုရှားသတင်းစာဆရာတစ်ဦး သေဆုံးမှုကို စုံစမ်းစစ်ဆေးဆောင်ရွက်မှု အပြည့်အဝလုပ်ဆောင်ရန် ရုရှားအာဏာပိုင်များအား တိုက်တွန်းခဲ့ကြောင်း သိရသည်။

နိုဗီဒန်သတင်းအေဂျင်စီမှ သတင်းစာဆရာတစ်ဦးဖြစ် သည့် မက်ဆင်ဘိုရိုဒင်သည် ပြီးခဲ့သည့် ကြာသပတေးနေ့က ရုရှားနိုင်ငံအလယ်ပိုင်း ယီကာတာရင်ဘတ်ရှိ တိုက်ခန်းအဆောက်အအုံ၏ ငါးထပ်မြောက်ပြတင်းပေါက်ပေါ်မှ ပြုတ်ကျပြီး တနင်္ဂနွေနေ့တွင် သေဆုံးသွားခဲ့သည်။

တနင်္လာနေ့တွင် ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE)မှ မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ တာဝန်ရှိကိုယ်စားလှယ် ဟာလင်မ်ဒီဆာသည် ရုရှားသတင်းစာဆရာရုတ်တရက် သေဆုံးရမှုကြောင့် ထိတ်လန့်တုန်လှုပ်ရကြောင်း ဖော်ပြခဲ့သည်။ ရုရှားသတင်းစာ ဆရာ သေဆုံးရမှုနှင့် ပတ်သက်သည့် အခြေအနေများကို ပွင့်လင်းမြင်သာပြီး လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှု အပြည့်အဝလုပ်ဆောင်သွားရန် ရုရှားအာဏာပိုင်များအား အပြည့်အဝ တိုက်တွန်းထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဘိုရိုဒင်သည် ဖေဖော်ဝါရီလအတွင်းက အမေရိကန် ဦးဆောင်သည့် စီးနင်းတိုက်ခိုက်မှုအတွင်း ရုရှားစစ်ဘက်ဆိုင်ရာ ကန်ထရိုက်တာများစွာ သေဆုံးခဲ့မှုအပေါ် စုံစမ်းခဲ့သည်။ ရုရှားသမ္မတဗလာဒီမာပူတင်သည် ဆီးရီးယား၌ ရုရှားကြေးစားစစ်သားများ တိုက်ခိုက်ခံခဲ့ရသည်ဆိုခြင်းမှာ မဟုတ်ကြောင်း ငြင်းဆန်ထားသည်။

ရုရှားစုံစမ်းစစ်ဆေးရေး အာဏာပိုင်များက ဘိုရိုဒင်၏ တိုက်ခန်းမှာ အတွင်းဘက်မှ သော့ခတ်ထားကြောင်းနှင့် ယင်းဖြစ်ရပ်သည် ရာဇဝတ်မှုမြောက်သည့် အနေအထားမျိုးဖြစ်နိုင်ဖွယ်မရှိကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ထရန့်နှင့် စကားပြောဆိုဆွေးနွေးရန် ရှင်ဇိုအာဘေး အမေရိကန်သို့ ထွက်ခွာ

**ဝါရှင်တန် ဧပြီ ၁၈**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အမေရိကန်နှင့် မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကျင်းပမှု မတိုင်မီတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံကာ ဆွေးနွေးပွဲများ ပြုလုပ်ရန်အတွက် အမေရိကန်သို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

အင်္ဂါနေ့ညနေပိုင်းက တိုကျိုမှ မထွက်ခွာမီ အာဘေးက မြောက်ကိုရီးယားအရေးနှင့် စီးပွားရေးကိစ္စရပ်ကဲ့သို့သော အကြောင်းအရာများတွင် ပူးပေါင်းဆောင်ရွက်မှုကို ထရန့်နှင့် ခိုင်မာသေချာအောင် လုပ်ဆောင်လိုကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဂျပန်နှင့် အမေရိကန် နှစ်နိုင်ငံတို့သည် မြောက်ကိုရီးယားက ၎င်း၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များကို လက်လျှော့သွားစေရန်အတွက် အတူတကွ လက်တွဲလုပ်ဆောင်သွားကြရန် အခိုင်အမာဆွေးနွေးလိုကြောင်း ပြောကြားခဲ့သည်။

အာဘေးနှင့် ထရန့်တို့သည် အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့တို့တွင် ဖလော်ရီဒါ၌ တွေ့ဆုံရန်စီစဉ်ထားကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ဆော်ဒီအာရေဗျက ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ထုတ်ဖော်ပြသ

**ရီယာ့ဒ် ဧပြီ ၁၈**

ဆော်ဒီအာရေဗျသည် ပါရှန်းပင်လယ်ကွေ့ဒေသအတွင်း၌ အကြီးအကျယ်ဆောင်ရွက်နေသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အင်န်အိတ်ချ်ကေနှင့် အခြားသော မီဒီယာများကို ထုတ်ဖော်ပြသခွင့်ပြုခဲ့ကြောင်း သိရသည်။

Gulf Shield ဟု အမည်ရသည့် စစ်ရေးလေ့ကျင့်မှုကို နိုင်ငံ၏ အရှေ့ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။ စနေနေ့က ပြုလုပ်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုတွင် ဂျက်တိုက်လေယာဉ်များ၊ သင်္ဘောများ ဆင်းသက်ခြင်းတို့ ပါဝင်သည်။ ရဟတ်ယာဉ်များပေါ်မှ စစ်သည်များ မြေပြင်ပေါ် ဆင်းခြင်းတို့ကို လက်တွေ့လေ့ကျင့်ခဲ့ကြသည်။

ဆော်ဒီအာရေဗျသို့ တိုက်ခိုက်ရေးဂျက်လေယာဉ်များနှင့် ဒုံးကျည်စနစ်များ ထောက်ပံ့ပေးထားသည့် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်တို့လည်း ပါဝင်ခဲ့ပြီး အရှေ့အလယ်ပိုင်း၊ အာရှနှင့် အာဖရိကတို့မှ အခြား ၂၂ နိုင်ငံတို့လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဓာတုလက်နက်တိုက်ခိုက်မှုအပေါ် အမေရိကန်၊ ဗြိတိန်နဲ့ ပြင်သစ်တို့၏ မကျေပွဲ

**ကလျာမိုးမြင့်**



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ညသန်းခေါင်အချိန် ဆီးရီးယားကို စစ်ရေးအရလုပ်ဆောင်ခဲ့တဲ့ တိုက်ခိုက်မှုကို လုံးဝပြီးပြည့်စုံတဲ့ သုတ်သင်မှုတစ်ခုအဖြစ်နဲ့ ကြွေးကြော်လိုက်ပြီး မစ်ရှင်ပြီးဆုံးပြီလို့ ပြောကြားလိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နဲ့ ပြင်သစ်တို့ဟာ အစိုးရအဖွဲ့တည်နေရာသုံးခုကို တိုက်ခိုက်ခဲ့ကြတာဖြစ်ပြီး ၎င်းတို့ရဲ့ ပြောပုံအရ ဓာတုလက်နက်တွေရှိတဲ့၊ အဆောက်အအုံတွေရှိတဲ့ နေရာတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်တယ်လို့ သိရပါတယ်။

**သုံးနိုင်ငံပူးပေါင်းတိုက်ခိုက်မှုကို သမ္မတ ပူတင် ရှုတ်ချ**

ပြီးခဲ့တဲ့ရက်သတ္တပတ်က ဒူမာမြို့ပေါ်မှာ လူအများအပြားကို အသက်ဆုံးရှုံးစေခဲ့တဲ့ သံသယဖြစ်စရာ ဓာတုလက်နက်တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့တာကို တုံ့ပြန်တဲ့အနေနဲ့ ဒုံးကျည်အစင်းပေါင်း ၁၀၀ ကျော်လောက်နဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။ ရုရှားသမ္မတ ဗလာဒီမာပူတင်က အနောက်နိုင်ငံတွေရဲ့ ယခုလိုတိုက်ခိုက်မှုကို အပြင်းထန်ဆုံးရှုတ်ချတယ်လို့ ပြောကြားခဲ့ပါတယ်။

ဆီးရီးယားအစိုးရကို ထောက်ခံပေးထားတဲ့ အင်အားစုတွေရှိနေတဲ့ ရုရှားက အကယ်၍ ရုရှားတာဝန်ရှိသူတွေကို ထိမိခိုက်မိပြီး တစ်ခုခုဖြစ်ခဲ့မယ်ဆိုရင် စစ်ရေးအရပဲ တုံ့ပြန်ဆောင်ရွက်ရလိမ့်မယ်လို့ ပြောကြားခဲ့ပါတယ်။ ထရန့်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြင်သစ်နဲ့ ဗြိတိန်ရဲ့ စစ်ရေးအရ ပူးပေါင်းပါဝင်ကူညီမှုအတွက် ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့မှုကို ဝါရှင်တန်က နံနက်အစောပိုင်းတွင် တွစ်တာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

စနေနေ့က ဖြစ်ပျက်ခဲ့တဲ့ အကြောင်း အရာတွေကို အကျဉ်းချုပ်ဖော်ပြခဲ့တဲ့ ပင်တဂွန်က ဒီတိုက်ခိုက်မှုတွေဟာ ဆီးရီးယားရဲ့ ဓာတုလက်နက်အစီအစဉ်တွေကို နှစ်တွေကြာတဲ့အထိ နောက်ဆုတ်သွားအောင်၊ အရှိန်တန့်သွားအောင် လုပ်ဆောင်လိုက်တာဖြစ်တယ်လို့ ပြောကြားပါတယ်။ ဒီလိုဖြစ်ပြီး နောက်မှာတော့ ကုလသမဂ္ဂမှာ အမေရိကန်နဲ့ ရုရှားတို့အကြား ခါးသီးတဲ့ အငြင်းပွားမှုတွေ ဖြစ်ပွားခဲ့ရပါတယ်။

ယခုတိုက်ခိုက်မှုတွေကို အမြောက်အမြားလုပ်ဆောင်လိုက်ခြင်းဟာ ဆီးရီးယားပြည်တွင်းစစ်ဖြစ်ပွားတဲ့ ခုနစ်နှစ်အတွင်းမှာ အနောက်နိုင်ငံတွေက ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ဆန့်ကျင်တဲ့ တိုက်ခိုက်မှုတွေထဲက အသိသာအထင်ရှားဆုံး ထိုးနှက်မှုပါပဲ။ လေကြောင်းတိုက်ခိုက်မှုတွေကို တုံ့ပြန်ပြောဆိုခဲ့တဲ့ အနေနဲ့ မစ္စတာအာဆတ်က ၎င်းရဲ့သမ္မတရုံးက ဖော်ပြခဲ့တဲ့ မှတ်ချက်မှာ ခုလို ကျူးကျော်ရန်စမှုဟာ ဆီးရီးယားနဲ့ ဆီးရီးယားပြည်သူတွေကို တိုက်ခိုက်မှုတွေ ဖြစ်မြဲအတိုင်းဆက်ဖြစ်အောင် ပိုပြီးဆုံးဖြတ်ချက်ပြတ်သားသွားစေနိုင်သလို နိုင်ငံရဲ့ နေရာတိုင်းမှာ အကြမ်းဖက်မှုတွေ ပိုပြီးပေါက်ဖွားလာစေလိမ့်မယ်လို့ မှတ်ချက်ချပြောဆိုခဲ့ပါတယ်။

**တိုက်ခိုက်ခံခဲ့ရတဲ့ ပစ်မှတ်နေရာများ**

ပင်တဂွန်ရဲ့ အကျဉ်းချုပ်ဖော်ပြချက်အရ အမိအရတိုက်ခိုက်ခြင်းခံခဲ့ရတဲ့ ပစ်မှတ်နေရာ သုံးခုရဲ့စာရင်းကို ဒုတိယဗိုလ်ချုပ်ကြီး ကင်နက်မက်ကင်ဇီက စာရင်းပြုစုခဲ့ရာမှာ အဲဒီပစ်မှတ်နေရာသုံးခုကတော့-

- ပထမတစ်ခုက ဒမတ်စကတ်မြို့အနီးမှာရှိတဲ့ ဘာဇက် လက်နက်သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုစင်တာ ဖြစ်ပါတယ်။ ဒုံးကျည်အစင်းပေါင်း ၇၆ စင်း ထိမှန်ခံခဲ့ရပြီး အဲဒီထဲက ၅၇ စင်းဟာ တိုမာဟော့ခ်ခရုစ်ဒုံးကျည်တွေ ဖြစ်ပါတယ်။ ဒုံးကျည်တိုက်ခိုက်မှုကြောင့် အဲဒီနေရာ ပျက်စီးသွားခဲ့ပါတယ်။
- ဒုတိယပစ်မှတ်တစ်ခုကတော့ ဟွမ်စ်အနီးမှာရှိတဲ့ ဟင်မ်ရှင်ရှာ လက်နက်သိုလှောင်ရုံ အဆောက်အအုံဖြစ်ပြီး ဒုံးကျည် ၂၂ စင်း ထိမှန်ခဲ့ပါတယ်။ အမေရိကန် တိုမာဟော့ခ်ဒုံးကျည်ကိုးစင်း၊ ဗြိတိန် Storm Shadow ဒုံးကျည် ရှစ်စင်း၊ ရေတပ်ခရုစ်ဒုံးကျည် ငါးစင်းနဲ့ ပြင်သစ်နိုင်ငံက ပစ်လွှတ်လိုက်တဲ့ Scalp ခရုစ်ဒုံးကျည် နှစ်စင်းတို့ ပါဝင်ပါတယ်။
- တတိယပစ်မှတ်ကတော့ ဟွမ်စ်အနီး ဟင်မ်ရှင်ရှာ ဓာတုလက်နက်သိုလှောင်ရာအဆောက်အအုံ ဖြစ်ပါတယ်။ Scalp ဒုံးကျည် ၁၀ စင်းရဲ့ ပစ်မှတ်ဖြစ်ခဲ့ပြီး အောင်မြင်စွာဖျက်ဆီးနိုင်ခဲ့တဲ့ နေရာဖြစ်တယ်လို့ ဆိုပါတယ်။

ဒုတိယဗိုလ်ချုပ်ကြီး မက်ကင်ဇီက ကနဦးဖော်ပြချက်တွေအရ ကျွန်ုပ်တို့ဟာ ဆီးရီးယားရဲ့ကြားဝင်နှောင့်ယှက်မှုတွေ မရှိခဲ့ဘဲ ဦးတည်ချက်ကို အောင်မြင်စွာဆောင်ရွက်လိုက်နိုင်ခဲ့ပြီလို့ ပြောကြားခဲ့ပါတယ်။

လေယာဉ်တွေရော ဒုံးကျည်တွေပါ တစ်ခုမှ ကာကွယ်ရေးစနစ်အားဖြင့် အောင်မြင်စွာဟန့်တားခြင်းကို မခံလိုက်ရသလို လေယာဉ်တွေအားလုံးလည်း မူလနေရာကို ပြန်ရောက်လာခဲ့တယ်။ ဆီးရီးယားကာကွယ်ရေးဒုံးကျည် အစင်း ၄၀ လောက်ဟာ ပစ်ခတ်ခံခဲ့ရပြီး ပစ်မှတ်တွေအပြီးမှာ အများစုဟာ ထိမှန်ခဲ့တာချည်းပဲ။ ရုရှားကာကွယ်ရေးစနစ်တွေလည်းပတ်ဆောင်ရွက်ခဲ့တာမျိုးလည်း မရှိခဲ့ဘူးလို့ မက်ကင်ဇီက ဆိုပါတယ်။

**ဆီးရီးယားကို လေကြောင်းတိုက်ခိုက်မှု တရားဝင်သလား**

ရုရှားယူနစ်တွေဟာ အမေရိကန်နဲ့ ဗြိတိန်ရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကို ခြေရာခံခဲ့တယ်။ ဒါပေမယ့် ပြင်သစ်ကိုတော့ ခြေရာခံစုံစမ်းခဲ့ခြင်း မရှိဘူးလို့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ ရရှိတဲ့ သတင်းအချက်အလက်တွေကို ပင်တဂွန်က ပြောဆိုခဲ့ပါတယ်။ ခရုစ်ဒုံးကျည် ၁၀၃ စင်းနဲ့ ပစ်ခတ်ခဲ့ပြီး ၇၁ စင်းဟာ ဆီးရီးယားရဲ့ကာကွယ်ရေးစနစ်ဖြင့် ပစ်ချခြင်းခံလိုက်ရတယ်လို့ သတင်းတွေမှာ ဖော်ပြခဲ့ပါတယ်။ တိုက်ခိုက်မှုလုပ်ဆောင်တယ်လို့ စွပ်စွဲထားခြင်းခံရတဲ့ ဒမတ်စကတ်နဲ့ ဟွမ်စ်အနီးရှိ ဓာတုလက်နက်ထားရှိရာ အဆောက်အအုံတွေကို တစ်စိတ်တစ်ပိုင်းအားဖြင့် ဖျက်ဆီးခံလိုက်ရပြီဆိုတာကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက လက်ခံခဲ့ပါတယ်။

ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ပြောကြားချက်အရဆိုရင် ဒမတ်စကတ် နိုင်ငံတကာလေဆိပ်၊ ရှေရတ် လေတပ်အခြေစိုက်စခန်းအပြင် အခြားပစ်မှတ်ထားခံရတဲ့ တည်နေရာတွေရှိနေသေးပြီး ဒုံးကျည်ထိမှန်ခဲ့ခြင်းတော့ မရှိဘူးလို့ သိရပါတယ်။ ဆီးရီးယားတပ်မတော်နဲ့ အရပ်သားတွေအတွင်းမှာ ထိခိုက်သေကျေပျက်စီးမှုတော့ မရှိခဲ့ဘူးလို့ ကနဦးရရှိတဲ့ သတင်းအချက်အလက်တွေက ဖော်ပြထားပါတယ်။ အရပ်သားတွေ သေဆုံးတယ်ဆိုတဲ့ အတည်ပြုချက်မျိုး မရှိဘူးလို့ ပင်တဂွန်ကလည်း ပြောခဲ့တယ်။

တိုက်ခိုက်မှုတွေမစတင်မီ စစ်ပွဲဖြစ်ပွားရာ ဇုန်အတွင်းမှာ မတော်တဆသေဆုံးမှုတွေကို ကာကွယ်တားဆီးဖို့အတွက် ပြုလုပ်နေကျဖြစ်တဲ့ ပဋိပက္ခလျှော့ချရေးဆိုင်ရာ ပုံမှန်လုပ်ထုံးလုပ်နည်းတွေကနေတစ်ဆင့် အမေရိကန်ဟာ ရုရှားနဲ့ ဆက်သွယ်မှု ပြုလုပ်ခဲ့ပါတယ်။ အကယ်၍ အမေရိကန်ရဲ့ တိုက်ခိုက်မှုဟာ မြေပြင်ပေါ်က ရုရှားစစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်တွေကို ထိမှန်စေခဲ့မယ်ဆိုရင် နောက်ထပ် တင်းမာမှုတွေ ထပ်ဖြစ်လာဦးမယ့်အခြေအနေကို အချို့က စိုးရိမ်ပူပန်လျက်ရှိပါတယ်။

ယခုတိုက်ခိုက်မှုဟာ ခန်ရှိတ်ခွန်မြို့မှာ လူ ၈၀ ထက်မနည်း သေဆုံးစေခဲ့တဲ့ ဓာတုလက်နက်တိုက်ခိုက်မှုတစ်ခုအပြီး ၂၀၁၇ ဧပြီလမှာ ဆောင်ရွက်ခဲ့တဲ့ တိုက်ခိုက်မှုအရှိန်အဟုန်ရဲ့ နှစ်ဆလောက်ပြင်းထန်တယ်လို့ အမေရိကန်က ဖွင့်ဟခဲ့ပါတယ်။

**ဆီးရီးယားနဲ့ ကျန်တဲ့ ကမ္ဘာ့နိုင်ငံတွေရဲ့ တုံ့ပြန်မှု**

ဆီးရီးယားနိုင်ငံပိုင် ဆာနားသတင်းအေဂျင်စီက အနောက်နိုင်ငံတွေရဲ့ယခုလို စစ်ရေးအရ ဆောင်ရွက်ခဲ့မှုကို နိုင်ငံတကာစည်းမျဉ်းဥပဒေတွေကို ချိုးဖောက်လိုက်ခြင်းဖြစ်တယ်လို့ အမည်တပ်လိုက်ပါတယ်။ ဆီးရီးယားကို အမေရိကန်၊ ပြင်သစ်နဲ့ ဗြိတိန်နိုင်ငံတွေက ကျူးကျော်ရန်စမှုဟာ ဘယ်လိုမှ အောင်မြင်မှု မရနိုင်ဘူးလို့ ဆာနားသတင်းမှာ ဖော်ပြထားသလို ဓာတုလက်နက်တွေသုံးပြီးတော့လည်း မတိုက်ခိုက်ခဲ့ဘူးလို့ ဆီးရီးယားက ဆက်လက် ငြင်းဆန်နေခဲ့ပါတယ်။ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ကတော့ ဒီတိုက်ခိုက်မှုကို အမှန်တကယ်သင့်လျော်ပြီး လုပ်ဖို့လိုအပ်နေတဲ့ ဆောင်ရွက်မှုတစ်ခုအဖြစ် ထောက်ခံလိုက်တာကို တွေ့ရပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**

> “စနေနေ့က ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကို အကျဉ်းချုပ်ဖော်ပြခဲ့တဲ့ ပင်တဂွန်က ဒီတိုက်ခိုက်မှုတွေဟာ ဆီးရီးယားရဲ့ဓာတုလက်နက်အစီအစဉ်တွေကို နှစ်တွေကြာတဲ့အထိ နောက်ဆုတ်သွားအောင်၊ အရှိန်တန့်သွားအောင် လုပ်ဆောင်လိုက်တာဖြစ်တယ်လို့ ပြောကြားပါတယ်၊ ဒီလိုဖြစ်ပြီး နောက်မှာတော့ ကုလသမဂ္ဂမှာ အမေရိကန်နဲ့ ရုရှားတို့အကြား ခါးသီးတဲ့ အငြင်းပွားမှုတွေ ဖြစ်ပွားခဲ့ရပါတယ်”

# ဘားအံ၌ မြန်မာ့နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ



**ဘားအံ မေ ၁၈**

မြန်မာတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံကို အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် မြန်မာ့နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲကို မေ ၁၇ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမနှင့် ကန်သာယာ၌ ကျင်းပသည်။

ရှေးဦးစွာ သက်ကြီးပူဇော်ပွဲကို ဇွဲကပင်ခန်းမ၌ ကျင်းပရာ ဘားအံမြို့ပေါ်ရပ်ကွက်များမှ အသက် ၈၅ နှစ်နှင့်အထက်ဘိုးဘွားများအား ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကန်တော့၍ အဘိုးအဘွားများအား တစ်ဦးလျှင် လှူဒါန်း ငွေကျပ် ၅၀၀၀၀ နှင့် ဂါရဝပစ္စည်းများ၊ တိုင်းရင်းဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့သည်။ သက်ကြီးပူဇော်ပွဲသို့ မတက်ရောက်နိုင်သော ဘိုးဘွားများကိုလည်း အိမ်တိုင်ရာရောက် သွားရောက်ကန်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် ဘားအံမြို့ပေါ်ရပ်ကွက်များရှိ ဘိုးဘွား ၄၁၁ ဦးအတွက် ကရင်ပြည်နယ်မှ လှူဒါန်းငွေကျပ် ၂၀၆၀၂၆၀၀၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ငွေကျပ် ၁၈၇၄၀၀၀၊ ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ငွေကျပ် ၅၀၂၀၅၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးပစ္စည်းများ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ အခမ်းအနားသို့ တက်ရောက်လာသော ဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ တို့ဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာနမှ ဦးစီး၍ ဇီဝိတဒါနငါးလွှတ်ပွဲကို ဇွဲကပင်ခန်းမရှေ့ ကန်သာယာအတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ရွှေဝါငါးကြင်းကောင်ရေ ၆၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၊ ငါးခုံးမကြီး ကောင်ရေငါးထောင်၊ တီလားပီးယား ကောင်ရေ ၅၀၀၀ စုစုပေါင်း ငါးကောင်ရေ ၇၅၀၀၀ကို ကန်သာယာအတွင်းသို့ ဇီဝိတဒါနအဖြစ် စေလွှတ်ပေးခဲ့ကြောင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်က နှစ်သစ်ကူးဆုမွန်ကောင်း တောင်းပေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ရေရရှိရေး ကန့်ဘလူမြို့နယ် တည်ပင်(ပင့်သာ)ကျေးရွာ၌ ဆောင်ရွက်

**ကန့်ဘလူ မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် VDP ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြင့် တည်ပင်(ပင့်သာ) ကျေးရွာရေရရှိရေးအတွက် ရေစင်၊ ရေစက်ရုံ၊ မိန်းပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာပြည်သူများအနေဖြင့် အိမ်တိုင်ရာရောက် ရေရရှိရေး ရေပိုက်လိုင်းများ သွယ်တန်းလျက်ရှိကြောင်း သိရသည်။



"ဒီစီမံကိန်းကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ ကျေးရွာပြည်သူတွေနဲ့ တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး ကျေးရွာလိုအပ်ချက်အရ ရေရရှိရေးစီမံကိန်းရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်၊ နည်းပညာကို ကျွန်တော်တို့ဌာနက ပံ့ပိုးကူညီခြင်းဖြစ်ပါတယ်၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာလူထုလှူဒါန်းငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ နဲ့ ဆောင်ရွက်ခဲ့ရာမှာ ရေစင်၊ ရေစက်ရုံ၊ မိန်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတွေ ပြီးစီးခဲ့ပြီး အိမ်တိုင်ရာရောက်ရေရရှိဖို့ ရေပိုက်လိုင်းများ သွယ်တန်းလျက်ရှိပါတယ်"ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဌာနမှူးဦးဟန်ထွန်းအောင်က ပြောသည်။

အဆိုပါ စီမံကိန်းကို ယခုနှစ်ဖေဖော်ဝါရီလလယ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကျေးရွာထိပ်(အရှေ့ဘက်)ရှိ ရေစုကန် ခုနစ်ဧကခန့်မှတစ်ဆင့် သွယ်ယူခြင်းဖြစ်ကာ တည်ပင်(ပင့်သာ)ကျေးရွာ၏ အိမ်ခြေ ၅၆၉၊ လူဦးရေ၂၉၆၆ ဦးတို့အတွက် ရာသီမရွေး ရေရရှိတော့မည်ဖြစ်၍ ကျေးရွာပြည်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# အပူဒဏ်အန္တရာယ် သတိပြုဖွယ်

**ကာယလုပ်သားများ၊ လယ်သမားများ၊ အငှားယာဉ်မောင်းသူများ၊ အားကစားသမားများနှင့် နေရောင်အောက်တွင် သွားလာလှုပ်ရှားနေရသူများ**

၁။ ပူပြင်းသောနေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ် လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် မကြာခဏ အနားယူပါ။

၃။ အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# နှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေယှားရွာ ရွာလယ်သင်္ကြန်မဏ္ဍပ်၌ အသက် ၈၀နှင့်အထက် အဘိုးအဘွား ၂၀ တို့အား မြန်မာတို့၏ ရိုးရာဖြစ်သည့် နှစ်သစ်ကူးသက်ကြီးပူဇော်ပွဲကို မေ ၁၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သက်ကြီးပူဇော်ကန်တော့ပွဲကို ရေယှားကျေးရွာသူ ကျေးရွာသားများစုပေါင်း၍ ကန်တော့ခြင်းဖြစ်ပြီး အဘိုးအဘွားတစ်ဦးချင်းကို အလှူငွေနှင့် အားဆေး၊ ဆပ်ပြာ၊ စတီးထိုင်ခုံ၊ မျက်နှာသုတ်ပဝါတို့ဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဦးနှင့် ရွာသူ ရွာသားများက ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# သီပေါမြို့နယ်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ အန္တရာယ်ကင်း ပရိတ်ရွတ်

**သီပေါ မေ ၁၈**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်၌ မေ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ကျေးရွာများတွင် ရှေးရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းနှင့် သက်ကြီး အဘိုး၊ အဘွားများ ပူဇော်ကန်တော့ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် သက်ဆိုင်ရာ ရပ်ကွက်ရုံးများ၌ ကျင်းပခဲ့သည်။

ထို့အတူ တောင်မြို့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌လည်း ၇၅ နှစ်နှင့်အထက် အဘိုးအဘွား ၂၄ ဦးတို့အား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းအေးနှင့် ရပ်ကွက်ပြည်သူများက လှူဒါန်းပူဇော်ကြပြီး ပင့်သံဃာတော်ငါးပါးတို့ကို နေ့ဆွမ်းဆက်ကပ် လှူဒါန်းကာ အနုမောဒနာတရားနာကြား၍ ပရိတ်တရားတော်များ ရွတ်ဖတ်လျက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးလူငယ်မောင်မယ်များက အဘိုး အဘွားများကို ခြေသည်း၊ လက်သည်းများ လှီးဖြတ်ပေးကြပြီး ကင်မွန်း၊ တရော်ရည်များဖြင့် ခေါင်းဆေးမင်္ဂလာကုသိုလ်ယူဆောင်ရွက်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလော ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန် လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါး ထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီ ကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉ %)အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြု ဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည် အန္တရာယ်၏ ဆိုးကျိုးများကို ပိုမိုထိခိုက် ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဂန့်ဂေါတွင် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ဂန့်ဂေါ မေ ၁၈-** ဂန့်ဂေါမြို့နယ် အတာသင်္ကြန်ပွဲကျင်းပရေးနှင့် သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ ကြီးမှူး၍ သက်ကြီးပူဇော်ပွဲကို မေ ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က သက်ကြီးပူဇော်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးဇော်ဝင်းကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဇင်ဝင်းတို့က အသက် ၈၀ နှင့်အထက် သက်ကြီးအဘိုးအဘွား ၄၀ တို့အား ကန်တော့ပစ္စည်းများ ပေးအပ်လျက်ပူဇော်ဂါရဝပြုကြရာ အဘိုးများကိုယ်စား ဦးရာတင်က လည်းကောင်း၊ အဘွားများကိုယ်စား ဒေါ်သိန်းကြည်ကလည်းကောင်း ဆုပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ ၁၀၁

# တွင်းမစခန်း မြန်းခဲ့စေချင်

**သိုက်စိုးထွန်း(နတ်ရွာ)**



တွင်းမဒေသအတွင်း လာရောက်လည်ပတ်သူများ။

တွင်းမလို့ ပြောလိုက်တာနဲ့ ဒီဘက်ခေတ်မှာတော့ သိတဲ့သူတော်တော်လေး များလာပါပြီ။ များတယ်ဆိုပေမယ့် မသိသေးတဲ့သူတွေလည်း ရှိဦးမှာဖြစ်သလို၊ သိပေမယ့် ကိုယ်တိုင်ကိုယ်ကျ မရောက်ဘူးသေးတဲ့ သူတွေလည်းရှိဦးမှာပါ။ မရောက်ဖူးသေးသူတွေအတွက် တစ်ခေါက်တစ်ခါ အရောက်လာပြီးတော့ အပန်းတော်ဖြေစေနိုင်ဖို့နဲ့ ရောက်ခဲ့ပြီးသူတွေအတွက်လည်း ပြန်လည်တမ်းတ သတိရပြီးတော့ အလွမ်းတော်ပြေစေနိုင်ဖို့အတွက် ဒီစာလေးနဲ့ တွင်းမကောက်ကြောင်းလေးတစ်ချက် ဆွဲခြစ်ပုံဖော်လိုက်ရတာပါ။

**တစ်စတစ်စ နာမည်ရလာ**

တွင်းမဆိုတာကတော့ ဧယျာဒွှေမြေ ရွှေစစ်ကိုင်းခေါ် တိုင်းတော်မဟာရဲ့ အထက်အညာ မြစ်မင်းသလ္လာရဲ့ ဟိုမှာဘက်ကမ်းနှင့် သည်မှာဘက်ကမ်း တစ်ဖက်တစ်ခြမ်းစီ စုဖွဲ့တည်တဲ့ မြို့ကနီရဲ့နယ်မြေအတွင်းမှာ တည်ရှိတာပါ။ အညာမြေရဲ့သဘာဝဟာ တမာရနံ့၊ ထနောင်းရနံ့တို့သာ သင်းပျံ့ပျံ့မင်းမူလေ့ရှိပေမယ့် တွင်းမရဲ့အတွင်းဘက်မှာ စိမ်းလဲ့လဲ့ တွင်းရေပြင်ကြီးရယ်၊ ယိမ်းနွဲ့နွဲ့အုန်းပင်ပျိုတွေရယ်၊ လူတွေနဲ့ မစိမ်းလှဘဲ ငုံ့ချည်တစ်လှည့် ပေါ်ခဲ့တစ်ခါ ပလီပလာ တီတီတာတာ ကူးခတ်လှုပ်ရှားသွားလာနေကြတဲ့ ရေဘဲငယ်ငယ်ကလေးတွေရယ်၊ စတဲ့စတဲ့ သက်ရှိသက်မဲ့ အလှတရားတွေရဲ့ဖမ်းစားမှုကြောင့် တွင်းမဒေသက တစ်စတစ်စ နာမည်ရလာတာပါ။

ခရီးသွားဧည့်သည်တွေ တပျော်တပါး စီးနင်းလေ့ရှိကြတဲ့ စက်လှေငယ်ကလေးတွေ အပြေးကလေးနှင်တဲ့အခါ လှိုင်းကလေးတွေ တဖွေးဖွေးထနေတာရယ်၊ ရေပြင်ကျယ်ကို ရှပ်တိုက်စီးသွင်းလာတဲ့ လေနုအေးလေးတွေရယ်ရဲ့ ဖမ်းစားမှုတွေမှာ ပတ်လည်ဝိုင်းနေတဲ့ ကုန်းမြင့်တောင်ခွေကြီးထဲက တစ်စတစ်ကွက် ပေါ်ထွက်နေတဲ့ ကျောက်စိုက်ကျောက်သားကြီးတွေနဲ့ စိမ်းလဲ့လဲ့ပင်ပျိုတို့ရဲ့ သဟဇာတဖြစ်အောင် ရောယှက်ထားတဲ့ ရှုခင်းရှုကွက်တွေက အားဖြည့်ပေါင်းစပ်ပေးလိုက်တော့ တွင်းမ အပန်းဖြေခရီးဟာ ပြီးပြည့်စုံသွားပါတယ်။ ဒီလောက်တင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။

**ဘဝအမောတွေ ကွာလျော့ပြေပျောက်**

ရေစပ်မှာရှိနေတဲ့ အုန်းလက်မိုး၊ ထန်းလက်မိုးဈေးဆိုင်ကလေးတွေမှာ အုန်းစိမ်းရည်တွေ တစ်ဝကြီးသောက်ကြဦးမလား၊ ဒါမှမဟုတ် ဒေသထွက်တွင်းပိုးနဲ့ လက်ဖက်ကို တွဲစပ်ပြီး သုပ်ထားတဲ့ အသုပ်ကလေးတွေ စားကြမလား၊ တွင်းပိုးချည်းသက်သက် ရေနွေးဖြော၊ ဆီစိမ်းလောင်းပြီး ကြက်သွန်နီ ပါးပါးလေးလှီးထည့်လို့ သုပ်ထားတဲ့ အသုပ်ကလေးတွေစားကြမလား၊ ဒါမှမဟုတ် တွင်းမနဲ့ လက်တစ်ကမ်းအကွာမှာရှိတဲ့ တောင်ပျောက်အင်းကထွက်တဲ့ တီလားပီးယားငါးကြော်လေးတွေကို ထမင်းဆီဆမ်းလေးနဲ့ စားကြမလား၊ ရေနွေးကြမ်းလေးနဲ့ပဲ မြည်းကြမလား၊ ဒီလိုမှ မဟုတ်သေးဘူးဆိုရင်လည်း အညာစာ ဒေသထွက် ကွမ်း၊ ဆေး၊ လက်ဖက်ကိုမကြိုက်လို့ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးနှင့် တခြား ထမင်းဟင်းတွေကိုမှ ရွေးချင်ပါသလား၊ တွင်းမဒေသမှာတော့ စားစရာသောက်စရာတွေက ရွေးလို့မကုန် ချယ်လို့မဝ ပေါများလှသလို သူ့အရသာကို မြည်းစမ်းကြည့်လိုက်မယ်ဆိုရင်လည်း တမ်းတမ်းစွဲဖြစ်သွားစေမယ့် ဒေသစာကလေးတွေက ခရီးသွားဧည့်သည်တွေရဲ့ လျှာရင်းကတစ်ဆင့် သူ့ခံတွင်းကို မြိုးမြိုးမြက်မြက်ကလေး စီးဆင်းသွားတာကို လက်တွေ့ ကြုံကြရမှာပါ။ စားရင်းသောက်ရင်း နားနားနေနေ အပန်းဖြေကြမယ်ဆိုရင်တော့ ပင်ပန်းခဲ့သမျှ ဘဝအမောတွေ ကွာလျော့ပြေပျောက်သွားမှာ မုချကေန်ပါ။

ဒေသထွက် လက်ဆောင်တွေအနေနဲ့ တွင်းမထဲမှာပဲ စိုက်ပျိုးထားတဲ့ သနပ်ခါးတုံးမွှေးမွှေးတွေဝယ်ပြီး သနပ်ခါးခြေဆုံးခေါင်းဆုံး လိမ်းလို့ ပျို့မောင်ဘုန်းကို သိမ်းကျုံးဆွဲငင်မယ်လို့ စိတ်ကူးထားရင်လည်း နှမပျိုတွေအလှပိုသွားနိုင်သလိုပဲ အညာသနပ်ခါးရနံ့ မွှေးမွှေးလေးကြောင့်လည်း ရင်ကိုအေးမြသွားစေမှာပါ။ တွင်းမထဲမှာတော့ အုန်းပင်၊ သနပ်ခါးပင်တွေ ပေါများလှသလို ကွမ်းသီးပင်တွေ၊ ကွမ်းရွက်ခြံတွေနဲ့ ဆီးပင်တွေလည်း စိုက်ပျိုးထားကြပါတယ်။

**သဘာဝအလှတရားတွေရဲ့ဖမ်းစားမှုအောက်**

အေးအေးလူလူအချိန်ရလို့ တောင်ခွေတစ်ပတ် ခရီးနှင်ရင်း သဘာဝအလှတရားတွေကို ရှုစားကြမလား၊ အချိန်မရလို့ ခပ်သုတ်သုတ်ခရီးနှင်ရပြန်ဦးမယ်ဆိုရင်လည်း တောင်ဆင်းတောင်တက်လမ်းက တစ်ဆင့် ကားလေး၊ ဆိုင်ကယ်လေးနဲ့ အပြေးကလေးပြန်တက်ပြီးတော့ တွင်းနှုတ်ခမ်းထိပ်ဝကနေ တွင်းမရဲ့ အလှတရားတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ပေါင်းစပ်မှတ်တမ်းဓာတ်ပုံတွေ ယူကြမယ်ဆိုရင်လည်း တစ်သက်လုံး မမေ့နိုင်အောင် သာယာလှပနေတဲ့ ရှုခင်းအလှဓာတ်ပုံတွေကို ပိုင်ဆိုင်ခွင့်ရကြမှာပါ။ နံနက်မိုးသောက် အရုဏ်ဦးအချိန်အခါနှင့် ညနေချမ်း နေဝင်ဆည်းဆာအချိန်တွေမှာ လာရောက်ရှုစားနိုင်မယ်ဆိုရင်တော့ တိုင်းထက်အလွန် တံခွန်နဲ့ ကုက္ကား၊ အလွန့်အလွန်ပနံစားတဲ့ သဘာဝအလှတရားတွေရဲ့ ဖမ်းစားမှုအောက်ကို မလွဲမသွေ ရောက်ခွင့်ကြုံကြရမှာပါ။

ရိုးသားဖြူစင်လှတဲ့ ဒေသခံပြည်သူတွေ၊ ဈေးရောင်းတဲ့၊ စက်လှေမောင်းတဲ့သူတွေရဲ့ အပြုံးချိုမြမြတွေကြောင့်လည်း ဒီခရီးစဉ်ကို တစ်သက်တာလုံးအောက်မေ့ဖွယ်တစ်ခုအဖြစ် စွဲစွဲထင်ထင်ဖြစ်နေဦးမှာပါ။

တွင်းမခရီးစဉ်ဟာ သဘာဝအလှတရားကို မြတ်နိုးခုံမင်တဲ့သူတွေ၊ အပန်းဖြေလိုသူတွေအတွက် သာမက ထူးခြားတဲ့ ရေမြေသဘာဝနဲ့ ကျောက်စိုင်၊ ကျောက်သားတွေရဲ့ ဖွဲ့စည်းတည်ရှိမှုကြောင့် ဘူမိဗေဒပညာရှင်တွေနဲ့ ဘူမိဗေဒကျောင်းသူကျောင်းသားတွေအတွက်လည်း အတွေ့အကြုံဗဟုသုတများစွာကို ပေးစွမ်းနိုင်မယ့် ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ ဒါတင်မကသေးဘူး ဒီတွင်းတွေထဲမှာလည်ပတ်နေတဲ့ စိမ်းပြာရေညှိကနေ ပရိဗိမင်ဆေးဝါးထုတ်လုပ်နေတဲ့ စက်ရုံတွေကိုလည်း ဗဟုသုတရရှိဖွယ်ရာအဖြစ် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြပါတယ်။

မိတ်ဆွေတို့ရဲ့တွင်းမခရီးစဉ်ဟာ တွင်းမတစ်ခုတည်းတွင်သာ အဆုံးသတ်သွားသင့်တာ မဟုတ်သေးပါဘူး။ သူနဲ့ မလှမ်းမကမ်း၊ လက်တစ်ကမ်းအကွာ ၁၅ မိနစ်လောက်သာ မောင်းနှင်သွားလာနိုင်ရင် ရောက်နိုင်တဲ့ တောင်ပျောက်အင်းကြီးကလည်း တွင်းမလိုမခြား၊ အလားသဏ္ဍာန်တူစွာနဲ့ ထီးထီးကြီး တည်ရှိလို့နေပါတယ်။ အဲ့ဒီတောင်ပျောက်အင်းကြီးနဲ့ တွင်းမအင်းရဲ့ အဓိကကွာဟချက်ကတော့ တွင်းမက အတက်အဆင်းပြေလျှောပြီးတော့ တောင်ပျောက်က အတန်ငယ်မတ်စောက်နေတာပါပဲ။ ဒါ့ကြောင့် တောင်ဆင်းတောင်တက် ဝါသနာပါသူတွေအနေနဲ့ တောင်ပျောက်တွင်းကြီးဘက်ကိုလည်း မပျက်မကွက် လှည့်လည်ကွင်းဆင်း လေ့လာသင့်လှပါတယ်။

ဒါတင်မကသေးပါဘူး။ တွင်းမနဲ့ တောင်ပျောက်ကြားမှာ ပိုဇိုလန်ကျောက်တွေထွက်ရှိတဲ့အတွက် ပိုဇိုလန် ကျောက်ထုတ်လုပ်ရေးလုပ်ငန်းခွင်ကိုလည်း လေ့လာနိုင်မှာပါ။ ပိုဇိုလန်ကျောက်ကတော့ ပြာမှိုင်းမှိုင်းအရောင်ရှိပြီးတော့ သူ့ကို ကြိတ်ခွဲအမှုန့်ချေပြီးရင် ဘိလပ်မြေနဲ့ ရောစပ်အသုံးပြုနိုင်တာမို့ တချို့က ဘိလပ်မြေအစားထိုးအဖြစ် သုံးနိုင်တယ်လို့တောင်ပြောကြပါတယ်။ ဒေသခံကျေးရွာတွေကတော့ ပိုဇိုလန်ကျောက်မှုန့်တွေကို လမ်းခင်းတဲ့နေရာမှာ အဓိကသုံးကြပါတယ်။ ဒီကျောက်တွေနဲ့ပတ်သက်ပြီးတော့လည်း ဘူမိဗေဒပညာရှင်တွေက အသေးစိတ်လေ့လာ ဆန်းစစ်မှုတွေ ပြုလုပ်ပြီးတော့ သူ့ရဲ့သဘောသဘာဝတွေကို ဖော်ထုတ်တင်ပြသင့်ပါတယ်။

**"ဒေသခံကျေးရွာတွေကတော့ ပိုဇိုလန်ကျောက်မှုန့်တွေကို လမ်းခင်းတဲ့နေရာမှာ အဓိကသုံးကြပါတယ်၊ ဒီကျောက်တွေနဲ့ပတ်သက်ပြီးတော့လည်း ဘူမိဗေဒပညာရှင်တွေက အသေးစိတ်လေ့လာ ဆန်းစစ်မှုတွေ ပြုလုပ်ပြီးတော့ သူ့ရဲ့သဘောသဘာဝတွေကို ဖော်ထုတ်တင်ပြ"**

တွင်းမခရီးစဉ်အတွက် လမ်းညွှန်ပေးရမယ်ဆိုရင်တော့ မုံရွာမြို့ကနေ မုံရွာ-ယာကြီး-ကလေးဝလမ်းအတိုင်း ၄၅ မိနစ်လောက် မောင်းနှင် လာမယ်ဆိုရင် လယ်ရှည်ကျေးရွာကို ရောက်မှာပါ။ လယ်ရှည် ကျေးရွာကနေတစ်ဆင့် တွင်းမသို့ဆိုတဲ့ ဆိုင်းဘုတ်ညွှန်ထားတဲ့ မြေနီကျောက်ခင်း ဂျင်းလမ်းကလေး အတိုင်းဝင်လာမယ်ဆိုရင်တော့ ၁၅ မိနစ်လောက်ဆိုတာနဲ့ ညို့ညို့ဆိုင်းဆိုင်း ရှုတိုင်းသာစွ မြရောင်စိုစို တောင်ညိုညိုပတ်လည် ဝိုင်းနေတဲ့ သဘာဝအလှ တွင်းမဒေသကို ရောက်ရှိ မှာဖြစ်ပါတယ်။

**တွင်းမရဲ့အချက်အလက်**

တွင်းမရဲ့အချက်အလက်တွေကို တင်ပြရရင်တော့ တွင်းမက ပင်လယ်ရေမျက်နှာပြင်ကနေ ပေ ၄၀၀ မြင့်ပါတယ်။ အမြင့်ဆုံးနေရာက ၈၀၈ ပေအထိရှိပါတယ်။ တွင်းဝန်းကျင်ကနေ ရေပြင် အထိ ၁၄၆ ပေ လောက် နက်ပါတယ်။ သူ့ရဲ့ရေမျက်နှာပြင်က ပင်လယ်ရေမျက်နှာပြင်အထက် ၂၅၄ ဒသမ ၃၂ ပေ မြင့်ပါတယ်။ တွင်းနှုတ်ခမ်း အဝန်းက သုံး ဒသမ ငါးမိုင် ပေ ၁၈၀၀၀ ကျယ်ပါတယ်။ ရေကန်အဝန်းက ၁၀၅၂၀ ပေရှိပြီးတော့ အနက်ဆုံးနေရာက ၁၁၅ ပေအထိ နက်ပါတယ်။ သူ့ရဲ့ရေက PH ၉ ဒသမ ၅၈ ကနေ ၁၀ ဒသမ ၅ လောက်အထိရှိပါတယ်။ တွင်းရေပြင်က ဧက ၁၅၀ ကျယ်ပါတယ်။ တောင်ပျောက်တွင်းကလည်း တွင်းဝန်းကျင်မြေပြင် အမြင့် ပေ ၄၀၀ လောက်ရှိပြီး အမြင့်ဆုံးနေရာကတော့ ပေ ၇၂၀ အထိရှိပါတယ်။ တွင်းဝန်းကျင်ကနေ ရေပြင်အထိ ပေ ၂၀၀ နက်ပါတယ်။ တောင်ပျောက် တွင်းရဲ့ရေမျက်နှာပြင်က ပင်လယ်ရေမျက်နှာပြင်အထက် ၂၄၉ ပေ မြင့်ပါတယ်။ တွင်း နှုတ်ခမ်းအဝန်းက ပေ ၁၃၅၄၀ ကျယ်ပါတယ်။ ရေကန်အဝန်းက ပေ ၇၂၆၀ ရှိပါတယ်။ ရေ အနက်ဆုံးနေရာက ပေ ၇၀ အထိ နက်ပြီးတော့ ရေပြင်ဧရိယာက ၇၅ ဧကရှိပါတယ်။ သူ့ရဲ့ရေက PH ၈ ကနေ ၁၀ လောက်အထိရှိပါတယ်။

မိတ်ဆွေတို့ရဲ့ တွင်းမဒေသခရီးစဉ်ဟာ သဘာဝအလှတရားတွေရဲ့ ဖမ်းစားမှုနဲ့ ဒေသထွက် အစားအစာတွေရဲ့အရသာတွေကြောင့် ပင်ပန်းသမျှအပန်းတွေ ကွာလျော့ပြေပျောက်သွားနိုင်ရုံသာမက ဒီဒေသရဲ့သဘာဝခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဒီဒေသလေးမှာရှိတဲ့ ပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိကာ ဝင်ငွေတွေတိုးလာပြီးတော့ ဒေသတွင်း စီးပွားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးနိုင်မှာ ဖြစ်တဲ့အတွက် ဟောဒီခရီးစဉ်လေးကို ပရဟိတခရီးစဉ်လေးလို့ တင်စားခေါ်ဝေါ်မယ်ဆိုရင်လည်း လွဲမှာမဟုတ်ပါဘူး။

**ဖိတ်ခေါ်လိုက်ပါရစေ**

ဒါ့ကြောင့် တောတောင်ရေမြေသဘာဝ အလှတရားတွေကိုလည်း ခုံမင်မြတ်နိုးတယ်၊ ဒေသ ထွက် အစားအသောက်လေးတွေကိုလည်း တစ်နည်းတစ်ဖုံ မြည်းစမ်းကြည့်ချင်တယ်၊ ဘူမိဗေဒသဘောသဘာဝတွေကိုလည်း ထဲထဲဝင်ဝင် လေ့လာချင်သေးတယ်၊ အဖော်အပေါင်း မိတ်ဆွေများနဲ့ တပျော်တပါးကြီး ခရီးနှင်ခွင့်ရမယ့် အပျော်ခရီးတစ်ခုကိုလည်း ဖန်တီးချင်သေးတယ်ဆိုရင်တော့၊ မိတ်ဆွေတို့ရေ အထက်အညာ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက ကနီမြို့နယ်လေးမှာရှိတဲ့ တွင်းမဒေသကို တစ်ခေါက်တစ်ခါ အရောက်လာပြီးတော့ အပန်းတော်ဖြေလှည့်ပါဦးလို့ ဖိတ်ခေါ်လိုက်ပါရစေနော် ...... ။ ။

## ကရင်ပြည်နယ်၌ နှစ်ဆန်း ၁ ရက်နေ့ သက်ကြီးပူဇော်ပွဲ ကျင်းပ



**ကြာအင်းဆိပ်ကြီး ဧပြီ ၁၈**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်၌ နှစ်ဆန်း ၁ ရက်နေ့ သက်ကြီးပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက်က အမှတ် ၅ ရပ်ကွက်ရှိ မြို့လယ်မွှာရုံ၌ ကျင်းပသည်။

**ဆုမွန်ကောင်း ပေးအပ်ချီးမြှင့်**

အဆိုပါကန်တော့ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက ကန်တော့ကြပြီး ဘိုးဘွားများအား ဆေးဝါးများ၊ အာဟာရအားပြည့် အစားအစာများ အလှူငွေများအား ပေးအပ်လှူဒါန်းကြပြီး အဘိုးတစ်ဦးက ဆုမွန်ကောင်း ပေးအပ်ချီးမြှင့်သည်။

**ပူဇော်ကန်တော့**

သက်ကြီးပူဇော်ကန်တော့ပွဲတွင် ၈၀ နှင့်အထက် အဘိုးအဘွား ၇၄ ဦးအား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး (ပြန်/ဆက်)**

# ပြည်ပသို့ ငါး၊ ပုစွန်ပို့ခြင်းဖြင့် နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာသုံးဘီလီယံရရှိရန် ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်

**ဖျာပုံ ဧပြီ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အခြား မိတ်ဖက်အဖွဲ့အစည်းများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုတို့ကြောင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တတိယအဆင့်၌ ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

**တင်ပြညှိနှိုင်း**

ယခုအခါ ငါး၊ ပုစွန်ပို့ကုန် တိုးမြှင့်ပြီး နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ သုံးဘီလီယံရရှိစေရေးအတွက် တရုတ်၊ ထိုင်ဝမ်နှင့် အင်ဒိုနီးရှားနိုင်ငံများမှ ပညာရှင်များနှင့် ပေါင်းစပ်လျက် မွေးမြူရေးငါးများကို အဆင့်မြင့်မွေးမြူထုတ်လုပ်ခြင်း၊ မွေးမြူထုတ်လုပ်ရန်လိုအပ်သည့် ငါးကန်များ၊ ငါးစာစက်ရုံနှင့် အအေးခန်းစက်ရုံများ တည်ဆောက်မည်ဖြစ်ပြီး ယင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ငွေကျပ် ၁၀၀ ဘီလီယံကို အတိုးနှုန်းသက်သာသည့် ချေးငွေအဖြစ် သတ်မှတ်ပေးနိုင်ရန် တင်ပြညှိနှိုင်းထားကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ငါး၊ ပုစွန် အပါအဝင် ရေထွက်ကုန်ပစ္စည်း တန်ချိန် ၅၆၀၀၀၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၁၁ သန်းကို ရရှိခဲ့၍ မူလလျာထားချက်ထက် ကျော်လွန်ရရှိခဲ့ကြောင်း သိရသည်။ **အောင်ဝင်း(ဖျာပုံ)**



# ရိခေါဒါရ်မြို့ မီးဘေးသင့်ပြည်သူများအရေး နှစ်သိမ့်အားပေးခြင်းဆောင်ရွက်

**ရိခေါဒါရ် ဧပြီ ၁၈**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ အမှတ် ၂ ရပ်ကွက် ဗိုလ်ချုပ်လမ်း မြန်မာ-အိန္ဒိယ နယ်စပ်တံတားအနီး လူနေအိမ်ရှစ်လုံး မီးလောင်ကျွမ်းမှု ဧပြီ ၁၆ ရက် ညနေ ၄ နာရီ ၁၀ မိနစ်မှ စတင်ဖြစ်ပွားခဲ့ပြီး ညနေ ၄ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်သည့်နေရာများ စုပေါင်းသန့်ရှင်းရေးပြုလုပ်မှုကို ဧပြီ ၁၇ ရက် နံနက် ၇ နာရီမှစ၍ ရိခေါဒါရ်တပ်စခန်းမှ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မီးသတ်ဌာနဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရိခေါဒါရ်မြို့ ရပ်ကွက်နှစ်ခုရှိ ရပ်ကွက်လူငယ်များဖြင့် ဆောင်ရွက်ခဲ့သည်။

"မီးလောင်တဲ့နေရာ သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ရာမှာ တပ်ရင်းတပ်ဖွဲ့တွေ၊ ရဲတပ်ဖွဲ့တွေ၊ ဌာနဆိုင်ရာဝန်ထမ်းတွေနဲ့အတူ အမှတ် ၁ ရပ်ကွက်လူငယ်အဖွဲ့တွေကလည်း လာရောက်ကူညီဆောင်ရွက်ပေးတာတွေ့ရတော့ ကျေးဇူးတင်မိပါတယ်။ အခုလို လူအင်အားအပြင် စက်ကြီးတွေ၊ ယာဉ်တွေနဲ့ပါ လာရောက်ကူညီဆောင်ရွက်ပေးတာ တွေ့ရတော့ ကျွန်တော်တို့ အမှတ် ၂ ရပ်ကွက်လူငယ်အဖွဲ့ကိုယ်စား အထူးကျေးဇူးတင်ပါတယ်"ဟု ရပ်ကွက် ၂ လူငယ် ခေါင်းဆောင် ဦးလာလ်နဲ့လျန်နာက ပြောသည်။

မီးလောင်သည့်နေရာ သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်ရာတွင် မီးလောင်သည့် ကြွင်းကျန်အမှိုက်များ၊ တိုက်နံရံအကာအကြွင်းအကျန်များ ဖယ်ရှားရှင်းလင်းခြင်းကို လူအင်အားများအပြင် JCB စက်ကြီး သုံးစီးနှင့် မြေစာသယ်ယာဉ်များဖြင့် စုပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ထို့အပြင် မီးဘေးသင့်အိမ်ထောင်စု ခြောက်ခုတို့အား နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ခေတ္တပြောင်းရွှေ့ဆောင်ရွက်ထားပြီး ရိခေါဒါရ်တပ်စခန်းမှ နယ်မြေခံတပ်မှ တပ်ရင်းမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းမှူးတို့ ဦးဆောင်ပြီး ဌာနဆိုင်ရာများက အိမ်တိုင်ရာရောက် အားပေးစကားပြောကြားခဲ့ကြောင်း၊ မီးဘေးသင့်ပြည်သူများ ကူညီထောက်ပံ့ပေးရေးအတွက် ဌာနဆိုင်ရာများမှ ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ် ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်-

* အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံ ထွက်ခြင်း
* စိတ်ရှုပ်ထွေးခြင်း
* သတိလစ်ခြင်း
* တက်ခြင်း
* ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများခံစားနေရသော လူနာအားတွေ့ရှိပါက -

လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။

လူနာအား နီးစပ်ရာဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့် နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။

အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။

၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။

၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။

၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖြန်းပေးပါ။

၅။ လူနာ၏ လည်ပင်း၊ ဂျိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။

၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခပ်ပေးပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်အလှူ သက်ကြီးဘိုးဘွား ၇၃ ဦးတို့အားပူဇော်ကန်တော့

**မော်လမြိုင်ကျွန်း ဧပြီ ၁၈**

မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်အလှူအဖြစ် မော်လမြိုင်ကျွန်းမြို့ စိတ်တူကိုယ်တူ ပရဟိတအဖွဲ့နှင့် စေတနာရှင်များပူးပေါင်းကျင်းပသော အမှတ် ၁၃ ရပ်ကွက်လုံးကျွတ် တတိယအကြိမ်မြောက် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို ဧပြီ ၁၆ရက်က မော်လမြိုင်ကျွန်းမြို့ အမှတ် ၁၃ ရပ်ကွက် ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ယင်းသက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲတွင် အသက် ၇၅နှစ်အထက် သက်ကြီးဘိုးဘွား ၇၃ ဦးတို့အား တစ်ဦးလျှင် အလှူငွေနှင့် လှူဖွယ်ပစ္စည်း ငွေကျပ်တစ်သောင်းခွဲတို့ကို ပူဇော်ကန်တော့ပွဲကျင်းပရေးကော်မတီနှင့် စေတနာရှင်ဒေသခံပြည်သူများက ပူဇော်ကန်တော့ကြပြီး ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအေးနိုင်က ပူဇော်ပွဲကျင်းပရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက်သက်ကြီးဘိုးဘွားများကိုယ်စား အသက် ၉၃နှစ်ရှိ အဘိုး ဦးမင်းမောင်က တစ်သက်တာလိုက်နာမှတ်သားစရာများကို ဆုံးမစကားပြောကြားပြီး ဆုတောင်း မေတ္တာပို့သသည်။

အဆိုပါ သက်ကြီးဘိုးဘွား ၇၃ ဦးတို့အား ဒေသခံလူငယ်မောင်မယ်များက



နှစ်သစ်ကုသိုလ်ကောင်းမှုအဖြစ် အဘိုးအဘွားများ၏ လက်သည်း၊ ခြေသည်းများကို လှီးဖြတ်ပေးကာ နှစ်သစ်ကုသိုလ်ယူဆောင်ရွက်ကြသည်။ **မော်ကျွန်း-မြင့်အောင်**

# သုံးခွမြို့နယ် တကောရေထိန်းတံခါးတွင် ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

**သုံးခွ ဧပြီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ဇီဝိတဒါနငါးလွှတ်ပွဲကို (မြန်မာနှစ်ဆန်းတစ်ရက်) ဧပြီ ၁၇ ရက်က တကောကျေးရွာ ရေထိန်းတံခါး၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တကောကျေးရွာ ရပ်မိရပ်ဖများ စုစုပေါင်း ၈၅ ဦးတို့ တက်ရောက်ခဲ့သည်။

ထို့နောက် ဇီဝိတဒါန ငါးလွှတ်ပွဲအတွက် ငါးကောင်ရေ ၁၀၀၀၀ အား ရေထိန်းတံခါးအတွင်းသို့ ဇီဝိတဒါန တပျော်တပါးလွှတ်ပေးခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

# မြိတ်မြို့၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ သက်ကြီးပူဇော်ပွဲ ပြုလုပ်ကုသိုလ်ယူ

**မြိတ် ဧပြီ ၁၈**

မြန်မာနှစ်ဆန်း တစ်ရက်နေ့က တစ်နိုင်ငံလုံး၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိကြရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် နှစ်သစ်ကူး ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက်က ကမ်းနားလမ်း ဆိပ်ငယ်ဗောတံတား၌ ကျင်းပခဲ့သည်။

**ကုသိုလ်ပြုလွှတ်ပေးခဲ့ကြ**

ငါးလွှတ်ပွဲတွင် ခရိုင်ခေတ္တအုပ်ချုပ်ရေးမှူး ဦးရည်မွန်၊ ဌာနဆိုင်ရာများ၊ ပြည်သူများ၊ လူမှု ရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြ၍ မြိတ်မြစ် အတွင်းသို့ ကကတစ်သားပေါက်ကောင်ရေ ၂၀၀၀၀၊ ကျောက်ငါး ကောင်ရေ ၅၀၀ နှင့် ကဏန်းကောင်ရေ ၅၀၀ တို့အား ဇီဝိတဒါနအဖြစ် ကုသိုလ်ပြုလွှတ်ပေးခဲ့ကြသည်။

ဆက်လက်၍ သက်ကြီးပူဇော်ပွဲကို ပုလဲရတနာခန်းမ၌ ကျင်းပရာ အဘိုးအဘွားများအား ပူဇော်ကန်တော့ချီးဖြင့် ကန်တော့ကြသည်။

**ကုသိုလ်ကောင်းမှုများ ဆောင်ရွက်ခဲ့ကြ**

ထို့နောက် တက်ရောက်လာကြသူများက အဘိုးအဘွားများအား ကန်တော့အလှူငွေကျပ် ၁၅၀၀၀ စီ ပေးအပ်လှူဒါန်းခဲ့ပြီး အဘိုး အဘွားများအား အာဟာရဒါနကျွေးမွေးခြင်း၊ ကျန်းမာရေး ဆေးစစ်ကုသပေးခြင်းများ၊ ကုသိုလ်ကောင်းမှုများ ဆောင်ရွက်ခဲ့ကြသည်။

**အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ကြမည်**

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် ကန်တော့ခံအသက် ၈၀ နှင့် အထက် စုစုပေါင်း အဘိုးအဘွား ၂၀၈ ဦးရှိပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများအား တာဝန်ရှိသူများက အိမ်တိုင်ရာရောက် သွားရောက်၍ ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၂၉)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

**ကမ္ဘာ့စံချိန်တင် ရာသီဥတုဖြစ်စဉ်များ**

ကမ္ဘာ့မိုးလေဝသနှင့် ရာသီဥတုမှတ်တမ်းတွင် ကမ္ဘာ့အပူဆုံးစံချိန်ကို လစ်ဗျားနိုင်ငံကတင်ခဲ့သလို... ကမ္ဘာ့အအေးဆုံးစံချိန်ကို အန္တာတိကတိုက်က တင်နိုင်ခဲ့သည်။ လစ်ဗျားနိုင်ငံ အဇီဇီယာဒေသ၌ ၁၉၉၂ ခုနှစ် စက်တင်ဘာ ၁၃ ရက်၏ အပူချိန်သည် ၁၃၆ ဒသမ ၄ ဒီဂရီဖာရင်ဟိုက် (၅၈ ဒီဂရီစင်တီဂရိတ်) ရှိခဲ့သည့်အတွက် ကမ္ဘာ့အပူဆုံး နေရာဒေသအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။ ထို့အတူပင် အန္တာတိကတိုက်၏ ဗော့စတော့ဒေသတွင် ၁၉၈၃ ခုနှစ် ဇူလိုင် ၂၁ ရက်က အပူချိန် အနုတ် ၁၂၈ ဒသမ ၆ ဒီဂရီ ဖာရင်ဟိုက် (အနုတ် ၈၉ ဒသမ ၂ ဒီဂရီစင်တီဂရိတ်) ရှိခဲ့သည့် အတွက် ကမ္ဘာ့အအေးဆုံးဒေသအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မိုးလေဝသဆိုင်ရာ သိပ္ပံပညာရှင်တို့ကို အံ့အားသင့်သွားစေခဲ့သော လေပြင်းတိုက်ခတ်မှု တစ်ခုကလည်း ကမ္ဘာ့သမိုင်းတွင် ဖြစ်ပေါ်ခဲ့ဖူးသည်။ အမေရိကန်ပြည်ထောင်စု နယူးဟမ်ရှိုင်းယားပြည်နယ် မောင့်ဝါရှင်တန်၌ ၁၉၃၄ ခုနှစ် ဧပြီ ၁၂ ရက်က တိုက်ခတ်သွားသောလေပြင်းသည် တစ်နာရီလျှင် မိုင် ၂၃၀ နှုန်းရှိခဲ့ပြီး လူ့အသက်အိုးအိမ်စည်းစိမ် အများအပြားကို မိနစ်ပိုင်းအတွင်းမှာပင် ဖျက်ဆီးပစ်ခဲ့ကာ၊ လေပြင်းတိုက်ခတ်နှုန်း အမြင့်ဆုံးအဖြစ် ကမ္ဘာ့မိုးလေဝသမှတ်တမ်း၌ ဝင်ခဲ့သည်။

ကမ္ဘာပေါ်၌ လေဆင်နှာမောင်းတိုက်ခတ်မှု အများဆုံးနိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုအနေဖြင့် မကြုံစဖူးထူးကဲလှသော လေဆင်နှာမောင်း တိုက်ခတ်မှုတစ်ခုကို ကြုံတွေ့ခဲ့ရဖူးသည်။ ၁၉၁၇ ခုနှစ် မေ ၂၆ ရက်က မစ်ဇူရီပြည်နယ်၌ စတင်တိုက်ခတ်သော လေဆင်နှာမောင်းသည် ခရီး အကွာအဝေး ၂၉၃ မိုင်အထိ ရွေ့လျားတိုက်ခတ်သွားခဲ့ပြီး အင်ဒီယာနာပြည်နယ်ထဲသို့ ရောက်ရှိသည့်အခါကျမှသာ အဆုံးသတ်သွားခဲ့သည်။ ထိုလေဆင်နှာမောင်းသည် တိုက်ခတ်ရွေ့လျားမှုလမ်းကြောင်း အရှည်လျားဆုံးသော လေဝဲကြီးတစ်ခုအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဝင်သွားခဲ့ကာ အမေရိကန်လူမျိုးတို့၏ သားစဉ်မြေးဆက် အမှတ်တရရှိခဲ့သော ဖြစ်ရပ်တစ်ခုလည်း ဖြစ်ခဲ့သည်။

အရပ်ဒေသတစ်ခု၌ မိုးရွာသွန်းမှုပမာဏ မည်မျှရွေ့မည်မျှရှိသည်ကို မိုးရေချိန် တိုင်းတာသည့် ကိရိယာဖြင့် တိုင်းတာတွက်ချက် ထုတ်ပြန်ပေးကြရသည်။ တစ်ရက် သို့မဟုတ် တစ်လ သို့မဟုတ် တစ်နှစ်အတွင်း အဆိုပါဒေသ၌ မိုးရေချိန်ပမာဏ မည်မျှရရှိသည်ကို မိုးလေဝသနှင့် ဇလဗေဒဌာနများကစဉ်ဆက်မပြတ် စောင့်ကြည့်ကာ မှတ်တမ်းပြုစု ထားရှိပေးကြရသည်။

ကမ္ဘာ့မိုးရေချိန်မှတ်တမ်းတွင် ထူးထူးခြားခြား စံချိန်တင်ခဲ့သော မှတ်တမ်းမှတ်ရာ နှစ်ခုရှိနေခဲ့ပြီး ယနေ့အချိန်အထိ အဆိုပါ မိုးရေချိန်မှတ်တမ်းများကို စံချိန်ချိုးနိုင်သည့် မိုးရေချိန်ပမာဏမျိုး မရရှိခဲ့ဖူးသေးပေ။ ၂၄ နာရီအတွင်း မိုးရေချိန်ပမာဏ အများဆုံးရရှိခဲ့သော မှတ်တမ်းအဖြစ် မိုးရေချိန်လက်မ ၇၃ ဒသမ ၅ ရရှိခဲ့မှုနှင့် ၃၆၅ ရက် တစ်နှစ်တာအတွင်း မိုးရေချိန်ပမာဏ အများဆုံးရရှိခဲ့သော မှတ်တမ်းအဖြစ် မိုးရေချိန်လက်မ ၁၀၄၁ ဒသမ ၇၅ ရရှိခဲ့မှုတို့သည် ကမ္ဘာ့မိုးရေချိန်ရရှိမှု အမြင့်ဆုံးစံချိန်များအဖြစ် ယနေ့ထိတိုင် မားမားမတ်မတ် ရပ်တည်လျက်ရှိနေကြသည်။

၁၉၅၂ ခုနှစ် မတ် ၁၅ ရက်နှင့် ၁၆ ရက်အကြား၊ ၂၄ နာရီအချိန်ကာလအတွင်း အိန္ဒိယသမုဒ္ဒရာထဲရှိ ဒေသတစ်ခု၌ ရွာသွန်းခဲ့သော မိုးရေချိန်ပမာဏ စုစုပေါင်းမှာ ၇၃ ဒသမ ၅ လက်မရှိခဲ့သောကြောင့်၊ ၂၄ နာရီအတွင်း မိုးရေချိန်ရရှိမှုပမာဏ အများဆုံးအဖြစ် စံချိန်တင်ကာ ကမ္ဘာ့မိုးလေဝသသမိုင်းတွင် မှတ်တမ်းတင် ကျန်ရှိနေခဲ့သည်။

အလားတူပင် ၁၈၆၀ ပြည့်နှစ်၊ ဩဂုတ် ၁ ရက်မှ ၁၈၆၁ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ တစ်နှစ်ပတ်လည်ကာလအတွင်း အိန္ဒိယနိုင်ငံ ချာရာပန်နီမြို့တွင် မိုးရေချိန်ရရှိမှုပမာဏ စုစုပေါင်းမှာ ၁၀၄၁ ဒသမ ၇၅ လက်မ ရှိခဲ့သောကြောင့်၊ တစ်နှစ်တာအတွင်း မိုးရေချိန်ရရှိမှုပမာဏ အများဆုံးအဖြစ် စံချိန်တင်ကာ ကမ္ဘာ့မိုးလေဝသသမိုင်း၌ မှတ်တမ်းဝင်သွားခဲ့သည်။

ကမ္ဘာ့အရပ်ရပ်တွင် မိုးသီးကြွေကျခြင်းကို အများအားဖြင့် တွေ့ဖူးကြုံဖူးလေ့ရှိကြသည်။ မိုးသီးကြွေကျမှု ဖြစ်စဉ်များ၏ ရာခိုင်နှုန်းအများစုတို့တွင် အရပ်အခေါ်အားဖြင့် သာကူစေ့အရွယ်မှ သံပုရာသီးအရွယ်ခန့်အထိ သာရှိသော မိုးသီးများသည် ကမ္ဘာ့မြေပြင်ပေါ်သို့ တဖွဲဖွဲ ကျရောက်လေ့ရှိကြသည်။ မိုးသီးကြွေကျချိန်တွင် ကလေးသူငယ်များအနေဖြင့် အလွန်ပျော်ရွှင်လေ့ရှိကြသလို... လူကြီးသူမများကလည်း ထူးထူးဆန်းဆန်း ဖြစ်ရပ်တစ်ခုအဖြစ် စိတ်ဝင်တစားရှိကြသည်ကို တွေ့ရှိနိုင်သည်။

ကမ္ဘာ့မိုးလေဝသမှတ်တမ်းတွင် အရွယ်အစားအကြီးမားဆုံးသော မိုးသီးကြီးတစ်လုံးမှာ ကောင်းကင်ယံမှ မြေပြင်ပေါ်သို့ ကျရောက်လာခဲ့ဖူးသည်။ ၁၉၈၆ ခုနှစ် ဧပြီ ၁၄ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဂိုပါလ်ဂရီဒေသ၌ တစ်ကီလိုဂရမ် (၂ ဒသမ ၂ ပေါင်) အလေးချိန်ရှိသော ရောမမိုးသီးကြီးကြွေကျခဲ့ရာ ယင်းကို ကမ္ဘာ့အကြီးဆုံးသော မိုးသီးအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။

ကမ္ဘာတစ်ဝန်း၌ အထက်ဖော်ပြပါကဲ့သို့သော လွန်ကဲပြင်းထန်သည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပွား ပေါ်ပေါက်ခဲ့ဖူးသလိုပင်...သဘာဝအလျောက် ဖြစ်ပေါ်ခဲ့သော ထူးဆန်းသည့် ဖြစ်ရပ်တချို့လည်း ရှိခဲ့ဖူးသည်။ သာဓကအားဖြင့် ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ် ကမ်းရိုးတန်းဒေသတစ်ခု၌ အချင်း ၁၀ ပေရှိသော ရောမရေလုံးကြီးပန်းထွက်ရာ၌ အထက်သို့ ၅၀၁၂ ပေအထိ မြင့်တက်ခဲ့သောကြောင့် သဘာဝအလျောက် ရေပန်းထွက်မှု အရွယ်ပမာဏ အကြီးမားဆုံးနှင့် အမြင့်ဆုံးအဖြစ် မှတ်တမ်းတင် ခံခဲ့ရသည်။

၁၈၈၃ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအနီး၌ တည်ရှိခဲ့သော ကရာကာတို ကျွန်းပေါ်ရှိ မီးတောင်ကြီးသည် ဟိုက်ဒရိုဂျင်ဗုံးအလုံး ၃၀ ပေါက်ကွဲအားဖြင့် ပွင့်အန်ပေါက်ကွဲခဲ့ရာ လူ့သမိုင်းတစ်လျှောက် အကျယ်လောင်ဆုံးသော ဆူညံသံကြီး ထွက်ပေါ်ခဲ့သည်။ အဆိုပါ မီးတောင်ပေါက်ကွဲသံကြီးကို ကီလိုမီတာ ထောင်နှင့်ချီ၍ဝေးလံသော ဩစတြေးလျနိုင်ငံ ကုန်တွင်းပိုင်းဒေသများနှင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂါစကာကျွန်းများကပင် အတိုင်းသားကြားခဲ့ကြရသည်။



**“သတ္တလောကတွင် ပတ်ဝန်းကျင်နှင့် လိုက်လျောညီစွာ ရှင်သန်နိုင်စွမ်းမရှိတော့သဖြင့် ပျောက်ကွယ်သွားသော မျိုးစိတ်အများအပြားရှိခဲ့သည်၊ ထိုကဲ့သို့ အပြီးတိုင်ပျောက်ကွယ်သွားခြင်းကို မျိုးသုဉ်းပျောက်ကွယ်မှုဟု ခေါ်ဆိုသည်၊ မျိုးသုဉ်းပျောက်ကွယ်မှု (Extinction) ဆိုသည်မှာ ဇီဝရုပ်တို့ ရှင်သန်ရပ်တည်၍ မရတော့လောက်အောင်အထိ ပြင်းထန်ဆိုးရွားလှသော သဘာဝပတ်ဝန်းကျင် အခြေအနေများကြောင့် မြေကမ္ဘာပေါ်မှ ထာဝရပျောက်ကွယ်သွားခြင်းပင်ဖြစ်သည်”**

ကရာကာတိုမီးတောင်ကြီး ပေါက်ကွဲမှုကြောင့် ပေ ၁၃၀ မြင့်မားသော ပင်လယ်လှိုင်းတံပိုးကြီးများ ထကြွကာ ဂျာဗားကျွန်း အနောက်ပိုင်းဒေသများ၊ ဆူမတြားကျွန်း အရှေ့တောင်ပိုင်းရှိ ကျွန်းငယ်များနှင့် ရွာအားလုံးကို ဝါးမျိုပစ်လိုက်သည့်အတွက် လူပေါင်း ၃၆၀၀၀ ခန့် သေဆုံးခဲ့ရသည်။ ကရာကာတို ကျွန်းကြီးလည်း တစ်စစီကြေမွပျက်စီးကာ ပင်လယ်ရေအောက်သို့ စုံးစုံးမြုပ်သွားခဲ့ပြီး ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားခဲ့သည်။ ထိုဖြစ်ရပ်ကြီးသည် ကမ္ဘာ့အကြီးကျယ်ဆုံး မီးတောင်ပေါက်ကွဲမှုကြီးအဖြစ် မှတ်တမ်းတင်ခံခဲ့ရတာ၊ ယနေ့အချိန်အထိ ထိုမျှလောက်ပြင်းထန်ကျယ်လောင်သော မီးတောင်ပေါက်ကွဲမှု မျိုးကို မကြုံဖူးကြရသေးပေ။

နောက်ဆုံးသာဓကတစ်ခုအဖြစ် ရေခဲအိုင်ပေါက်ကွဲမှုကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရ သောဖြစ်ရပ်ကို ကမ္ဘာ့မှတ်တမ်း၌ မှတ်တမ်းတင်ထားခဲ့သည်ကို အထင်အရှားတွေ့ရှိနိုင်သည်။ ၁၉၄၁ ခုနှစ်က မီးတောင်ရှင်တစ်ခု၏ထိပ်ပေါ်၌ သဘာဝအလျောက် ဖြစ်ပေါ်တည်ရှိနေသော ရေခဲအိုင်ကြီးမှာ မီးတောင် ပေါက်ကွဲပွင့်အန်မှုကြောင့် ဆက်စပ်ပေါက်ကွဲမှုဖြစ်ပေါ်ပြီး ရေခဲအိုင်တစ်ဖြစ်လဲ ဆူပွက်နေသော ရေများက ဘေးမြေသားနံရံများကို ထိုးဖောက်ပြီး မြစ်ကြီးတစ်စင်း အသွင်ဖြင့် အလုံးအရင်းနှင့် စီးဆင်းလာမှုကြောင့် လူပေါင်း ၆၀၀၀ ကျော် သေဆုံးခဲ့ရသည့် ပီရူးနိုင်ငံ၏ ဖြစ်ရပ်သည် ရေခဲအိုင်ပေါက်ကွဲမှုကြောင့် ဖြစ်ရသော လူ့အသက်သေဆုံးရမှုနှုန်း အမြင့်မားဆုံးအဖြစ် ကမ္ဘာ့သဘာဝဘေးအန္တရာယ် မှတ်တမ်း၌ မှတ်တမ်းတင်ခံခဲ့ရသော ဖြစ်ရပ်ကြီးတစ်ခု ဖြစ်ခဲ့ရပေတော့သည်။

**ကမ္ဘာမြေကိုနှုတ်ဆက်၍ ထာဝရခွဲခွာသွားသူများ**

ဤမြေကမ္ဘာကြီးကို မှီခိုရှင်သန်နေကြရသော သက်ရှိအားလုံးတို့အတွက် နေလုံးကြီးသည် အဓိကကျသော စွမ်းအင်အရင်းအမြစ် ဖြစ်သည်။ ဇီဝဟူသည့် ရှင်သန်ဖွံ့ဖြိုးမှုရှိသော အရာတိုင်းအတွက် နေ၏အလင်းရောင်နှင့် အပူရှိန်တို့သည် အစာချက်လုပ်သည့်ဖြစ်စဉ်နှင့် ဆင့်ကဲစားသောက်မှု ဖြစ်စဉ်များကို အဓိကအားဖြင့် ပံ့ပိုးဖြည့်ဆည်းပေးလျက် ရှိနေသည်။

အပင်တို့က နေရောင်ခြည်ကိုရယူကာ အလင်းဖွဲ့အစာချက်လုပ်ခြင်းဖြင့် ရှင်သန်ပွားများကြပြီး ယင်းကဲ့သို့ ရှင်သန်နေကြခြင်းဖြင့် အပင်စားသတ္တဝါများအတွက် အာဟာရဓာတ်ကို ဖြည့်ဆည်းပေးနိုင် ကြသည်။ အပင်စားသတ္တဝါ အများစုတို့ကို အသားစားသတ္တဝါများက ထပ်ဆင့်စားသောက်ကြသလို... အနည်းစုကိုမူ လူသားတို့က ဟင်းလျာများအဖြစ် ချက်ပြုတ်စားသောက်ကြသည်။

အပင်များသည် ဆင့်ကဲစားသောက်မှုဖြစ်စဉ် တစ်နည်းအားဖြင့် အစာကွန်ရက်၏ အခြေခံအကျဆုံးသော အစာများဖြစ်ကြသည်။ အပင်စားသတ္တဝါများကို အသားစားသတ္တဝါတို့က ထပ်ဆင့်စားသောက်ခြင်းဖြင့် မူလအပင်များတွင်ရှိသော စွမ်းအင်များသည် အသားစားသတ္တဝါများဆီသို့ ကူးပြောင်းရောက်ရှိသွားကြသည်။ ကျွဲ၊ နွား၊ သမင်၊ ဒရယ်နှင့် ယုန်စသောတိရစ္ဆာန်များသည် အပင်စားသတ္တဝါများ ဖြစ်ကြသည်။

ကျား၊ ခြင်္သေ့၊ ဝံပုလွေ၊ ဟိုင်အီးနားနှင့် မြေခွေးတို့သည် အပင်စားသတ္တဝါများကို ထပ်ဆင့် စားသောက်ကြသော အသားစားသတ္တဝါများ ဖြစ်ကြသည်။ ထိုသို့သော အသားစားသတ္တဝါများထဲ၌ပင် ဟိုင်အီးနားနှင့် မြေခွေးတို့သည် ကျားနှင့်ခြင်္သေ့တို့ကိုပင် ပြန်လည်စားသောက်သော သားရဲများဖြစ်ကြသည်။ တိရစ္ဆာန်များထဲတွင် ဝက်ဝံမျိုးစိတ်အချို့သည် အပင်ကိုရော အသားကိုပါ စားသောက်ကြသည့် အစုံစားသတ္တဝါများ ဖြစ်ကြသည်။

လူသားတို့သည်လည်း အစုံစားသတ္တဝါများပင် ဖြစ်ကြသည်။ လူတို့သည် အာဟာရအဖြစ် အသားဟင်းလျာများ၊ အသီးအရွက်ဟင်းလျာများ၊ အသားနှင့် အသီးအရွက်တို့ကို ရောနှောချက်ပြုတ်ထားသော ဟင်းလျာများ၊ အသီးအရွက်မျိုးစုံပါဝင်သော ဟင်းလျာများ၊ အသားမျိုးစုံပါဝင်သော ဟင်းလျာများ စသည်တို့ကို မှီဝဲစားသုံးကြရင်း အသက်ရှင် ရပ်တည်နေကြရသည်။

လူနှင့်တိရစ္ဆာန်တို့သည် လည်းကောင်း၊ အပင်ကြီးငယ်တို့သည် လည်းကောင်း အကြောင်းအမျိုးမျိုးဖြင့် သေဆုံးပျက်စီးကြသည့်အခါ ဘက်တီးရီးယားများနှင့် အဏုဇီဝရုပ်များက စားသောက်ကြပြီး အာဟာရဓာတ်များအဖြစ်သို့ ပြောင်းလဲပေးလိုက်ကြသည်။ တစ်နည်းအားဖြင့် အပင်များက စုပ်ယူစားသုံးနိုင်သော မြေဆီဩဇာများကို သဘာဝမြေလွှာထဲသို့ အားဖြည့်ပေးလိုက်ခြင်းပင် ဖြစ်သည်။ ထိုမြေဆီဩဇာများကို စားသုံးပြီး အပင်မျိုးစုံတို့ ရှင်သန်ပေါက်ရောက်လာကြခြင်းဖြင့် ဆင့်ကဲစားသောက်မှုဖြစ်စဉ်၏ ဇီဝယန္တရားကို အသစ်တစ်ဖန် ပြန်လည်၍ အစပျိုးသည်။

လူတို့အပါအဝင် သတ္တဝါအမျိုးမျိုးတို့သည်လည်းကောင်း၊ သစ်ပင်ကြီးငယ် အသွယ်သွယ်တို့သည်လည်းကောင်း၊ မြေအောင်းသတ္တဝါများနှင့် ဘက်တီးရီးယားတို့သည်လည်းကောင်း၊ သာမန်မျက်စိဖြင့် မမြင်နိုင်သော အဏုဇီဝပိုး စသည်တို့ သည်လည်းကောင်း ဇီဝရုပ်များဖြစ်ကြသည်။ ထွေပြားများမြောင်လှသော ဇီဝမျိုးစုံ မျိုးကွဲ အားလုံးတို့အတွက် အစာအာဟာရသည် အခြေခံအကျဆုံးသော လိုအပ်ချက်ကြီးတစ်ရပ်ဖြစ်သော်လည်း၊ ဇီဝရုပ်တို့၏ ရှင်သန်ရပ်တည်ရေးသည် အာဟာရတစ်ခုတည်းအပေါ်၌သာ ရာနှုန်းပြည့်မှီခို၍ မရနိုင်ပေ။ လိုက်လျောညီထွေ ရှင်သန် နေထိုင်နိုင်သော သဘာဝပတ်ဝန်းကျင်၏ အခြေအနေသည် သက်ရှိမျိုးစိတ်အားလုံးတို့ မျိုးဆက်ပွားနိုင်ရန်အတွက် အလွန်အရေးကြီးသော ကျောထောက် နောက်ခံပင် ဖြစ်သည်။

**အပြီးတိုင်ပျောက်ကွယ်သွားခြင်း**

သတ္တလောကတွင် ပတ်ဝန်းကျင်နှင့် လိုက်လျောညီစွာ ရှင်သန်နိုင်စွမ်း မရှိတော့သဖြင့် ပျောက်ကွယ်သွားသော မျိုးစိတ်အများအပြား ရှိခဲ့သည်။ ထိုကဲ့သို့ အပြီးတိုင်ပျောက်ကွယ်သွားခြင်းကို မျိုးသုဉ်း ပျောက်ကွယ်မှုဟု ခေါ်ဆိုသည်။ မျိုးသုဉ်းပျောက်ကွယ်မှု (Extinction) ဆိုသည်မှာ ဇီဝရုပ်တို့ ရှင်သန်ရပ်တည် ၍ မရတော့ လောက်အောင်အထိ ပြင်းထန်ဆိုးရွားလှသော သဘာဝပတ်ဝန်းကျင် အခြေအနေများကြောင့် မြေကမ္ဘာပေါ်မှ ထာဝရပျောက်ကွယ်သွားခြင်းပင် ဖြစ်သည်။

သာဓကအားဖြင့် ကော့စတာရီကာနိုင်ငံ၏ ပေ ၄၀၀၀ ကျော်မြင့်သော တောင်စောင်းသစ်တော များထဲရှိ ရေကန်များတွင် အဝေးကပင်မြင်နိုင်သော ရွှေရောင်အဆင်းရှိဖားပြုပ်များ ရှင်သန်ကျက်စား ခဲ့ကြသည်။ ထိုရေကန်များ တည်ရှိရာ နေရာသည် တိမ်နှင့်မြူခိုးများဖြင့် အမြဲတမ်းအုံ့ဆိုင်းနေသော ဒေသဖြစ်ပြီး ယင်းသို့သော ပတ်ဝန်းကျင်အခြေအနေကို အလွန်နှစ်သက်သည့် ရွှေရောင်အဆင်းရှိသော ဖားပြုပ်များသည် နှစ်ပေါင်းများစွာ ရှင်သန်ပွားများခဲ့ကြသည်။

သို့ရာတွင် ကမ္ဘာ့အပူချိန် မြင့်တက်လာသဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ခန့်မှစ၍ တိမ်နှင့်မြူခိုးများ လျော့ပါးလာမှုကြောင့် ရွှေရောင်ဖားပြုပ်များမှာ အကောင်ရေ သိသာစွာကျဆင်းလာခဲ့သည်။ သုတေသန ပြုချက်များအရ ၁၉၈၈ ခုနှစ်တွင် ၁၀ ကောင်မျှသာကျန်ရှိတော့ရာမှ နောက်တစ်နှစ်အကြာ ၁၉၈၉ ခုနှစ် အရောက်တွင် တစ်ကောင်တည်းသာ ကျန်ရှိတော့ကြောင်း တွေ့ရှိရသည်။ ထိုကာလနောက်ပိုင်းတွင် လုံးဝ မတွေ့ရတော့သည့်အတွက်၊ အဆိုပါ ရွှေရောင်ဖားပြုပ်များသည် ဤမြေကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ် သွားကြပြီဟု သုတေသီတို့က ကောက်ချက်ချခဲ့ကြသည်။

*စာမျက်နှာ ၂၄ သို့*

## လှိုင်ကော်မြို့ မိုးကောင်းဘုရားကြီးအား ရေသပ္ပာယ်ပူဇော်ပွဲ ကျင်းပ

**လှိုင်ကော် ဧပြီ ၁၈**

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ ဆုတောင်းပြည့် မဟာမြတ်မုနိ မိုးကောင်းဘုရားကြီး ရေသပ္ပာယ်ပူဇော်ပွဲကို ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်)က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကယားပြည်နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်ထံမှ ညွှန်ပရိသတ်များက သီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ပြည်နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်၊ သံဃာတော်များနှင့် ပြည်နယ်ဝန်ကြီးချုပ် အမှူးပြုသော ဌာနဆိုင်ရာ တာဝန်ရှိသူများက မိုးကောင်းဘုရားကြီးအား ရေသပ္ပာယ်၍ အမွှေးနံ့သာရည်များဖြင့် ပူဇော်ပြီး ဂြိုဟ်ပြေနာမ်ပြေ ဘုရားများအား ရေသပ္ပာယ်ပူဇော်ခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

## သောက်သုံးရေ အခက်ကြုံနေသည့်ကျေးရွာသို့ ရေများသွားရောက်လှူဒါန်းပေး

**ညောင်ဦး ဧပြီ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဝါခင်းကြီးကျေးရွာအုပ်စု ထန်းပေါက်ရုံကျေးရွာတွင် အဝီစိစက်ရေတွင်း ပျက်နေသဖြင့် ဒေသခံကျေးလက်နေပြည်သူများမှာ သောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသဖြင့် ပုဂံညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ရတနာဘုံစံတောရကျောင်း ဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာ (ရေ/သွေး)ပရဟိတအသင်းမှ အသင်းသားများက သောက်သုံးရေများကို ဧပြီ ၁၅ ရက်က ရေသယ်ယာဉ်ဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေများလှူဒါန်းပေးရာတွင် အဆိုပါကျေးရွာရှိစက်ရေတွင်း အုတ်ရေလှောင်ကန်အတွင်းသို့ ရေဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးဖြင့် ဖြည့်တင်းပေးပြီးနောက် ဒေသခံပြည်သူများထံသို့ ရေများ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ ထို့အပြင် ရွာသစ်တောင်ကျေးရွာတွင် သက်ကြီးဘိုးဘွားများ ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများအားထုတ်ခြင်းများ အေးချမ်းစွာ ပြုလုပ်နိုင်ရေးအတွက် ရည်ရွယ်၍ ရွာသစ်တောင်ဘုန်းတော်ကြီးကျောင်းသို့လည်း ရေဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် ရေများ သွားရောက်ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း အဆိုပါ ပရဟိတရေလှူအသင်းမှ အသင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဝင်းမင်းထွန်းက ပြောသည်။

ရေပြတ်လပ်နေသော ထန်းပေါက်ရုံကျေးရွာတွင် အိမ်ထောင်စု ၁၉၄ စု၊ လူဦးရေ ၉၀၆ ဦးရှိပြီး ကျေးရွာနေပြည်သူများမှာ ယခုလို နွေရာသီအချိန်၌ ကျေးရွာရှိ အဝီစိစက်ရေတွင်းကိုသာ သောက်သုံးရေအတွက် အဓိက မှီခိုအားထားနေရသည်ဖြစ်ရာ ယခု ရေတွင်းပျက်ချိန်တွင် သောက်သုံးရေအခက်အခဲ ကြုံရခြင်းဖြစ်သည်။ ပျက်စီးချွတ်ယွင်းနေသည့် အဝီစိစက်ရေတွင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးရန်ကိုလည်း ကျေးရွာနေဒေသခံပြည်သူများက မျှော်လင့်လျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးချစ်ဆွေကပြောသည်။



**ရဲဝင်းနိုင် (ညောင်ဦး)**

## ဂန့်ဂေါမြို့တွင် လောင်ထောင်ချောင်း ကျောက်စီမြေထိန်းနံရံ တည်ဆောက်လျက်ရှိ

**ဂန့်ဂေါ ဧပြီ ၁၈**

ဂန့်ဂေါမြို့အဝင် ပခုက္ကူ-ထီးလင်း-ဂန့်ဂေါ ကားလမ်းပေါ်ရှိ လောင်ထောင်ချောင်းကူးတံတားအနီးတွင် လောင်ထောင်ချောင်း ကျောက်စီမြေထိန်းနံရံကို မကွေးတိုင်းဒေသကြီး မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေပြီး အဆိုပါစီမံကိန်းအရ မြေထိန်းနံရံကို ဌာနခွင့်ပြုငွေ ကျပ် ၈၇၅ သိန်းဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အလျား ပေ ၅၅၀၊ အမြင့် ၁၀ ပေ၊ အကျယ် ၁၀ ပေရှိ ကျောက်စီနံရံနှစ်ခုကို မကွေးတိုင်းဒေသကြီး မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ မတ် ၁၃ ရက်မှ စတင်တည်ဆောက်နေခြင်းဖြစ်ကာ လုပ်ငန်းများ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ လောင်ထောင်ချောင်းရေ တိုက်စားသဖြင့် အဆိုပါနေရာ၌ မိုးရာသီတွင် ကမ်းပါးမြေပြိုမှုများ နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီး ချောင်းကမ်းပါးမှာ လူနေအိမ်များနှင့်တစ်နှစ်ထက်တစ်နှစ် နီးကပ်လာနေပြီဖြစ်သည်။ ယခု မြေထိန်းနံရံ တည်ဆောက်ပြီးစီးသွားပါက ထိုနေရာတွင် မြေပြိုကျခြင်းမှ ကင်းဝေးမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးကျေးဇူးတင်ကြောင်း ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

**(၁၀၁)**



### ဘိုကလေးမြို့၌ နှစ်ဦးကုသိုလ်ကောင်းမှုများ စုပေါင်းပြုလုပ်

**ဘိုကလေး ဧပြီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက်က ဘိုကလေးမြို့မ ဆွမ်းလောင်းဓမ္မာရုံ၌ ပြုလုပ်ရာ မြို့ပေါ်ရပ်ကွက်များမှ အသက် ၉၅ နှစ်မှ နှစ် ၁၀၀ အတွင်းရှိ အဘိုးအဘွား လေးဦး အပါအဝင် အဘိုးအဘွားဦးရေ ၁၀၀ အား အလှူငွေနှင့် အသုံးအဆောင်ဆေးဝါးများလှူဒါန်းခြင်းတို့အပြင် အဘိုးအဘွားတို့အား မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်များက ဆေးဝါးကုသမှုများ ပြုစုပေးခဲ့သည်။ ထို့နောက် အမှတ် ၅ ရပ်ကွက် ဧရာဝတီဆိပ်ကမ်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်းနှင့်အဖွဲ့က ဇီဝိတဒါနအဖြစ် ငါးကောင်ရေ ၆၀၀ ကျော် လွှတ်ခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

## နှစ်သစ်ကူး သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ်ရွတ်ပွဲများ မြို့နယ်များတွင်ကျင်းပ

နှစ်သစ်ကူးချိန်ကာလဖြစ်သည့် မြန်မာနှစ်ဆန်းတစ်ရက်တွင် မြို့နယ်အသီးသီး၌ သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲများနှင့် သံဃာတော်များအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ပွားခြင်းတို့ကို မြို့နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် နှစ်သစ်ကူးအလှူအဖြစ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်၍ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စေတနာရှင်အလှူရှင်များ ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက် ငါးခုမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် သာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့သည်။

အဆိုပါ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးဇော်နိုင်ဝင်းနှင့် ညွှန်ပရိသတ်များက ဘိုးဘွားများအား ကန်တော့ချိုးဖြင့် ကန်တော့ကြပြီး မြို့ပေါ်ရပ်ကွက်များမှ အဘိုးအဘွား ၁၀၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၃၀၀၀ နှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ပူဇော်ကြသည်။ ထို့နောက် အဘိုးအဘွားများကိုယ်စား အသက် ၉၂ နှစ်ရှိ အဘိုးဦးအုန်းဖေက ဆုပေးကာ ဩဝါဒစကား ပြောကြားခဲ့သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**သထုံ**

မွန်ပြည်နယ် သထုံမြို့နယ်တွင် နှစ်သစ်ကူးအထိမ်းအမှတ် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲများကို ဧပြီ ၁၇ ရက်( မြန်မာနှစ်ဆန်း တစ်ရက်နေ့)က စည်ကားစွာ ကျင်းပခဲ့သည်။



နှစ်ဆန်းတစ်ရက် နံနက်ပိုင်းမှ စတင်ကာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များက သထုံမြို့ ဝါးပါးဆည်အတွင်းသို့ ရွှေဝါငါးကြင်းနှင့် တီလားပီးယားငါးကောင်ရေ ၁၁၀၀၀ ကျော်ကို ဇီဝိတဒါန လွှတ်ပေးခဲ့ကြပြီးနောက် သထုံမြို့၏ ကျက်သရေဆောင် သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်ကြီးတွင် သထုံမြို့နယ်အတွင်းရှိ အသက် ၉၀ နှင့်အထက် ဘိုးဘွား ၈၆ ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကာ လူမှုရေးအသင်းအဖွဲ့ဝင်များက ဘိုးဘွားများအား ခြေသည်း၊ လက်သည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြပြီးနောက် ကျန်းမာရေးဝန်ထမ်းများက ဘိုးဘွားများအား အခမဲ့ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

**သက်ဦး(သထုံ)**

**ကျောက်ဖြူ**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရမ္မာဝတီခန်းမ၌ မြန်မာနှစ်သစ်ကူး သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး ကျောက်ဖြူမြို့ပေါ်ရပ်ကွက် ၁၂ ခုနှင့် ကျေးရွာအုပ်စု(၂)စုမှ အသက်(၈၅)နှစ်အထက် အဘိုးဘွား ၁၃၉ ဦးအား ကန်တော့ခဲ့ကြောင်း သိရသည်။

ကန်တော့ပွဲမစတင်မီတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဘိုးဘွားများအား ခြေသည်း၊ လက်သည်းများအား လှီးဖြတ်ပေးပြီးနောက် ကျောက်ဖြူခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီး၊ ခရိုင်ရဲတပ်မှူး ရဲမှူး ဇော်ဝင်းနှင့်ဇနီး၊ အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးစံ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရွှေလှအောင်နှင့်ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များနှင့် မြို့မိ/မြို့ဖများက ဘိုးဘွားများအား ကန်တော့ကြကာ ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ စီ လှူဒါန်းခဲ့သည်။ ထို့နောက် ကန်တော့ခံအဘိုးဦးလှဋ္ဌေးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ကျောက်ဖြူမြို့နယ်အတွင်း နေထိုင်ပြီး အဆိုပါ ကန်တော့ပွဲအခမ်းအနားသို့ မတက်ရောက်နိုင်သော ဘိုးဘွားများကိုလည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အိမ်တိုင်ရာရောက် သွားရောက်ကန်တော့၍ အလှူငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန် အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနက ကြီးမှူး၍ ရန်ကုန်မြစ်တွင်းတစ်လျှောက်သွားလာလှုပ်ရှား စီးပွားရှာနေကြသော ပြည်သူများဘေးအန္တရာယ် ကင်းရှင်းစေရန် ရည်ရွယ်၍ ပင့်သံဃာတော်များဖြင့် ရန်ကုန်မြစ်တွင်းတစ်လျှောက် (အစုန်/အဆန်) အန္တရာယ်ကင်း ပရိတ်တော်များ ရွတ်ဖတ်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက် နံနက်က ကျင်းပခဲ့သည်။ ထို့အပြင် ရန်ကုန်မြစ်ဆုံတွင်လည်း ဒေသခံများ၏ ယုံကြည်မှုဖြစ်သည့် နဂါးစာ (ဘာလိနတ်စာကျွေးခြင်း)လုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး

ကြည်လွင်မြင့်(မုံရွာ)

မည်သည့်ဆေးဝါးမဆို ဘေးဥပဒ်နှင့် မကင်းပါ။ အနောက်တိုင်းဆေးဝါးများတွင် ကောင်းကျိုးနှင့် ယှဉ်တွဲ၍ မလိုလားအပ်သောဘေးဥပဒ်များ ရှိကြောင်း လူအတော်တော်များများ သိပြီး ဖြစ်ကြပါသည်။ ဥပမာအားဖြင့် အကိုက်အခဲ ပျောက်ဆေးများ သုံးစွဲခြင်းလွန်ကဲလျှင် အစာအိမ်သွေးကြောများ ပေါက်တတ်ကြောင်းကို ဆေးပညာရှင်များက အမြဲသတိပေးနေကြပါသည်။

တိုင်းရင်းဆေးဝါးများသည်လည်း ထိုကဲ့သို့ ကောင်းကျိုးနှင့်ယှဉ်တွဲ၍ မလိုလားအပ်သော ဘေးဥပဒ်များရှိကြောင်းကိုမူ သိသူ အလွန်နည်းပါးလှသည်။ မြန်မာဆေးပဲ ဘာမှအန္တရာယ် မရှိပါဘူးဟု ပြောကြကာ ထင်သလို စားသုံးကြ၊ ထင်သလို ကြော်ငြာရောင်းချတတ်ကြပါသည်။ အမှန်မှာ တိုင်းရင်းဆေးတွင်လည်း တတ်ကျွမ်းသည့်ဆရာ ပညာရှင်များနှင့် မတိုင်ပင်ဘဲ သုံးစွဲလျှင် ဒုက္ခပေးတတ်သော ဘေးဥပဒ်များ ရှိပါသည်။

**မစင်ကြယ်သောကုထုံး**

ထို့ကြောင့်ပင် တိုင်းရင်းဆေးသိပ္ပံ (မန္တလေး) တွင် သင်ကြားပေးနေသော ပညာရပ်များထဲမှ ဆေးပညာဥပဒေသပညာရပ်တွင် ရောဂါတစ်ခုကိုပျောက်ကင်းစေပြီး အခြားရောဂါတစ်ခုကို ဆင့်ပွားမဖြစ်စေမည့် ကုထုံးကိုသာ မှန်ကန်ကောင်းမွန်သောကုထုံးအဖြစ် ဆရာလောင်းများကို သင်ကြားပေးလျက်ရှိပါသည်။ ရောဂါတစ်ခုပျောက်ကင်းပြီး ပေးသောဆေးကြောင့် အခြားရောဂါတစ်ခု ပြောင်းလဲဆင့်ပွားပေါ်ပေါက်လာလျှင် ယင်းကုထုံးကို မစင်ကြယ်သော ကုထုံးဟု ခေါ်ဆိုပါသည်။

**အတွေ့အကြုံ**

စာရေးသူ၏ ဆေးကုသက်တမ်းအတွင်း တွေ့ကြုံရဖူးသော အတွေ့အကြုံများမှ အချို့ကို ဖော်ပြလိုပါသည်။ တစ်နေ့တွင် တိုင်းရင်းဆေးကို ယုံကြည်သုံးစွဲသူပုဂ္ဂိုလ်တစ်ဦး တိုင်းရင်း ဆေးခန်းသို့ ရောက်လာပါသည်။ ထိုသူလာရောက်ပြသသောရောဂါမှာ လေပွပြီး အစားမစားချင်သောရောဂါ ဖြစ်သည်။ မကြာခဏလည်း ကြို့ထိုးတတ်သည်ဟု ဆိုပါသည်။

သူသည် အသက်လေးဆယ်ကျော်ရုံမျှ ရှိသေးသော်လည်း ဆံပင်များ ကွက်ကျားဖြူလျက်ရှိနေသည်။ တိုင်းရင်းနည်းဖြင့် သူ့လက်ကို သွေးစမ်းကြည့်သောအခါ လေပူသွေး (လေပူသွေးဆိုသည်မှာ လက်ကောက်ဝတ်သွေးကို စမ်းကြည့်ရာတွင် သွေးလုံးပွပြီး အလုံးလိုက်ဆောင့်တိုးနေသော သွေးမျိုး) ရှိနေကြောင်း တွေ့ရသည်။ ထို့ကြောင့် သူ၏ရောဂါဖြစ်ပုံနောက်ကြောင်းကိုပါ စစ်တမ်းထုတ်ကြည့်သော အခါ အောက်ပါအတိုင်း သိရှိရပါသည်။

သူသည် လွန်ခဲ့သောခြောက်လခန့်မှစ၍ နနွင်းခါးဆေးလုံးများကို နေ့စဉ် စားသုံးခဲ့သည်ဟု ဆိုပါသည်။ သွေးတိုးနှင့် လေငန်းရောဂါများ ကာကွယ်သည် ဆိုသဖြင့် သူတို့မျိုးရိုးတွင် ယင်းရောဂါများ ဖြစ်ခဲ့ဖူးသူများရှိသဖြင့် စိုးရိမ်ပြီး ကာကွယ်သည့်အနေဖြင့် နနွင်းခါးဆေးလုံးများကို နေ့စဉ် စားသုံးခဲ့သည်ဟု ပြောပြပါသည်။ သူသည် နနွင်းခါးစစ်စစ်ကို ပရဆေးဆိုင်များတွင်ရှာ၍ ဝယ်ယူပြီး သေချာအောင် ရေဆေးသန့်စင်သည်။ မှုံမတက်အောင်ဖြစ်သည်။ ထို့နောက် နေလှန်းအခြောက်ခံသည်။ ပြီးမှ အမှုန့်ကြိတ်စက်သို့ပို့ပြီး အမှုန့်ကြိတ်သည်။ ထိုအမှုန့်ကို ပျားရည်ဖြင့်ဖော်ပြီး ရွေးကြီးစေ့ခန့် ဆေးလုံးများပြုလုပ်ကာ နေပြပြီးနောက် ဖန်ပုလင်းတွင် လေလုံအောင်ထည့်ထားသည်ဟု ဆိုသည်။ ထိုဆေးလုံးကို သုံးလုံးမှစစားပြီး ငါးလုံးအထိတိုးကာ ထမင်းစားပြီးတိုင်း တစ်နေ့နှစ်ကြိမ်စားသည်ဟု ဆိုသည်။ စားခါစလများတွင် အစာကြေပြီး ရင်ချောင်၊ လေလည်သဖြင့် မိမိနှင့် သင့်သည့်ဆေးဟု ယူဆကာ စွဲစားခဲ့သည်ဟု ဆိုသည်။

ထိုသို့ စားသုံးပြီး သုံးလကျော်အကြာမှစ၍ သူ့ဆံပင်များ စ၍ ဖြူလာခဲ့သည်။ အစားပျက်၍ လေပွလာသည်။ ရုံး၌ အလုပ်လုပ်ရာတွင် နေ့လယ်ချိန်ရောက်လျှင် ဇက်ကြောတက်ပြီး မျက်စိများမှုန်လာသည်။ ထိုအချိန်အထိ နနွင်းခါးစားသုံးမှု မတည့်သောကြောင့်ဖြစ်သည်ဟု သူကမထင်။ ရုံးအလုပ်များ၍ဖြစ်သည်ဟုသာ ထင်ပြီး ဆက်လက်စားသုံးခဲ့သည်ဟု ဆိုပါသည်။

တိုင်းရင်းဆေးပညာအလိုအားဖြင့် နနွင်းခါးသည် ပူခါးအရသာရှိပြီး ဓာတ်လောင်ကျွမ်းမှု အားကောင်းစေသော တေဇောဝါယောဂိုဏ်းဆေးမျိုးဖြစ်ပါသည်။ ၎င်းသည် ဓာတ်လောင်ကျွမ်းမှုပေးသော ဆေးမျိုးဖြစ်သဖြင့် ခန္ဓာကိုယ်တွင်းရှိ မကြေညက်ခြင်းနှင့် ပိတ်ဆို့မှုများကို ရှင်းလင်းစေနိုင်ပါသည်။ သွေးတွင်းရှိ အဆီဓာတ်များကိုလည်း ကြေစေနိုင်သဖြင့် သွေးတိုးကိုလည်း ကျစေနိုင်ပါသည်။ သို့သော် စနစ်တကျစားသုံးရန် လိုအပ်ပါသည်။ လိုသည်ထက်ပိုလျှင် ဘေးဥပဒ်ဖြစ်စေနိုင်ပါသည်။

ခန္ဓာကိုယ်တွင် တေဇောဝါယောဓာတ်ခံအားကောင်းနေသူများ၊ တစ်နည်းအားဖြင့် အပူနှင့်လေပူဓာတ် လွန်ကဲနေသူများသည် နနွင်းခါးနှင့် မတည့်ပါ။ သူများပြောသံကြားနှင့် စားသုံးမိရာမှ များလာသောအခါ မူလဓာတ်ခံ အပူဓာတ်နှင့် နနွင်းခါးမှ တေဇောဝါယောဓာတ်တို့ ပေါင်းမိကာ မီးလောင်ရာတွင် လေပင့်သကဲ့သို့ဖြစ်ပြီး ဓာတ်လောင်ကျွမ်းမှုလွန်ကဲ၍ အပူခိုးများ အထက်သို့ရိုက်သဖြင့် မျက်စိမှုန်ခြင်း၊ ဇက်ကြောတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ဆံပင်ဖြူခြင်းစသော တေဇောဓာတ်လောင်ကျွမ်းသောလက္ခဏာများ ပေါ်ပေါက်လာပါလိမ့်မည်။

အမှန်အားဖြင့် နနွင်းခါးစားသုံးရန် သင့်သူများမှာ အဆီဓာတ်များပြီး လူဝဖြိုးမှုလွန်ကဲလာသူများ၊ သီတ အအေးဓာတ်အဖွဲ့လွန်ကဲပြီး အကြောတွင် ပိတ်ဆို့မှုရှိသူများ၊ သွေးအတွင်း အဆီဓာတ်ပိတ်ဆို့ပြီး သွေးတိုးလက္ခဏာ ပြလာသူများ၊ ဆီးချိုရောဂါရှိနေသူများ၊ မွေးညင်းပေါက်များ အာကာသပိတ်၍ ချွေးမထွက်သူများသာ စားသုံးသင့်သောဆေးမျိုး ဖြစ်ပါသည်။

**ပိန်ဆေးနှင့် အဆီကျဆေး**

တစ်ခေတ်တစ်ခါက တိုင်းရင်းဆေးကြော်ငြာများတွင် 'ပိန်ဆေးဟု' ကြော်ငြာရောင်းချရာ စားသုံးသူများခဲ့သည်။ နောက်ပိုင်းတွင် ပိန်ဆေးမဟုတ်တော့ 'အဆီကျဆေး' ဟု ပြောင်းသုံးလာသည်။ အနောက်တိုင်းဆရာဝန်များက ဝလာခြင်း၏ပြစ်ချက်မှာ မကောင်းသော ကိုလက်စထရော(Cholesterol)ဟု ဖော်ပြလာကြသည်။ ကိုလက်စထရောသည် အဆီဖြစ်သဖြင့် အဆီကျဆေးဟု သုံးစွဲသည်ကိုလိုက်ပြီး အဆီကျဆေး (သို့မဟုတ်) အဆီကျပိန်ဆေးဟု သုံးစွဲလာကြခြင်းဖြစ်သည်။

ပိန်ဆေးဟု ကြော်ငြာရောင်းချနေကြသော ဆေးများမှာ နနွင်းခါးနှင့် ဆင်တုံးမနွယ်ကို အဓိကထား၍ ဖော်စပ်ထားသောဆေးက များသည်။ အချို့ဆေးများတွင် ဝမ်းသွားလျှင်ပိန်သည်ဟု ယူဆသဖြင့် ဝမ်းသွားလွယ်ကူစေသော ပွေးကိုင်းနှင့် မင်းကိုကာလို ပရဆေးပစ္စည်းများ ထည့်လာကြသည်။ ထို့ထက်ဆိုးသည်မှာ အူလှိုင်းတွန့်လှုပ်ရှားမှု လွန်ကဲစေသည့် ကနစိုစေ့ကို ထည့်၍ ဖော်စပ်ခြင်းဖြစ်သည်။

ရေရှည်စွဲ၍သောက်သုံးသင့်သော ဆေးမျိုးမဟုတ်ပါ။ ကနစိုသည် ရှေးကပင် သမားကိုင်ဆေးဖြစ်ပါသည်။ လူနာအတွက် ပေးရန်လိုအပ်လျှင် ကနစိုကို အခိုးသတ်ပြီးမှ သမားအတိုင်းအဆဖြင့် ပေးကုပါသည်။ ရေရှည် စွဲမစားခိုင်းပါ။ အဖျက်ဆေးချက်ဖြစ်သဖြင့် ရောဂါကိုတိုက်ဖျက်သည့်အခါသာ သုံးစွဲရပါသည်။ မလိုအပ်ဘဲ မစားသုံးသင့်ပါ။ စားသုံးလိုလျှင်လည်း ကျွမ်းကျင်သော တိုင်းရင်းဆေးပညာရှင်များနှင့် တိုင်ပင်၍ သာ အချိန်ကာလ အတိုင်းအတာဖြင့် စားသုံးသင့်ပါသည်။

**မလိုအပ်ဘဲ မသောက်သင့်**

အခြားတိုင်းရင်းဆေးပစ္စည်း ဆေးဝါးများတွင်လည်း ဤနည်းအတိုင်းပင် ဖြစ်ပါသည်။ ကြက်သွန်ဖြူနှင့် ပျားရည် အစားများ၍ ဒုက္ခရောက်သူများလည်း တွေ့ဖူးပါသည်။ ဆီးကောင်းသည်၊ ကျောက်ကျသည်ဟုဆိုကာ မလိုအပ်ဘဲ သံမနိုင်ကျောက်မနိုင်ရွက်များကို နေ့စဉ်ကျိုသောက်ရာမှ ဆီးသွားလွန်ကဲပြီး ကျောက်ကပ်ထိခိုက် ရောဂါရသူများလည်း ကြုံတွေ့ဖူးပါသည်။ အစွမ်းထက်သော ဆေးပင်ဆေးမြစ်များကို မလိုအပ်ဘဲ မသောက်သင့်ပါ။ ဆီးချို၊ သွေးချို ရောဂါအတွက် မဟော်ဂနီစေ့ အစားများပြီး ကျောက်ကပ်ထိခိုက်သွားသူ၊ ဣသရမူလီဆေး စားပြီး ကျောက်ကပ်အဆိပ်ဖြစ်သူများ ရှိပါသည်။ ကျောက်ကပ်သည် လိုသည်ထက်ပို၍ အလုပ်လုပ်ရလျှင် ပျက်စီးတတ်ပါသည်။

**ကြော်ငြာဆေးနှင့် မှားယွင်းသောသုံးစွဲမှု**

အချို့လူများသည် ရောင်းတမ်းဆေးများက ကြော်ငြာထားသည်များကို အကောင်းထင်ကာ ဝယ်ယူစားသုံးရာမှ မပျောက်ကင်းဘဲ ရောဂါကုသချိန် နောက်ကျပြီးမှ သက်ဆိုင်ရာဆေးရုံသို့ ရောက်သဖြင့် ကုမရတော့ဘဲ ဆုံးရှုံးသွားသည်များလည်း ရှိသည်။ အချို့မှာ ဆေးကို ယုံကြည်မှုလွန်ကဲ၍ အနာလိမ်းဆေးကိုပင် သောက်ဆေးအဖြစ် သုံးစွဲလာသည်ကို တွေ့ရပါသည်။ မှားယွင်းသော သုံးစွဲမှု ဖြစ်ပါသည်။

တိုင်းရင်းဆေး၏ ပညာရပ်များမှာ များစွာကျယ်ဝန်းနက်ရှိုင်းပါသည်။ လူတစ်ဦးနှင့်တစ်ဦး မူလဓာတ်ခံချင်း မတူကြပါ။ ဆေးတစ်မျိုးသည် လူတစ်ဦး၏ရောဂါကို ပျောက်ကင်းစေသော်လည်း အခြားတစ်ဦး၏ အမျိုးတူရောဂါကို မပျောက်စေနိုင်သော ဘုတ်သဘောတရားများ ရှိပါသည်။ ဆေးပင်နှင့် ဆေးပစ္စည်း အာနိသင်ပညာရပ်များမှာလည်း များစွာနက်နဲကျယ်ဝန်းသည်။ ဆေးတစ်မယ်တည်းနှင့်ပျောက်နိုင်သော ရောဂါများရှိသလို ဆေးမယ်များစွာနှင့် ပေါင်းစပ်ကုမှ ပျောက်ကင်းနိုင်သည်များလည်း ရှိသည်။

ရောဂါသိ ဆေးရှိပြီးသည့်တိုင်အောင် ရောဂါရောက်ကြောင်းဖြစ်သည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့နှင့် ညှိနှိုင်းဆန်းစစ် ကုသပေးနိုင်သည့် ဆရာမှသာ ရောဂါကို စင်ကြယ်အောင် ကုသနိုင်သည်။ ထို့ကြောင့် ရောဂါဖြစ်လာလျှင် မိမိထင်ရာ ဆေးမြီးတိုများ၊ ရောင်းတမ်းဆေးများဖြင့် လက်တည့်စမ်း၍ ပျောက်နိုးနိုး ကုသခြင်းမျိုးကို မပြုလုပ်သင့်ကြပေ။

တိုင်းရင်းဆေးဝါးများနှင့်ပတ်သက်၍ အချုပ်အားဖြင့် တင်ပြလိုသည်မှာ မည်သည့်တိုင်းရင်းဆေးမဆို သူများပြောသံကြားနှင့်လည်းကောင်း၊ ကြော်ငြာဖတ်၍လည်းကောင်း မလိုအပ်ဘဲ မသုံးစွဲကြပါနှင့်။ အချို့ကြော်ငြာများသည် ကြော်ငြာသဘောအရ စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်အောင် ပိုပိုသာသာပြော၍ ကြော်ငြာခြင်းမျိုးလည်း ရှိပါသည်။ တကယ်တမ်းသုံးစွဲသောအခါ နောက်ဆက်တွဲဆိုးကျိုး ရှိနေတတ်ပါသည်။ အချို့ဆေးများမှာ သုတေသနပင် မရှိသော ဆေးများဖြစ်ပါသည်။

ယခုအခါ ရန်ကုန်နှင့် မန္တလေးမြို့များတွင် တိုင်းရင်းဆေးရုံနှစ်ရုံနှင့် မြို့နယ်များစွာတွင်လည်း ကျန်းမာရေးဦးစီးဌာန တိုင်းရင်းဆေးပေးခန်းများ ရှိနေပြီး တိုင်းရင်းဆေးရုံများလည်း တိုးတက်ပေါ်ပေါက်လာသည်။ ယခုနှစ်ပိုင်းအတွင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်မြို့ကြီး သုံးမြို့တွင် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးများ ပေါ်ထွက်လာပြီဖြစ်ရာ တိုင်းရင်းဆေးပညာကို တတ်ကျွမ်းနားလည်သည့် သမားတော်များ၊ ဆရာများနှင့် တိုင်ပင်ကုသခြင်းသာ အကောင်းဆုံးဖြစ်သည်။

ရှေးကတိုင်းရင်းဆေးပညာ ဒီပလိုမာဘွဲ့ရများသာ ရှိခဲ့သော်လည်း တိုင်းရင်းဆေးတက္ကသိုလ်ကြီး ပေါ်ပေါက်လာပြီးနောက် အဆင့်အတန်းမီ BMTM ဘွဲ့ရများ၊ MMTM ဘွဲ့လွန်များအထိ ပေါ်ထွက်လာပြီဖြစ်ပါသည်။ တိုင်းရင်းဆေးတက္ကသိုလ်ဆင်း ဆရာများသည် တိုင်းရင်းဆေးဆရာဝန်များ ဖြစ်ပါသည်။

တိုင်းရင်းဆေးဖြင့် ရှေးမြန်မာလူမျိုး ဘိုးဘေးများ သက်ရှည်ကျန်းမာခဲ့ကြသည်ဖြစ်ရာ ရိုးရာဆေးကို လက်မလွှတ်သင့်ပါ။ လက်ရှိလည်း အားပေးနေကြပါသည်။ အချို့မှာလည်း မဖြစ်မနေ အနောက်တိုင်းဆေးဖြင့် ကုသနေရင်း တစ်ဖက်မှ မြန်မာဆေးသုံးစွဲခြင်းဆေးနည်းတို (ဆေးမြီးတို)နှင့် ကုသခြင်းများ ပြုလုပ်နေကြပါသည်။ ကင်ဆာကဲ့သို့ အဆင့်မြင့်ရောဂါများကိုပင် ဆေးမြီးတိုနှင့် ပျောက်ကင်းသွားသူများကိုလည်း လက်တွေ့တွေ့ရပါသည်။ သို့သော် ဆေးတိုင်း မဟုတ်ပါ။ လူတိုင်း မဟုတ်ပါ။ အနောက်တိုင်းဆေးဖြစ်စေ၊ တိုင်းရင်းဆေးဖြစ်စေ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး၊ 'တန်ဆေးလွန်ဘေး' ဟူသော ဆိုရိုးများအတိုင်း ချင့်ချိန်သုံးစွဲကြရန် အမြဲ မမေ့ကြပါနှင့်ဟု သတိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

> **"တိုင်းရင်းဆေး၏ ပညာရပ်များမှာ များစွာကျယ်ဝန်းနက်ရှိုင်းပါသည်၊ လူတစ်ဦးနှင့်တစ်ဦး မူလဓာတ်ခံချင်း မတူကြပါ၊ ဆေးတစ်မျိုးသည် လူတစ်ဦး၏ရောဂါကို ပျောက်ကင်းစေသော်လည်း အခြားတစ်ဦး၏ အမျိုးတူရောဂါကို မပျောက်စေနိုင်သော ဘုတ်သဘောတရားများ ရှိပါသည်"**

## သထုံမြို့နယ် ကလိကျွန်းကျေးရွာ၌ နေအိမ် မီးဘေးသင့်ပြည်သူများအား အိမ်တိုင်ရာရောက် ကူညီကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ၊ ထောက်ပံ့ငွေများ ပေးအပ်

**သုဝဏ္ဏဝတီ ဧပြီ ၁၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ဒုံဝန်းကျေးရွာအုပ်စု ကလိကျွန်းကျေးရွာမြောက်ပိုင်း၌ ဧပြီ ၁၆ ရက် ညနေ ၃ နာရီခန့်က မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးသွား၍ ဧပြီ ၁၇ ရက် ညနေ ၄ နာရီခွဲက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ ကြက်ခြေနီအသင်း၊ လူမှုကူညီရေးအသင်းများက မီးဘေးသင့်ပြည်သူများအား အိမ်တိုင်ရာရောက် လာရောက်၍ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ကလိကျွန်းကျေးရွာမြောက်ပိုင်း ဦးလုထွန်း၏ သွပ်မိုး ပျဉ်ထောင်အိမ်သည် သင်္ကြန်အတက်နေ့ မွန်းလွဲပိုင်းက နေအိမ်၌လူများမရှိခိုက် နေအိမ်အတွင်း မီးလောင်မှုဖြစ်ပေါ်ခဲ့သောကြောင့် အိမ်နှစ်လုံး မီးလောင်ခဲ့ပြီး နေအိမ်တစ်လုံး တစ်ခြမ်းမီးလောင်ခဲ့၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက တစ်အိမ်ထောင်လျှင် ကူညီကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးနှင့်အတူ ပျဉ်ထောင်သွပ်မိုး အိမ်တစ်လုံးအတွက် ကူညီထောက်ပံ့ငွေကျပ် နှစ်သိန်း၊ ဖက်မိုးအိမ်တစ်လုံးအတွက် ငွေကျပ်တစ်သိန်းတို့အား အိမ်တိုင်ရာရောက် လာရောက်ပေးအပ်သည်။ ယခုကဲ့သို့ လာရောက်ကူညီမှုများအား အလွန်ကျေးဇူးတင်ပါကြောင်း မီးဘေးသင့်ပြည်သူတစ်ဦးဖြစ်သူ ကိုကျော်မင်းစိုးက ပြောသည်။

သထုံခရိုင်အတွင်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ယခုအချိန်အထိ မီးဘေးအန္တရာယ် သုံးကြိမ်ဖြစ်ပေါ်ခဲ့ပြီး ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို မီးဘေးသင့်ပြည်သူများအား တတ်နိုင်သမျှ ကူညီမှုများပေးနိုင်ခဲ့ကြောင်း ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးစည်သူစိုးက ပြောသည်။

ခွန်(ဝင်းပ)



# မိုင်းယုဒေသ၏ ရိုးရာဓလေ့ နတ်ငါးခေါ်ယူဆုတောင်းပွဲပြုလုပ်

**မိုင်းယု မေ ၁၈**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့မှ ဒေသခံရှမ်းတိုင်းရင်းသားတို့သည် မိမိတို့ဒေသ အေးချမ်းသာယာပြီး ဒေသဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆန်ရေစပါးပေါ်များစေရေး၊ ကျန်းမာရေး ကောင်းမွန်စေရေးနှင့် စီးပွား လာဘ်လာဘ တိုးတက်ကောင်းမွန်စေရေး ရည်ရွယ်လျက် ရိုးရာဓလေ့ နတ်ငါးခေါ်ယူ ဆုတောင်းပွဲကို နှစ်စဉ်ကျင်းပရာ ယခုနှစ်တွင် မေ ၁၅ ရက် နံနက်ပိုင်းက မိုင်းယုမြို့အနီးရှိ နမ့်လွေချောင်းကမ်းစပ်၌ ကျင်းပခဲ့သည်။

အဆိုပါ နတ်ငါးပူဇော်ပွဲကို တစ်နှစ်လျှင်တစ်ကြိမ် တန်ခူးလကွယ်မှ ကဆုန်လဆန်းအတွင်း ပြုလုပ်လေ့ရှိသည်။ နတ်ငါးခေါ်ယူရာတွင် မိုင်းယုမြို့ပေါ်နှင့် ကျေးရွာများမှ ကာလသား လူပျိုများသည်(အိမ်ထောင်သည်ဖြစ်လျှင် နတ်ငါးစတင်ခေါ်ယူသည့်နေ့ရက်မှစ၍ မိသားစုနှင့်ခွဲနေရသည်) တစ်ရွာလျှင် နှစ်ဦးစီဖြင့် စုစုပေါင်း ၂၀ ခန့်က သွားရောက်ခေါ်ယူကြရသည်။

နတ်ငါးခေါ်ယူသည့်နေ့တွင် ငါးခေါ်မည့်ကာလသားများအဖွဲ့သည် နံနက် ၂ နာရီခန့်မှ စတင်ကာ လူသူ မသိအောင် တိတ်တဆိတ် လှေများဖြင့်သွားရပြီး နတ်ငါးရှိနိုင်သည့် မိုင်းလွေကျေးရွာအုပ်စု ဝမ်ယမ်းခမ်းကျေးရွာအထိ နမ့်လွေချောင်းတစ်လျှောက် သွားရောက်ကာ ခေါ်ယူကြရသည်။ အဆိုပါ နတ်ငါးခေါ်ယူနေစဉ်တွင် မည်သည့်ရေသတ္တဝါတစ်ကောင်မဆို ယင်းချောင်းအတွင်းမှ လှေပေါ်သို့ ခုန်တက်ပြခြင်း၊ ကိုယ်ရောင်ပြခြင်းစသည်ဖြင့် လိုက်ပါသည့် နိမိတ်လက္ခဏာအဖြစ်ပြလေ့ရှိကြောင်း သိရသည်။

ထိုသို့ နတ်ငါးခေါ်ဆောင်မှုအပြီးတွင် ၎င်းအဖွဲ့များက ပျော်ရွှင်စွာ အိုးစည်ဗုံမောင်းတီး၍ ချောင်းတစ်လျှောက် ကမ်းဘေးတွင်တည်ရှိသော ကျေးရွာများသို့ တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်ပြသ အလှူခံကာ မိမိတို့ဒေသရှိ ကမ်းစပ်အထိ ပြန်လာကြရကြောင်း သိရသည်။

ထို့နောက် ကမ်းစပ်တွင် မြို့/ရပ်ရွာ အုပ်ချုပ်သူများက ဦးဆောင်ကာ မြို့မိမြို့ဖများနှင့် နတ်ငါးခေါ်သည့်အဖွဲ့များက ရိုးရာဓလေ့ လုပ်ထုံးလုပ်နည်းများဖြင့် ပူဇော်ကြပြီးနောက် အဖွဲ့များအားလုံးက မိမိတို့ဒေသ အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆန်ရေစပါးပေါ်များလာစေရန်၊ ကျန်းမာစေရန်၊ စီးပွားရေး လာဘ်လာဘ တိုးတက်ကောင်းမွန်စေရန် စသည်ဖြင့် ဆုတောင်းမှုများ ပြုလုပ်ကြရကြောင်း နတ်ငါး ခေါ်ယူဆုတောင်းပွဲနှင့် ပတ်သက်၍ ဒေသခံများ၏ ရိုးရာယုံကြည်မှုအပေါ် မိုင်းယုမြို့မိမြို့ဖများ၏ ပြောကြားချက်များအရ သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**





# မန်းရွှေစက်တော်ရာဘုရား ခြေတော်ရာပိတ်ပွဲကျင်းပ ဘုရားပွဲတော် အောင်မြင်စွာကျင်းပပြီးစီး

**မင်းဘူး မေ ၁၈**
မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ရာ ဘုရားခြေတော်ရာ ပိတ်ပွဲကို မေ ၁၇ ရက်(မြန်မာနှစ်ဆန်း ၁ ရက်) နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အောက်စက်တော်ရာရှိ ခြေတော်ရာမပိတ်မီတွင် ခြေတော်ရာကို ဩဝါဒါစရိယ ဆရာတော်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရွှေဆိုင်းများ ကပ်လှူပူဇော်ခဲ့ကြပြီးနောက် ခြေတော်ရာပိတ်ပွဲကျင်းပခဲ့ခြင်းဖြစ်သည်။ ထို့နောက် မန်းရွှေစက်တော် ဘုရားပွဲတော် ပိတ်ပွဲတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများက မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

အဆိုပါ မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကို မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၅ ရက်မှ ၁၃၈၀ ခုနှစ် ကဆုန်လဆန်း ၃ ရက်အထိ စုစုပေါင်း ၈၇ ရက်ကြာ ရက်ရှည်ကျင်းပခဲ့ရာ ဘုရားပွဲတော်သို့ လာရောက်လုပ်ကိုင်ကြသော လုပ်ငန်းရှင်များ၊ ဈေးသည်များနှင့် မှီခိုနေထိုင်သူများ အများအပြားရှိခဲ့သည်။

အဆိုပါ လုပ်ငန်းရှင်၊ ဈေးသည်နှင့် မှီခိုသူများအားလုံးသည် ဘုရားပွဲတော်ပြီးဆုံးသည်နှင့်အတူ မေ ၂၅ ရက် နောက်ဆုံးထား၍ မိမိတို့လုပ်ငန်းများ၊ ဈေးဆိုင်များ၊ တည်းအိမ်များကို အပြီးဖျက်သိမ်း၍ မိမိတို့ဒေသသို့ ပြန်လည်ထွက်ခွာကြရန် ကြေညာစာထုတ်ပြန်ထားကြောင်းလည်း မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# ကော့ကသောင်ဂူဘုရားသို့သွားနိုင်သည့် ကျေးရွာချင်းဆက် နိုင်လွန်ကတ္တရာလမ်းဖွင့်လှစ်

**ဘားအံ မေ ၁၈**
ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရာဖူးဧည့်သည်များ သွားလာမှုများသည့် အထင်ကရ ရှေးဟောင်း သမိုင်းဝင် ဘုရားဖြစ်သော ကော့ကသောင်ဂူဘုရားသို့ သွားနိုင်သည့် ကော့ကသောင်ကျေးရွာနှင့် လက္ခဏကျေးရွာချင်းဆက် နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မေ ၁၅ ရက်က ကျင်းပခဲ့သည်။

ကော့ကသောင်-လက္ခဏ လမ်းဖွင့်ပွဲတွင် လမ်းဆိုင်းဘုတ်ကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က စက်ခလုတ်နှိပ် ဖွင့်လှစ်ကာ ဘားအံမြို့ သုမေဓါရာမကြားတောရဆရာတော် ဦးစန္ဒာဝရ၊ အုန်းတပင်ကျောင်းဆရာတော် ဦးအဂ္ဂဝံသ၊ ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကရင်ပြည်နယ် နယ်ခြားစောင့်တပ်(BGF) ဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့မှ အထွေထွေ အတွင်းရေးမှူး ဗိုလ်မှူးကြီးစောချစ်သူက လမ်းဖွင့်လှစ်သည့် ရည်ရွယ်ချက်နှင့် ဒေသငြိမ်းချမ်းရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

သမိုင်းဝင်ဂူတစ်ဂူဖြစ်သည့် ကော့ကသောင်ဂူသို့ သွားနိုင်သည့် အဆိုပါ ကျေးရွာချင်းဆက်လမ်းကို ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီနေသည့် ချစ်လင်းမြိုင်ကုမ္ပဏီ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပြီး ကရင်ပြည်နယ်တွင် အထင်ကရ ဂူဘုရားများစွာရှိကာ နိုင်ငံခြားသားများပါ များစွာ အလည်အပတ်လာရောက်နေကြသည်ဖြစ်၍ လာရောက်လည်ပတ်သူတိုင်း သွားလာရေးအဆင်ပြေစေရန် ပြည်နယ်အစိုးရ၊ ဒေသခံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်း ချစ်လင်းမြိုင်ကုမ္ပဏီ ပိုင်ရှင်က ပြောသည်။

အဆိုပါ ကျေးရွာချင်းဆက် နိုင်လွန်ကတ္တရာလမ်းသည် အရှည် ပေ ၃၀၀၀၊ အကျယ် ၁၈ ပေရှိပြီး ထိုလမ်း ပြီးစီးသွားသဖြင့် ဒေသခံပြည်သူများ၏ သွားလာရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဆင်ပြေစေသလို ကော့ကသောင်ဂူဘုရားသို့ လာရောက်လည်ပတ် ဘုရားဖူးကြသော ပြည်တွင်း ပြည်ပမှ ခရီးသွားဧည့်သည်များ အတွက်ပါ များစွာ အဆင်ပြေစေမည်ဖြစ်ကြောင်းသိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ဂျပန်ဈေးကွက်သို့ တင်ပို့နိုင်မည့် အရည်အသွေးကောင်း မကွေးနက် နှမ်းမျိုးစေ့များ ဂန့်ဂေါသို့ရောက်ရှိလာ

**ဂန့်ဂေါ မေ ၁၈**
စားသုံးသူများ ဘေးကင်းလုံခြုံရေးနှင့် ဂျပန်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရေးတို့ကို မျှော်မှန်း၍ ဂန့်ဂေါမြို့နယ် မြောက်ခင်ရန်းကျေးရွာ၌ အရည်အသွေးကောင်း နှမ်းနက်သီးနှံ တစ်ကွင်းတစ်စပ်တည်း ဧက ၅၀၀ ကို စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်ထားရာ အဆိုပါစိုက်ခင်းတွင် စိုက်ပျိုးမည့် မကွေးနက်(၁/၁၃) နှမ်းမျိုးစေ့ တင်း ၅၀ သည် ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသို့ မေ ၁၆ ရက် နံနက်က ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ နှမ်းစိုက်ခင်းအတွက် နှမ်းနက်မျိုး ၆၃ တင်း စိုက်ပျိုးရမည့်အနက် မကွေးနက်(၁/၁၃) နှမ်းမျိုးစေ့ တင်း ၅၀ စတင်ရောက်ရှိလာခြင်းဖြစ်ပြီး ကျန်ရှိသော ၁၃ တင်းမှာလည်း ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် မျိုးကောင်းမျိုးသန့် စိုက်ပျိုးလိုသူများထံ ဖြန့်ဝေပေးနိုင်ရန်အတွက် ဆင်းရတနာ ၅ နှမ်းမျိုး သုံးတင်း၊ မကွေးဖြူ တစ်တင်း၊ မကွေးနှမ်းနီ ၂၅/၁၆၀ နှစ်တင်း၊ မကွေးနက် ၂/၁၄ နှစ်တင်းတို့လည်း ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသို့ ရောက်ရှိနေပြီးဖြစ်သည်ဟု သိရသည်။

ဂန့်ဂေါမြို့နယ်အတွင်းမှ နှမ်းစိုက်တောင်သူများအနေဖြင့် ရာသီဥတုအခြေအနေအရ သင့်တင့်ချိန်အပြီးတွင် နှမ်းများကို စတင်ထွန်ယက် ကြဲပက်စိုက်ပျိုးနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြပြီဖြစ်ကြောင်း မြောက်ခင်ရန်းကျေးရွာမှ ဒေသခံတောင်သူ ဦးဝင်းကြိုင်ထံမှ သိရသည်။

**(၁၀၁)**

# မြိုင်မြို့နယ် ကျောက်ဖူးရွာတွင် လေပြင်းတိုက်၍ အိမ် ၁၈ လုံးနှင့် ဓမ္မာရုံတစ်ရုံ အမိုးများပျက်စီး

**မြိုင် မေ ၁၈**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်-မြိုင်မြို့နယ် ဝက်ကျကျေးရွာအုပ်စု ကျောက်ဖူးကျေးရွာတွင် မေ ၁၄ ရက် ည ၁၁ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၁၈လုံး နှင့် ဓမ္မာရုံ ၁ လုံးမှ သွပ်မိုးအချို့ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု စုစုပေါင်းမှာ ၁၂ ပေသွပ် ၃၅၂ ချပ်နှင့် ၁၀ ပေသွပ် လေးချပ် ခန့်မှန်းတန်ဖိုး ကျပ် ၁၉ သိန်းကျော် ဖြစ်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရခြင်းမရှိကြောင်း၊ အမိုးများပျက်စီးသည့် နေအိမ်များမှ မိသားစုဝင်များအနေဖြင့်လည်း နေရာပြောင်းရွှေ့နေထိုင်ကြခြင်းမရှိဘဲ မိမိတို့ နေအိမ်တွင်သာ ပြန်လည်ပြုပြင်၍ နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်သည့်ကျေးရွာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး ဦးဆောင်သော ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ မေ ၁၅ ရက်က လာရောက်ကြည့်ရှုခဲ့ပြီး လေပြင်းတိုက်ခတ်သည့်ဒဏ်ခံရသည့် ပြည်သူများအား အားပေးစကားပြောကြား၍ လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့ကာ ကျေးရွာတွင် သောက်သုံးရေ အခက်အခဲ မရှိစေရန်လည်း သောက်ရေတွင်းများကိုလည်း စစ်ဆေးခဲ့ကြောင်း သိရသည်။



**(၁၃၅)**

# ကျွန်းလှမြို့တွင် သက်ကြီးပူဇော်ပွဲကျင်းပ

**ကျွန်းလှ မေ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့၌ ဌာနဆိုင်ရာများနှင့် အလှူရှင်များပူးပေါင်းပြီး နှစ်စဉ် နှစ်ဆန်း ၁ ရက်နေ့တိုင်း ကျင်းပမြဲဖြစ်သော သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ယခုနှစ်တွင်လည်း မြို့နယ်စုပေါင်းရုံးခန်းမ၌ မေ ၁၇ ရက်က ကျင်းပခဲ့သည်။ ဘိုးဘွားများအား ကန်တော့ရာတွင် အသက် ၈၅ နှစ်အထက်သက်ကြီးဘိုးဘွား ၉၀ အား အလှူငွေနှင့်ဆေးဝါးပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြပြီး အဘိုးတစ်ဦးကကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲကိုလည်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ စုပေါင်းသွေးလှူပွဲနှင့် ပရိတ်တရားတော်နာယူပွဲ မြစ်ကြီးနားမြို့၌ ကျင်းပ



ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့များက ပရိတ်တရားတော်များ နာယူကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**မြစ်ကြီးနား မေ ၁၈**

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ နှစ်စဉ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တိုင်းတွင် ကျင်းပသည့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ သွေးလှူဒါန်းပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာ မင်္ဂလာအခမ်းအနားကို မြစ်ကြီးနားမြို့၌ ဧပြီ ၁၇ ရက်(နှစ်ဆန်း ၁ ရက်)က ကျင်းပခဲ့သည်။

ဇီဝိတဒါနငါးလွှတ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ဇော်ဂျီလမ်းနှင့် ကမ်းနားလမ်းထောင့်၌ ဧရာဝတီမြစ်အတွင်းသို့ ရွှေဝါငါးကြင်း၊ ငါးဒိန်၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ နှစ်သိန်းကျော်ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။

ထို့နောက် သာသနာ့ဗိမာန်တော်၌ သက်ကြီးဘိုးဘွားပူဇော်ပွဲကို ဆက်လက်ကျင်းပပြီး ဘိုးဘွား ၇၈ ဦးတို့အား ပူဇော်ကန်တော့ကြကာ ပြည်နယ်အစိုးရအဖွဲ့က ဘိုးဘွားတစ်ဦးလျှင် ငွေသားနှင့် ခြုံစောင် တစ်ထည်စီကို လှူဒါန်းကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာန၌ ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဦးစီးကျင်းပသည့် စုပေါင်း သွေးလှူဒါန်းပွဲသို့ သွားရောက်ပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သွေးလှူရှင် ရဟန်းရှင်လူပြည်သူများနှင့် တပ်ရင်း၊ တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးကာ သွေးလှူရှင်များအား ဆေးနှင့်အာဟာရများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကာ အန္တရာယ်ကင်း ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲကို မြစ်ကြီးနားမြို့တော်ခန်းမ၌ ကျင်းပပြီး အံတော်ရှင်ကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော်/သံဃာတော်များက အန္တရာယ်ကင်း

ပြည်နယ်(ပြန်/ဆက်)

# ညောင်ဦးမြို့နယ် အရှေ့ကန်ပေါက်ရွာတွင် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**ညောင်ဦး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့သစ် ဖွားစောကျေးရွာအုပ်စုရှိ အရှေ့ကန်ပေါက်ကျေးရွာတွင် ဧပြီ ၁၆ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က နေအိမ်မီးဖိုချောင် မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့၍ လူနေအိမ် သုံးလုံးနှင့် စူပါကတ်ဆိုင်ကယ် တစ်စီးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုမှာ အဆိုပါကျေးရွာနေ ဒေါ်အေးဝင်း၏ နေအိမ်တွင် မိသားစုစားသောက်ရန် ချက်ပြုတ်ခဲ့သည့် မီးဖိုမီးကြွင်းမီးကျန်မှ အနီးရှိ ထရံအကာကို ကူးစက်လောင်ကျွမ်းရာမှ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါမီးလောင်မှုကြောင့် ဒေါ်အေးဝင်းပိုင်ဆိုင်သော သွပ်မိုး၊ ထရံကာ၊ ဝါးကြမ်းခင်း လူနေအိမ်တစ်လုံး၊ စူပါကတ်အမျိုးအစား မော်တော်ဆိုင်ကယ် တစ်စီးနှင့်အတူ ဒေါ်ဝင်းရီ ပိုင်ဆိုင်သော နေအိမ်နှင့် ဦးမင်းမင်းစိုး ပိုင်ဆိုင်သော နေအိမ်တစ်လုံးတို့လည်း မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ညောင်ဦးခရိုင်မီးသတ်စခန်းမှ မီးသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် တစ် စီး၊ ပုဂံနယ်မြေ မီးသတ်စခန်းမှ မီးသတ်စက်ယာဉ် တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ပုဂံအရန်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ် နှစ်စီး၊ စုစုပေါင်း မီးငြှိမ်းသတ်ယာဉ် ခြောက်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ မီးသတ်စက်ယာဉ် တစ်စီးတို့ဖြင့် သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ၃၉ ဦးနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ ဒေသခံကျေးလက်နေ ပြည်သူများက ပူးပေါင်းငြှိမ်းသတ်ခဲ့ရာ ၁၁ နာရီမိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ မီးကို ပေါ့ဆစွာအသုံးပြုသူ ဒေါ်အေးဝင်းအား ပုဂံနယ်မြေ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ရွှေတိဂုံစေတီတော်၌ ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် မေ ၁၈**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍(၃၂)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို မြန်မာနှစ်ဆန်းတစ်ရက် ဧပြီ ၁၇ ရက်က ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်းတွင် ကျင်းပခဲ့သည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးပြီး ၂၀၀၈ ခုနှစ် မေတ္တာအခါတော်နေ့မှစ၍ စုပေါင်းသွေးလှူဒါန်းပွဲများကို လေးလတစ်ကြိမ် ကျင်းပခဲ့ကြောင်း၊ ကျင်းပပြီးခဲ့သည့် ယခင် ၃၁ ကြိမ်အထိ သွေးပုလင်း ယူနစ်ပေါင်း ၂၂၉၆၉ ပုလင်းတို့ကို လှူဒါန်းပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ရွှေတိဂုံစေတီတော် အလုပ်အမှုဆောင်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးဝင်းနိုင်က ပြောသည်။

"ကျွန်မတို့ အမျိုးသားသွေးဌာနအနေနဲ့ လူနာရှင်တွေအတွက်လိုအပ်တဲ့ သွေးကို အချိန်မီရစေဖို့ သွေးလှူဒါန်းထားသူတွေကို စနစ်တကျ မှတ်ပုံတင်ထားပြီး လိုအပ်တဲ့အခါမှာ သွေးလှူရှင်တွေကို ဖိတ်ခေါ်ပြီး သွေးလှူဒါန်းတဲ့စနစ်ကို ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် လိုအပ်တဲ့သွေးကို ရရှိဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ်နဲ့ ဇီဝိတသံဃဆေးရုံကြီးနဲ့လည်း ချိတ်ဆက်ဆောင်ရွက်ခဲ့ပါတယ်။ ရွှေတိဂုံစေတီတော်သို့ နေ့စဉ်ဘုရားဖူးလာရောက်ကြတဲ့ ပြည်သူတွေ




သွေးလှူဒါန်းနိုင်အောင်လို့ မတ် ၁၀ ရက်ကစပြီး သွေးလှူဒါန်းနိုင်တဲ့ဌာန ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။ ဧပြီ ၁၂ ရက်အထိ သွေးပုလင်း ၂၅၁၈ လုံး လက်ခံရရှိခဲ့ပါတယ်"ဟု ရန်ကုန် ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာသီတာအောင်က ပြောသည်။

အဆိုပါ ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲမတိုင်မီတွင် ရွှေတိဂုံစေတီတော်၌ စေတီတော်ကြီးအား ဆွမ်း၊သစ်သီး၊ ပန်း၊ ရေချမ်း၊ဆီမီးကပ်လှူခြင်း ၊ ပင့်သံဃာနှင့် ဩဝါဒါစရိယဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်ခြင်း၊ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များနာယူခြင်း စသော ကုသိုလ်ကောင်းမှုများလည်း ပြုလုပ်ခဲ့ကြောင်းသိရသည်။ ဧပြီ ၁၇ ရက်သည် မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သည်နှင့်အညီ ရွှေတိဂုံစေတီတော်ကြီးတွင် ဘုရားဖူးလာပြည်သူများ၊ ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဆွမ်းပန်းရေချမ်း ကပ်လှူကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် နံနက်မိုးသောက်မှစတင်ကာ တိုးမပေါက်အောင် စည်ကားများပြားလျက်ရှိသည်ကိုတွေ့ရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

## မှုခင်းသတင်းတိုများ

### တူမီးသေနတ်ပြုတ်ကျပြီး ကျည်ထွက်၍ကိုင်ဆောင်သူဒဏ်ရာရ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကြာအင်းကျေးရွာတွင် တူမီးသေနတ်ကိုင်ဆောင်ကာ တောထဲသို့ သစ်ခုတ်ရန်သွားသူတစ်ဦးသည် မတော်တဆ သေနတ် ပြုတ်ကျရာမှ ကျည်ထွက်၍ ဒဏ်ရာရရှိမှု ဧပြီ ၁၄ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကြာအင်းစုစည်း(၁) ကျေးရွာနေ ဦးဖော်ဝမ်းလုတောင်(၅၂နှစ်)သည် ကျေးရွာ၏အရှေ့တောင်ဘက် ကိုးမိုင်ခန့်အကွာရှိ မန်တင်တောင်(ဒေသအခေါ်-နန်ပစ်ကွင်း)သို့ အိမ်ဆောက်ရန် သစ်ခုတ်သွားစဉ် လင့်စင်ပေါ်သို့တက်ချိန်၌ သားကောင်ပစ်ရန်ယူဆောင်လာသည့် တူမီးသေနတ် ပြုတ်ကျကာ ကျည်ပေါက်ထွက်ရာမှ ယာဘက်တင်ပါးတွင် ကျည်ဆန်ထိမှန် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူ ဦးဖော်ဝမ်းလုတောင်အား လောကတ္ထစရိယ လူမှုကူညီရေးယာဉ်ဖြင့် ဆေးကုသမှုခံယူရန် မိုးကောင်းဆေးရုံသို့ ပို့ဆောင်ထားကာ လိုအပ်သည့် ရဲဆေးစာစစ်ချက်များ ရယူထားကြောင်း မိုးကောင်းမြို့မရဲစခန်းမှ သိရသည်။

ဝင်းနိုင်(ကချင်မြေ)

### ဘုရားဖူးယာဉ်တိမ်းမှောက်၍ တစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဧပြီ ၁၆ ရက် ညနေ ၃ နာရီခန့်က ဘုရားဖူးမော်တော်ယာဉ်တစ်စီး တိမ်းမှောက်၍ ယာဉ်ပေါ်ပါ ခရီးသည် ၁၂ ဦးအနက် တစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာမြို့ ရပ်ကွက်(၅)နေ ယာဉ်မောင်း နန်းထိုက် မောင်းနှင်ကာ ခရီးသည် ၁၂ ဦးတင်ဆောင်လာသည့် လိုက်ထရပ်အမျိုးအစား ဘုရားဖူး မော်တော်ယာဉ်သည် ကောလင်းမြို့နယ် ခမောက်တောင်သို့ ဘုရားဖူးသွားပြီး ပြန်လာစဉ် အင်းတော်မြို့နယ် ပါအောကျေးရွာအနီး မဲဇာ-ဝန်းသို ကားလမ်း ရေဝေတောင်အဆင်း မိုင်တိုင်အမှတ်(၂၉/၆)အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်ပါသည့် ကသာမြို့နေ ကိုဆွေဝင်း(၂၄)နှစ်မှာ ဒဏ်ရာများရရှိကာ နေရာတွင်ပင် သေဆုံးခဲ့ပြီး အခြားလူငယ်ကိုးဦးမှာ ဒဏ်ရာများအသီးသီးရရှိခဲ့၍ ဆေးကုသမှုခံယူရန် အင်းတော်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်တွင် ယာဉ်မောင်းသူ နန်းထိုက်မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အင်းတော်မြို့မရဲစခန်းတွင် အမှုဖွင့်ကာ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

# မြိတ်မြို့တွင် ဆေးလိပ်မီးကျရာမှ ငါးဖမ်းစက်လှေနှစ်စင်း မီးလောင်မှုဖြစ်ပွား



**မြိတ် မေ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်နယ်မြေ ရေနံမြေရပ်ကွက် ကမ်းနားလမ်းရှိ ဦးမောင်စိုးရေခဲတံတားအနီးတွင် ရပ်နားထားသော ရန်နိုင်မင်း ငါးဖမ်းစက်လှေပေါ်ရှိ ငါးဖမ်းပိုက်အဟောင်းများနှင့်ဆီပေနေသော အဝတ်စများ ပုံထားသော အပုံပေါ်သို့ ဖြတ်သွားဖြတ်လာတစ်ဦး၏ ဆေးလိပ်မီးကျရာမှ မီးလောင်မှုဖြစ်ပွားကာ ငါးဖမ်းစက်လှေနှစ်စင်း မီးလောင်မှု ဧပြီ ၁၆ ရက် ညနေ ၅ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။

မီးစတင် လောင်ကျွမ်းခဲ့သော ရန်နိုင်မင်း ငါးဖမ်းစက်လှေမှာ မြို့သစ်(၃) ရပ်ကွက် ဈေးဟောင်းလမ်းနေ ရေလုပ်ငန်းလုပ်ကိုင်နေသူ ဦးဌေးမြင့် ပိုင်ဆိုင်သော ငါးဖမ်းစက်လှေဖြစ်ပြီး မီးလောင်မှုကို မီးသတ်ဦးစီးဌာနသို့ ပြည်သူတစ်ဦးက တယ်လီဖုန်းသတင်းပေးပို့သဖြင့် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် သုံးစီး၊ အရန်မီးသတ်စခန်းများမှ မီးငြှိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် တစ်စီး၊ ရပ်ကွက်ရေသယ်ယာဉ် တစ်စီး၊ စုစုပေါင်း ၁၃ စီးဖြင့် မြိတ်ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်းငြှိမ်းသတ်မှုကြောင့် ညနေ ၆ နာရီခန့်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ရန်နိုင်မင်း ငါးဖမ်းစက်လှေ၏ ပေါင်းမိုးတစ်ခု၊ OTR-7 အင်ဂျင်တစ်လုံး၊ မြတ်နိုးခင် ငါးဖမ်းစက်လှေမှ ပေါင်းမိုးတစ်ခု မီးလောင်ကျွမ်းခဲ့ပြီး စုစုပေါင်း ကျပ်သိန်း ၂၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးစတင်လောင်ကျွမ်းချိန်တွင် DCP မီးသတ်ဆေးဘူးဖြင့် ကနဦးမီးငြှိမ်းသတ်ထားကာ မီးလောင်မှုအတွက် မီးသတ်ယာဉ်များမှ အမြှုပ် ဆေးရည်များဖြင့် ငြှိမ်းသတ်ခဲ့ရကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ မီးလောင်မှုတွင် တာဝန်ရှိသူ ငါးဖမ်းစက်လှေအစောင့် မောင်ဇော်အား မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



## ကျောက်စိမ်းဘုရားနှင့် ကျောက်စိမ်းလိုဏ်ဂူတော်သို့ ဘုရားဖူးလာသူများ စည်ကား

**မန္တလေး မေ ၁၈**

မန္တလေးခရိုင် အမရပူရမြို့နယ် ဆင်ရွာ မြင်းမှူးကျေးရွာအုပ်စု ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် ၃၆၁ အနောက်ဘက်ရှိ ဝေရောစန ကျောက်စိမ်းစေတီတော်ကြီးနှင့် ကျောက်စိမ်းလိုဏ်ဂူတော်ကြီးသို့ မြန်မာနှစ်ဆန်း ၁ ရက်နေ့က ညမိုးချုပ်သည်အထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးများက ကျောက်စိမ်းဘုရားအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကာ ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်း၍ ဘုရားမျက်နှာသစ်တော်အတွက်လည်း သနပ်ခါးသွေးလှူဒါန်းကြကြောင်းနှင့် ဘုရားဖူးလာပြည်သူများအား ဘုရားဒါယကာ အလှူရှင် ဦးစိုးနိုင်နှင့် ဂေါပကအဖွဲ့ဝင်များက ကြာဆံဟင်းခါး၊ ဈေးသူ ဈေးသားများက ကောက်ညှင်းပေါင်း၊ အကြော်ဖြင့်လည်းကောင်း၊ စတားခတ်ပုံတိုက်မှ ရေခဲမုန့်၊ ကျေးရွာသူကျေးရွာသားများက မုန့်လုံးရေပေါ်နှင့် စိမ်းရွှင်သာကျောက်မျက်ကုမ္ပဏီမှ အချိုရည်များဖြင့်လည်းကောင်း စေတနာကျွေးမွေးကုသိုလ်ပြုကြရာ ဘုရားဖူးများနှင့် ဧည့်သည်များ အထူးစည်ကားလျက်ရှိကြောင်း တွေ့ရသည်။

**အောင်စံမောင်**

## နှစ်ဆန်း ၁ ရက်နေ့တွင် မန္တလေးမြို့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**မန္တလေး မေ ၁၈**

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မန္တလေးမြို့ပေါ်၌ နံနက်အရုဏ်တက်ချိန်မှစ၍ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီး ဘုရားပုထိုးစေတီတော်များ၌ လည်းကောင်း၊ မြို့နယ် ရပ်ကွက်များ၊ ဌာနဆိုင်ရာရုံးများတွင် နှစ်သစ်မင်္ဂလာအခါတော်ပွဲများ၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပခဲ့ကြသည်။

ဘုရားနီဘုရား၊ စွယ်တော်မြတ်စေတီတော် စသည့် တန်ခိုးကြီးဘုရားတို့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိရာ စေတနာရှင် အလှူရှင်များကလည်း စတုဒိသာ အအေး၊ ရွှေရင်အေး၊ ကြာဆံဟင်းတို့ဖြင့် လှူဒါန်းကျွေးမွေးလျက်ရှိကြသည်။

နှစ်ဆန်း ၁ ရက်နေ့ နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီး ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားများကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး စည်ပင်ရုံးရှေ့ ကျုံးတောင်ဘက်ရေပြင်သို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဆောင်ကာ တာဝန်ရှိသူများက ငါးမြစ်ချင်း၊ ငါးသား ပေါက်ကောင်ရေ တစ်သောင်းကို ကျုံးရေပြင်အတွင်းသို့ စုပေါင်းဘေးမဲ့လွှတ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့တော် ခန်းမ၌ မန္တလေးခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွား ၂၅၅ ဦးတို့အား အသက်ကြီးပူဇော်ပွဲ ကျင်းပရာ **(အောက်ပုံ)** တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တစ်ဦးလျှင် အလှူငွေကျပ် ၅၅၀၀၀ နှင့် ဂါရဝပြု လှူဖွယ်ပစ္စည်းများဖြင့် တစ်ဦးချင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



**စာမျက်နှာ ၁၉ မှ**

အလားတူပင် Mammoth ခေါ် အမွေးထူဆင်ကြီးများသည်လည်း လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀၀ နှင့် ၁၂၀၀၀ အကြားတွင် မျိုးသုဉ်းပျောက်ကွယ်ခဲ့ကြသလို မောရစ်ရှကျွန်းတွင် ရှင်သန်ကျက်စားခဲ့ကြသော ဒိုဒိုအမည်ရှိ အတောင်ပံပါပြီး မပျံသန်းတတ်သော ငှက်တစ်မျိုးသည်လည်း ၁၆၆၅ ခုနှစ်တွင် လုံးဝပျောက်ကွယ်သွားခဲ့သည်။

သိပ္ပံသုတေသီတို့က လွန်ခဲ့သော နှစ်သန်းပေါင်း ၃၀၀၀ ခန့် ကာလတွင် သက်ရှိများ စတင်ဖြစ်တည်ခဲ့ကြောင်း ခန့်မှန်းထားကြသည်။ ထိုစဉ်က အပင်နှင့် သတ္တဝါအားလုံးတို့သည် ကုန်းမြေပေါ်၌ ရှင်သန်နေထိုင်နိုင်ခြင်းမရှိသေးဘဲ ပင်လယ်နှင့် သမုဒ္ဒရာများထဲ၌သာ ရှင်သန်နေထိုင်ခဲ့ကြသည်။ ထိုအချိန်ကာလမှစ၍ မျက်မှောက်ကာလထိတိုင် မျိုးသုဉ်းပျောက်ကွယ်မှုကြီး ခြောက်ကြိမ်တိုင်တိုင် ဖြစ်ပေါ်ခဲ့သည်။

**ပထမအကြိမ် မျိုးသုဉ်းပျောက်ကွယ်မှုကြီး**

ပထမအကြိမ် မျိုးသုဉ်းပျောက်ကွယ်မှုကြီးသည် လွန်ခဲ့သော နှစ်သန်းပေါင်း ၄၈၈ မှ ၄၄၄ အတွင်း၌ ဖြစ်ခဲ့သည်။ ထိုခေတ်ကာလကို သိပ္ပံသုတေသီတို့က အော်ဒိုဗီဆီယန်ကာလ (Ordovician Period) ဟု အမည်တပ်ခဲ့ကြသည်။ ပထမအကြိမ် မျိုးသုဉ်းပျောက်ကွယ်မှုတွင် ဘရာချီပေါ့ဒ် (Brachiopods) နှင့် အီချီနိုဒမ် (Echinoderms) စသော ကျောရိုးမဲ့ရေသတ္တဝါများစွာတို့အပါအဝင် သတ္တဝါမျိုးရင်း ၂၅ ရာခိုင်နှုန်းနှင့် မျိုးစိတ် ၈၅ ရာခိုင်နှုန်းတို့ မျိုးသုဉ်းပျောက်ကွယ်ခဲ့ကြသည်။

သိပ္ပံသုတေသီတို့က ရာသီဥတုပြောင်းလဲမှုကြောင့် အအေးလွန်ကဲသော ကမ္ဘာကြီးအဖြစ်သို့ ပြောင်းလဲကာ ပင်လယ်ရေမျက်နှာပြင် နိမ့်ကျသွားမှုကြောင့် ပူနွေးသော သန္တာကျောက်တန်းဒေသများ၌ ရှင်သန်ကျက်စားသည့် ရေသတ္တဝါများ အစုလိုက် အပြုံလိုက် သေဆုံးခဲ့ခြင်းဖြင့် ပထမအကြိမ် မျိုးသုဉ်းပျောက်ကွယ်မှု ဖြစ်ခဲ့ရသည်ဟု သုံးသပ်ခဲ့ကြသည်။ အချို့သော သိပ္ပံသုတေသီတို့ကမူ စူပါနိုဗာ (Super Nova) ကြယ်စုကြီး ပေါက်ကွဲပြီး ဂမ်မာရောင်ခြည်များ ထွက်ပေါ်လာမှုကြောင့် အိုဇုန်းလွှာကြီးပျောက်ကွယ်သွားကာ ခရမ်းလွန်ရောင်ခြည်များ လွန်ကဲပြင်းထန်စွာ ကျရောက်လာသဖြင့် ရေသတ္တဝါမျိုးစိတ် အများအပြားတို့ မျိုးသုဉ်းခဲ့ကြရသည်ဟု ယူဆခဲ့ကြသည်။ ။

## မဟာသင်္ကြန်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်ပွားမှု ယခင်နှစ်များထက်လျော့နည်း

**ရန်ကုန် မေ ၁၈**

မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း သင်္ကြန်နှင့်ပတ်သက်သော မှုခင်းဖြစ်ပွားမှုမှာ ကိုးမှုဖြစ်ပွားခဲ့ပြီး ယခင်နှစ်က ၁၂ မှုဖြစ်ပွားခဲ့သဖြင့် ယခင်နှစ်ကထက် သုံးမှု လျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။

ယခုနှစ် သင်္ကြန်နှင့်ပတ်သက်၍ မှုခင်းဖြစ်ပွားမှုမှာ ယာဉ်နာကျင်မှု နှစ်မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ လေးဦး၊ ဒဏ်ရာရရှိသူ ကိုးဦးရှိသည်။ နာကျင်စေမှု လေးမှု ဖြစ်ပွားခဲ့ရာ ဒဏ်ရာရရှိသူ ခြောက်ဦးရှိပြီး ကျန်အခြားအမှု သုံးမှုတွင် ဒဏ်ရာရရှိသူ နှစ်ဦးရှိခဲ့သည်။

သင်္ကြန်ကာလအတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ကြိုတင်ကာကွယ်အရေးယူမှုအနေဖြင့် မူးယစ်ရမ်းကားမှု ငါးမှု၊ ရဲအက် ၃၀(က) တစ်မှု၊ လက်နက်များ အက်ဥပဒေပုဒ်မအရ အရေးယူမှု တစ်မှု၊ ယစ်မျိုးဥပဒေအရ အရေးယူမှု ၁၂ မှု၊ ခါးပိုက်နှိုက်ပြစ်မှုကျူးလွန်သူများအား ကျင့်ထုံးဥပဒေပုဒ်မ ၅၄ ဖြင့် အရေးယူမှု ၃၇ မှုအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

သင်္ကြန်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံအသီးသီး၌ ထိခိုက်ဒဏ်ရာရရှိသဖြင့် လာရောက်ဆေးကုသသူ ၃၀၁ ဦးရှိခဲ့ပြီး ဒဏ်ရာရရှိသူများအနက် ၁၃၇ ဦးနှင့် စပ်လျဉ်း၍ ယာဉ်နာကျင်မှုနှင့် ခိုက်ရန်ဖြစ်ပွားနာကျင်စေမှု ၇၉ မှုဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

သင်္ကြန်ပွဲတော်တွင် ဘေးကင်းလုံခြုံစွာ ရေကစားနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့် အချက်များကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ရေပက်ခံမော်တော်ယာဉ်များပေါ်တွင် သို့ဝှက်ယူဆောင်လာသည့် တုတ်၊ ဓားလက်နက်၊ အရက်ဘီယာပုလင်းများနှင့် သရုပ်မျက်နှာဖုံးများအား ရှာဖွေစစ်ဆေးသိမ်းဆည်းခြင်းတို့ကို ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အပြင် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## တောင်ကုတ်မြို့နယ်၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**တောင်ကုတ် မေ ၁၈** - တောင်ကုတ်မြို့နယ် ဂျီပြင်ကျေးရွာရှိ အဖြူရောင်အလင်းတန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲကို ဧပြီလဒုတိယပတ်က ကျင်းပသည်။ အခမ်းအနားတွင် ဂျီပြင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းဝင်း၊ အဖြူရောင်အလင်းတန်းစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ အောင်သာဆန်း(သံတွဲ)က စာကြည့်တိုက်ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြောခဲ့ကြပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးက သုတ၊ ရသ စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**




# M.K.T Construction Co.,Ltd

မြန်မာ့ နှစ်သစ်ကူးအခါသမယတွင် မြန်မာပြည်သူ ပြည်သားများ အားလုံး ကျန်းမာချမ်းသာပျော်ရွှင်ပြီး ကံကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။



ရုံးချုပ်-အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်း နှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁-၈၃၈၂၄၂၃၊ ၀၁-၈၃၉၈၁၉၁၊ ၀၁-၈၂၄၅၇၈၆ ၀၉- ၇၃၀၇၂၂၅၀၊ ၀၉-၈၆၃၁၀၅၇

Website: www.mktconstruction.com Email: marketing@mktconstruction.com.

Facebook: www.facebook.com/mktconstruction.mm



# မြန်မာနှစ်သစ်ကူးဆုတောင်းလွှာ

မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ တန်ခူးလ၊ မြန်မာနှစ်သစ်ကူး အခါသမယတွင် ဦးကြူမိသားစုဂျုံစက်မှ ထုတ်လုပ်ရောင်းချသော ဂျုံမှုန့်များကိုဝယ်ယူအားပေးကြသည့် မိတ်ဟောင်းမိတ်သစ်များ နှင့်တကွမြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့်အလုပ်အကိုင် စီးပွားလာဘ်လာဘများ ဆထက်ထမ်းပိုး တိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကြူ- OK မိသားစုဂျုံစက်



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9N/1676 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**



**မြေကွက်များဈေးကောင်းပေးဝယ်လိုသည်**

ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်။

**အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို**

မဉ္ဇူ 01-2339310,01-2339355,01-578044



**"နှစ်သစ်ကူး ဆုမွန်လွှာ"**

ဇော် မိတ္တူ၏ မိတ်ဟောင်း၊ မိတ်သစ် အပေါင်းတို့ ခင်ဗျား ...

မြန်မာသက္ကရာဇ် ၁၃၈၀ တန်ခူးလနှစ်သစ်တွင် မိတ်ဆွေတို့၏ လုပ်ငန်းများ တိုးတက် အောင်မြင်ပြီး ကိုယ်စိတ်နှလုံးသုံးပါးစလုံးရွှင်ပြုံးကြပါစေရန် ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။

နှစ်သစ်တွင် အကောင်းဆုံး အရည်အသွေး၊ အသက်သာဆုံး ဈေးနှုန်းဖြင့် မိတ္တူ၊ ကွန်ပျူတာ နှင့် စာအုပ်ချုပ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး **အမှတ်(၅/ခ) ဗေယျာသီရိလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်** တွင်လည်း ဆိုင်ခွဲဖွင့်လှစ်ထားပြီ ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဇော် အဆင့်မြင့် မိတ္တူ၊ ကွန်ပျူတာ နှင့် စာအုပ်ချုပ်လုပ်ငန်း မိသားစု

Door to Door Delivery

Open Daily 7:30 Am to 9:00 PM

High Quality, Low Price!



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် AA/3984 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**


**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ် (၄၀၆)၊ ဦးပိုင်အမှတ် (၁၇၇-င) ကန်ပတ်လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံ မြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဖေသန်း ၁၂/မရက(နိုင်) ၀၇၂၉၂၄ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၁၀၀/၂၀၁၇) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးချမ်းငြိမ်းလင်း ၁၂/မဂတ(နိုင်)၀၈၄၉၄၉ မှ ဂရန်စာချုပ်မူရင်း အသိမ်းလွန် ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**အများသိစေရန် အသိပေးကြေညာခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ ကွယ်လွယ်ရပ်ကွက်၊ ကွင်းအမှတ်-၂၀၆(စ)၊ ကွင်းအမည် ကွမ်းခြံ၊ ဦးပိုင်လုပ်ကွက်အမှတ် (၅၆/၁)၊ မြေအမျိုးအစား (ဥယျာဉ်)၊ ဧရိယာ ၁ ဒသမ ၇၅ ရှိ မြေကွက်သည် ကျွန်ုပ်မိတ်ဆွေ ဦးလှဆွေ ALN-086004 နှင့် အစ်မတော်စပ်သူ ဒေါ်လုံးတင် ၁၂/သဃက(နိုင်)၀၉၆၈၂၇ တို့၏ အဘိုး ဦးဘစံအမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ အဘိုးအဘွားများ ကွယ်လွန်သွားကြပြီးဖြစ်၍ ကျွန်ုပ်အမှုသည် ဦးလှဆွေနှင့်ဒေါ်လုံးတင်တို့မောင်နှမ အမွေဆက်ခံပိုင်ဆိုင်ပါသည်။ ဒေါ်လုံးတင်သည် ၎င်း၏အမွေဝေစုအားလုံးဖြစ်သော မြေကွက်၏အရှေ့ဘက်ခြမ်းကို ဦးလှစိုးဆိုသူသို့ လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ အနောက်ဘက်အခြမ်းထက်ဝက်တိတိကို ကျွန်ုပ်မိတ်ဆွေ ဦးလှဆွေက ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။ မြေ၏အလားအလာမှာ အရှေ့ဘက်တွင် ဦးလှစိုးမြေကွက်၊ အနောက်ဘက်တွင် ဦးမြင့်သန်းမြေကွက်၊ တောင်ဘက်တွင် ဦးသန်းမောင်မြေကွက်၊ မြောက်ဘက်တွင် ဦးလိမ်ကွတ်မြေကွက်တို့ ဆက်စပ်လျက်ရှိပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးလှဆွေပိုင်ဆိုင်သောမြေကွက်ပေါ်သို့ ကျူးကျော်ဝင်ရောက်ခြင်း၊ လွှဲပြောင်းရောင်းချ ပေါင်နှံပေးကမ်းခြင်း၊ ငှားရမ်းခြင်းနှင့် အမည်ပြောင်းလျှောက်ထားခြင်းတို့မပြုလုပ်ပါရန် အသိပေးတားမြစ်လိုက်ပါသည်။ မလိုက်နာဖောက်ဖျက်ပါက တည်ဆဲဥပဒေများနှင့်အညီ မလွှဲမသွေ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းသိစေလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်ဇော် (မရမ်းကုန်း) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၂၃)**

**ဖုန်း-၀၉-၂၅၃၂၂၅၁၅၁**


**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
**အသက်(၉၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ (ဒေါ်ငွေစီ)၏ ချစ်လှစွာသောခင်ပွန်း၊ နေပြည်တော်နေ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ဖခင် ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ အသက်(၉၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှစွာသောဖခင် မအိပြည့်ပြည့်ဖြိုး၊ မောင်ခန့်စည်သူတို့၏ အဘိုးဖြစ်သူ ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဝန်ထမ်းမိသားစုများ**
**ပြည်ထောင်စုဝန်ကြီးရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဗိုလ်မှူးခင်စိုး(ငြိမ်း) အသက်(၈၂)နှစ်
**ကြည်း/၁၀၁၇၂၊ OTS (30)**
**အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁လမ်း၊ အမှတ် ၁၀၅ (ဒုတိယထပ်) နေ(ဦးရှိလင်း-ဒေါ်စိန်မြ)တို့၏သား၊ ဒေါ်နှင်းကြည်(အထပြ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ဦးကြည်စိုး-ဒေါ်သန္တာအေး၊ ဗိုလ်မှူးပြည်စိုး(ငြိမ်း)၊ဦးကျော်ကျော်အောင်-ဒေါ်ခိုင်ဖြူစိုး၊ ဦးညီညီစိုး-ဒေါ်မေရှုတို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်ခန့်စိုး၊ မောင်ရဲမင်းသွေး၊ မောင်လင်းမင်းသန့်၊ မောင်ညီဟိန်းခန့်၊ မဇိုဇိမဥ္ဇူစိုးတို့၏အဘိုး၊ဦးအေးကြိုင်-ဒေါ်ပိုးအုန်း(USA)တို့၏ညီ၊ ဒေါ်မမလေး၊ ဦးသက်လွင်-ဒေါ်သက်မေ(USA)၊ ဒေါက်တာဦးမြင့်လွင်-ဒေါက်တာဒေါ်အေးအေး(USA)၊ ဦးဝင်း-ဒေါ်ဝါဝါ(USA)တို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်တို့၏ ဘကြီးသည် ၁၇-၄-၂၀၁၈ရက် (အင်္ဂါနေ့) ည ၁၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ တံတားဒါယကာကြီး

# ဦးလှမောင်(ခ)ဦးမောင်ကျော်အေး (စစ်တွေမြို့)
**မန်နေးဂျင်းဒါရိုက်တာ၊ အောင်ဇေကမ္ဘာကုမ္ပဏီလီမိတက်**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ် ၂၂၄နေ (ဦးကျော်ဇံလှ)-ဒေါ်မရှင်တို့၏သား၊ (ဦးလုံးမောင်-ဒေါ်ပုလဲစိန်)တို့၏သားသမက်၊ ဒေါ်ဇင်မာအေး-ဦးထွန်းမင်းစော၊ ဦးမောင်သူရိန်၊ဒေါ်မငယ်ငယ်၊ ဦးဘိုနိုင်ဦး၊ မဖြူဖွေး၊ မောင်ရဲထွန်းအောင်၊ မောင်အောင်မြတ်သူတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးရှင်၊ ဒေါ်ယက်သဲ့ဖြူ၏ချစ်လှစွာသောခင်ပွန်းသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄း၄၅နာရီတွင်ဝိတိုရိယဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၁၈ရက်(သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၉နာရီတွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာလမ်းနှင့် စစ်တောင်းလမ်းထောင့်၊ အလိုတော်ပြည့် မှတ်တိုင်အနီးရှိ အလိုတော်ပြည့် ဓမ္မစရိယတက္ကသိုလ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးလှမောင်(စစ်တွေ) အသက်(၅၈)နှစ်
**မန်နေးဂျင်းဒါရိုက်တာ-အောင်ဇေကမ္ဘာကုမ္ပဏီလီမိတက်**

ဘာသာ သာနာထွန်းကားရေး၊ ရခိုင်မြို့နယ်အသင်းများနှင့် ရခိုင်လူမှုရေးအသင်းအဖွဲ့များအတွက် အမြဲတမ်း ကူညီပံ့ပိုးပေးလာသော ဦးလှမောင် (စစ်တွေ)သည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄း၃၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် လိုက်ပါပို့ဆောင်ကြပါရန် ရပ်နီးရပ်ဝေးမှ ရခိုင်သူရခိုင်သားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးဇော်အေးမောင်**
**ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**
**ရန်ကုန်တိုင်းဒေသကြီး**

# ဗိုလ်မှူးကျော်ဦး (ငြိမ်း)
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)**
**အသက်(၅၁)နှစ်**

ကျောက်မဲမြို့နေ ဦးတင်မောင်-ဒေါ်ရီရီမြင့်တို့၏သား၊ ကော့ကရိတ်မြို့နေ (ဦးမင်းထွန်း)-ဒေါ်နော်မြင့်သိန်းတို့၏သားသမက်၊ ကြည့်မြင်တိုင်မြို့နယ်၊ နီဗွာန်လမ်း၊ အမှတ် ၆၄နေ ဒေါ်မို့မို့ထွန်း(အထပြ၊ အထက-၁၊ လသာ)တို့၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်သန့်၊ မခိုင်ဇင်သန့်တို့၏ ဖခင်သည် ၁၇-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ငြိမ်းအေးဇရပ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# ဗိုလ်ကြီးဟိန်းဇော် (ငြိမ်း)
**DSA အပတ်စဉ်(၄၆)**
**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ဆီသန့်စက်မှုအိမ်ရာဝင်း၊ တိုက်(၂၁)ခ၊ အခန်း ၄နေ ဦးမျိုးမြင့်-ဒေါ်သောင်းသောင်းဦးတို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ စောရန်ပိုင်လမ်း၊ အမှတ် ၈၃၃နေ ဦးဝင်းကျော်-ဒေါ်ခင်ခင်စောတို့၏သားသမက်၊ ကိုကျော်မျိုးဟိန်း-မစုမြတ်သူတို့၏အစ်ကို၊ မစုသံစဉ်၏ဘကြီး၊ ဒေါ်ငြိမ်းပြည့်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ကောင်းခန့်၏ဖခင်သည် ၁၇-၄-၂၀၁၈ရက် မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၈ရက်တွင် အထက်ပါ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ဆီသန့်စက်မှုအိမ်ရာဝင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
**အသက်(၉၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ အမှတ်(၁က/၃၅)နေ (ဦးလီ-ဒေါ်ဘုန်းစိန်)တို့၏သား၊ (ဒေါ်ငွေစီ)၏ခင်ပွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှစွာသောဖခင်၊ မအိပြည့်ပြည့်ဖြိုး၊ မောင်ခန့်စည်သူတို့၏အဘိုးသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်း(မြောက်ချောင်းသုသာန်)သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူ ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေအားရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ဟောကြားအပ်သော တရားတော်မြတ်တို့ကို အတူတကွနာယူပူဇော်လိုပါသဖြင့် ၂၄-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ခြံအမှတ်(၁၀)၊ မဟာဗေယျာလမ်းနှင့် မြနန်းစံရာလမ်းထောင့်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးလှကြင် (ကျုံပျော်မြို့)
**အသက်(၉၂)နှစ်**

သူငယ်ချင်း ဗိုလ်မှူးချုပ်တင်မောင်ဆွေ (အင်္ဂလန်နိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ကြည်း/ရေ/လေ)-ဒေါ်မိမိမော်တို့၏ဖခင် ဦးလှကြင် အသက်(၉၂)နှစ်သည် ၁၄-၄-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)မှ သူငယ်ချင်းမိသားစုများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါက်တာဒေါ်ခင်သန်းရှင်
**ဗိုလ်မှူး(ငြိမ်း)၊ အမှတ်(၂)တပ်မတော်ဆေးရုံ**
**အသက်(၈၉)နှစ်**

(ဦးဝင်း-ဒေါ်ဖွား)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးကွန်ဒို၊ အမှတ် ၇၀၊ အခန်းအမှတ် ၁၀၄-ခနေ [ဒုဗိုလ်မှူးကြီးမြဟန် (အမှတ်-၂၊ တပ်မတော်ဆေးရုံ)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာဇော်ဇော်ဟန်-ဒေါ်ကြင်ကြင်သန်း၊ ဒေါက်တာကျော်ကျော်ဟန် -ဒေါ်ခိုင်ခိုင်စိုးဟန်တို့၏မိခင်၊ အဝေးရောက်မြေးများ၏ဘွားဘွားသည် ၁၆-၄-၂၀၁၈ရက် (တနင်္လာနေ့) ည ၇း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒေါ်လှတင်
**(ဘားအံ/မုရစ်ကလေး)**
**အသက်(၈၆)နှစ်**

ဘားအံမြို့နေ(ဦးအုန်းမောင်-ဒေါ်နှင်းကြွေ)တို့၏သမီး၊ ဘီလူးကျွန်း မုရစ်ကလေးရွာနေ (ဦးဘိုးမျှင်-ဒေါ်အုံးသင်)တို့၏သမီးချွေးမ၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက် ၂၂၄၊ အခန်း ၁နေ ဦးမွန်တင်အေး(ဒုညွှန်ကြားရေးမှူး၊ ငြိမ်း၊ စစစ)၏ဇနီး၊ ဦးကျော်ဇော-ဒေါ်မဥ္ဇူအေးတို့၏မိခင်၊ မဟန်သီ၊ မထက်အိဝေတို့၏အဘွားသည် ၁၆-၄-၂၀၁၈ရက် နံနက် ၈း၁၇နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

# ဒေါ်သန်းအိ (ကျိုက်လတ်)
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမောင်တင်-ဒေါ်အေးလှ)တို့၏ သမီး၊(ဦးကျော်ဒင်-ဒေါ်ဒေစီကျော်ဒင်)တို့၏ချွေးမ၊(ဦးမောင်မောင်ကြီး၊ မစဘ-၂)၏ဇနီး၊ ဦးခင်မောင်မောင်သန်း-ဒေါ်စုစုထွေး၊ ဦးခင်မောင်မောင်အေး-ဒေါ်သန်းသန်းမြင့်၊ ဦးခင်မောင်မောင်အုန်း (လ/ထညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်း)-ဒေါ်ခင်ဆွေဝင်း၊ ဦးခင်မောင်မောင်စန်း(Safety Manager Hotel Shwe Gone Daing)-ဒေါ်ညိုညိုစန်း(အလယ်တန်းပြ၊ အမက-၆)၊ ဦးခင်မောင်မောင်သောင်း-ဒေါ်သိမ့်သိမ့်၊ ရဲအုပ်ခင်မောင်မောင်သင်း(သတင်းရဲတပ်ဖွဲ့)-ရဲအုပ်စပယ်အောင်(သတင်းရဲတပ်ဖွဲ့)တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၈-၄-၂၀၁၈ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အောင်ဆုပန်လမ်း၊ အမှတ် ၁၂၀၉ နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၁၈ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၈ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မောင်မိုးဇော်သိန်း (စစ်တွေ)
**(ဥပဒေ၊ စတုတ္ထနှစ်၊ ဒဂုံတက္ကသိုလ်)**
**အသက်(၂၈)နှစ်**

စစ်တွေမြို့၊ကမ်းနားလမ်းနေ(ဦးအေးထွန်း - ဒေါ်ကြာဖံလှ) (ပိုးဝါထီဆိုင်)တို့၏မြေး၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ (အေ)(၁၀)လမ်း၊ တိုက် ၄၊ အခန်း ၄၀၃နေ (ဦးထွန်းအောင်ဖြူ)-ဒေါ်ဝေနုဖြူတို့၏မြေး၊ ဦးရွှေသိန်းမောင်-ဒေါ်ဦးမြသိန်းတို့၏သား၊ မမြနှင်းပန်းဝေ - ကိုတင်ဝင်းမောင်တို့၏ မောင်၊ မောင်ခိုင်းလင်းဝေ၊ မောင်ကောင်းခန့်ဇော်တို့၏အစ်ကိုသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

# ဦးသူရတိုး
**အသက်(၄၃)နှစ်**

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၂၂/၂၇၄နေ ဦးငွေတိုး(ဒု-စက်ရုံမှူး၊ ငြိမ်း၊ အမှတ် ၁၀၄၊ သစ်စက်)-ဒေါ်ခင်စန်းမြင့်(မြန်မာ့သစ်လုပ်ငန်း)တို့၏သား၊ မမေသူဇာတိုး၊ မမေကေသွယ်တိုးတို့၏မောင်၊ ကိုမင်းသူရတိုး၊ မမေကလျာတိုးတို့၏အစ်ကို၊ ဒေါ်တင်တင်ရှိန်(လှိုင်မြို့နယ်၊ ရန်ကုန်)၏ချစ်လှစွာသောခင်ပွန်း၊ မချောမြတ်နိုးသူ၊ မသိမ့်မြတ်နိုးသူတို့၏ ဖခင်သည် ၁၇-၄-၂၀၁၈ရက် (အင်္ဂါနေ့) ည ၁၀နာရီတွင် တောင်ငူမြို့၌ ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၁၈ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် နေအိမ်မှတောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

# ဦးလှကြွယ် (ပုလောမြို့)
**အသင်းဝင်အမှတ်-၆၅၉**
**အသက်(၈၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ ကံ့ကော်လမ်းနေ (ဒေါ်ဟံညွန့်)၏ခင်ပွန်းသည် ၁၇-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးတင့်လွင်
**အမှတ်(၄)ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ ကူးတို့ဆိပ်လမ်း၊ အမှတ် ၃၂၅နေ(ဦးချမ်း-ဒေါ်ငုတ်)တို့၏ သား၊ (ဦးလှသောင်း-ဒေါ်သွင်)တို့၏ သားသမက်၊(ဒေါ်သိန်းသိန်း)၏ခင်ပွန်း၊ ဦးခိုင်ဘုန်း-ဒေါ်ခိုင်ခိုင်လွင်၊ ဦးမျိုးသန့်-(ဒေါ်အေးအေးငြိမ်း) - ဒေါ်အေးအေးနွယ်၊ ဦးဇေယျာလင်း-ဒေါ်လဲ့လဲ့ဌေး၊ ဦးနေလင်း-ဒေါ်သဲမာတို့၏ဖခင်၊ မြေးရှစ်ယောက်၊မြစ်သုံးယောက်တို့၏အဘိုးသည် ၁၈-၄-၂၀၁၈ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၁၈ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၈ရက်(အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးထူးထူး
**အသက်(၅၈)နှစ်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ အကွက်(၅၆၄)၊ ၃၃လမ်း၊ ၈၅×၈၆လမ်းကြား၊ မလွန်ကျောက်စိမ်းတန်းရပ်နေ ဒေါ်ချိုချိုဝင်း၊ ဒေါ်ခင်ညို(ELC)၊ ဦးခင်မောင်ကျော်(လ/ထညွှန်မှူး၊ငြိမ်း၊ MCDC)-ဒေါ်တင်အုန်းကြည်(အထပြ၊ငြိမ်း)တို့၏မောင်၊ ဦးထွန်းထွန်း၏ညီ၊ ဦးဌေးဌေး၏အစ်ကို၊ ရဲမြန်မာဆေးလိပ်ခုံ ပိုင်ရှင် ဦးလှဖေ-ဒေါ်ကြည်ကြည်တို့၏ချစ်လှစွာသောသားသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

# စောရွှေမြင့်ထွန်း
**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မိုးမလမ်း၊ (၄၆)ရပ်ကွက်၊ အမှတ် ၃၆၇နေ ဦးမန်းထွန်းအေး-ဒေါ်နော်လွယ်ထူးတို့၏သား၊ စောကျော်ထူး-နော်ဒိုင်နာထွန်း၊ နော်နယ်လီထွန်းတို့၏ ညီ/မောင်၊စောသော်လင်းထူး၏ဦးလေးသည် ၁၇-၄-၂၀၁၈ရက်(အင်္ဂါနေ့) ည ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၄-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးအောင်မြတ် အသက်(၁၀၁)နှစ်
**သစ်အုပ်ကြီး(ငြိမ်း)**
**(မော်လမြိုင်၊ တောင်ငူ၊ ပြည်)**

ပြည်မြို့၊ နဝင်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၇၅၁နေ (ဒေါ်ရင်ရင်)၏ ခင်ပွန်း၊ ဒေါ်သန်းဝင်း(ဒု-ညွှန်မှူး၊ ငြိမ်း၊ နယ်စပ်ကုန်သွယ်)၊ (ရဲမှူးအောင်ကို)-ဒေါ်ယဉ်ယဉ်ခိုင်၊ ဦးဝင်းမောင်(ဘဏ်)၊ [ဦးဌေးအောင်(လက်/ညွှန်၊ စီမံကိန်း)-ဒေါ်ခင်ဝင်းရီ]၊ (ဦးမင်းကြွယ်၊ တွဲ/ပါမောက္ခ၊ ဌာနမှူး၊ မြို့ပြ၊ M.T.U)တို့၏ ဖခင်၊ မြေးခြောက်ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၇-၄-၂၀၁၈ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် အေးငြိမ်းရာသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၄-၂၀၁၈ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

# ဒေါ်ရီ
**အသက်(၉၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ တောင်ဈေးဖလုံကျေးရွာနေ (ဦးဖိုးဦး-ဒေါ်အေး)တို့၏သမီး၊ (ဦးဘစိန်-ဒေါ်စောတင်)တို့၏သမီးချွေးမ၊ သက္ကလမြို့နေ ဦးထွန်းစန်း-ဒေါ်ရင်လှ၊ တောင်ဈေးဖလုံကျေးရွာနေ (ဦးခင်ရွှေ)-ဒေါ်ရင်မြ၊ (ဦးဝင်းမောင်-ဒေါ်ခင်မေ)၊ ရန်ကုန်မြို့နေ (ဦးအောင်ရွှေ)-ဒေါ်ခင်မော်၊ ပဲခူးမြို့နေ ဒေါ်ခင်ကြွေ(မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၊ (ဒေါက်တာနေလင်း)-ဒေါ်ချယ်ရီတင်၊ တောင်ဈေးဖလုံကျေးရွာနေ ဦးကျော်သိန်း-ဒေါ်အေးတိုး၊ ပဲခူးမြို့နေ ဒေါ်ခင်မျိုး(ရွှေသံလွင်၊ ဆန်ရောင်းဝယ်ရေး)၊ ဦးအောင်မြင့်ထွန်း-ဒေါ်လှဝင်းမြတ် (နေလရတနာရွှေဆိုင်)တို့၏မိခင်၊ မအိသဲ၏အဘွား၊ မြေး ၂၉ယောက်၊ မြစ် ၃၉ယောက်၊ တီ သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့၊ အုန်းပင်တန်းလမ်း၊ အမှတ် ၁၁၆နေ ဒေါ်ရီ(ရွှေသံလွင်၊ ဆန်ရောင်းဝယ်ရေး)နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ခင်တင့် အသက်(၉၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အုပ္ပိုလ်ကျေးရွာနေ(ဦးဖိုးဟန်-ဒေါ်စိန်ဥ)တို့၏သမီး၊ (ဦးအောင်ရွှေ)၏ဇနီး၊ (ဒေါ်ခင်လှ-ဦးမင်းဟန်)၊ ဦးထွန်းမြင့်-(ဒေါ်ကျင်ရီ)တို့၏အစ်မ၊ ရန်ကုန်မြို့နေ ဒေါ်သိန်းမြင့်ဦး(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း၊ အထက ကိုကိုးကျွန်း)-ဦးမျိုးညွန့်(တရားရုံးချုပ်ရှေ့နေ)၊ (ဦးတင်မြင့်)(တပ်ကြပ်ကြီး၊ ငြိမ်း)-ဒေါ်မြခင်(သူနာပြုဆရာမ၊ ငြိမ်း)၊ ဒေါ်စိုးမြင့်-ဦးတင်အုန်း၊ ဒေါ်စိုးတင့်(အလယ်တန်းပြ၊ ငြိမ်း၊ အလက-၂၊ တောင်ဥက္ကလာပ)-(ဦးမျိုးမြင့်အောင်၊ အလုပ်ရုံမှူး၊ စစ်တောင်းစက္ကူစက်)၊ ဦးတင်သိန်း(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန)-ဒေါ်စန်းစန်းနွယ်၊ ဦးတင်မောင်ထွဋ်-ဒေါ်မိမိမော်(ခရိုင်တရားသူကြီး၊ ရွှေဘိုခရိုင်)တို့၏မိခင်၊ မြေး ၁၇ယောက်တို့၏ အဘွား၊ မြစ် ၁၄ယောက်၊ တီ သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် အောက်ချိုင်းအမကအနီး၊ အောက်ချိုင်းကျေးရွာ၊ မော်ဘီမြို့နယ်နေ ဦးတင်သိန်း-ဒေါ်စန်းစန်းနွယ်တို့၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၄-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် မော်ဘီမြို့၊ မြို့မသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မော်ဘီမြို့နယ်၊ အောက်ချိုင်းကျေးရွာနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှမွန်းတည့် ၁၂နာရီအထိ အထက်ပါ မော်ဘီမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဗိုလ်မှူးမောင်မောင်ခန့် အသက်(၆၉)နှစ်
**[ကပစ-၉ (ငြိမ်း)]**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဝါခင်းတောင်ကျောင်းလမ်း(ဘိုကုန်း)၊ အမှတ် ၉နေ (ဒေါက်တာမောင်မောင်-ဒေါ်ကြည်ကြည်)တို့၏သား၊ (ဗိုလ်မှူးကျော်စိန်-ဒေါ်တင်ရီ)တို့၏သားသမက်၊ ဦးမောင်မောင်ကြည်-ဒေါ်ခင်မေသန်း၊ ဒေါက်တာရည်သွေး-ဒေါက်တာကြည်ကြည်လှ၊ ဦးမောင်မောင်သန့်-ဒေါ်လီလီသန်း၊ (ဦးမောင်မောင်မြင့်)-ဒေါ်တင်တင်ဝင်း၊ ဦးမောင်မောင်ဆန်း-ဒေါ်ဖြူဖြူဝင်း၊ (ဒေါက်တာသိန်းတိုး)-ဒေါ်ခင်သစ္စာ၊ ဒေါက်တာခင်မောင်မြင့်-ဒေါက်တာခင်စပယ်တို့၏အစ်ကို/မောင်၊ ဒေါ်ဦး၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးမြင့်ဦး
**ကမ္ဘာအေး၊ လျှပ်စစ်ပစ္စည်းဆိုင်**
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မြစံပါယ်လမ်းတောင်ပိုင်း၊ အမှတ် ၃၄နေ ဦးရွှေဒွေး-ဒေါ်လှရီတို့၏သား၊ (ဦးကျော်အေး-ဒေါ်ငွေခင်)တို့၏ သားသမက်၊ ဦးကျော်ကျော်ဝင်း-ဒေါ်ဥမ္မာ၊ ဦးဝင်းလွင်-ဒေါ်နီလာတို့၏အစ်ကို၊ မဇာခြည်ဝင်း၊ မောင်ထက်ပိုင်အံ့၊ မောင်ဟိန်းဝေတို့၏ဖခင်၊ ဒေါ်ခင်သန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၄-၂၀၁၈ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် ပင်မီးသင်္ဂြိုဟ်ပြီး၊ ဆွမ်းကျွေးတရားတော်နာပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက်တွင် ထပ်မံအလှူဒါနပြုလုပ်လိုပါသဖြင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

# စောရဲထွန်းဇော်(ခ)ဘုံးဘုံလေး
**အသက်(၃၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ် ၁၉၄၊ အခန်း ၆နေ (ဦးဂျေအယ်ပေါလ်-နော်ရာရီဖော)၊ (ဆရာချို)-နော်ဖြူးတီတို့၏ မြေး၊ စောရော်ဘင်ပေါလ်၊ စောရစ်ချက်ပေါလ်၊ ဒေါ်မာဂရက်စိန်၊ နော်မေရီချို၊ စောဆာထူး၊ နော်လားစေးဝါး၊ စောဒေးဗစ်ချိုတို့၏တူ၊ ဦးစောမေရာချို(ခ) စောဆာစေး-(နော်ပေါလင်းပေါလ်)တို့၏သား၊ စောဘသန်းအောင်-(နော်အယ်ဒီလေးဇာ)တို့၏သားသမက်၊ စောရဲထွန်းကျော်(ကိုဘုန်းနီ)၏ညီ၊ စောကောင်းမြတ်သူ(ဒီးဒီ)၏အစ်ကို၊ နော်ဖောဒါးဒါးအယ်၏ချစ်လှစွာသောခင်ပွန်း၊ စောဘုန်းမြတ်ထူး(ဒုတိယတန်း-အေ၊ အထက-၆၊ ဗိုလ်တထောင်)၊ စောထက်မြတ်ထူး (မူကြို၊ YMCA)တို့၏ဖခင်သည် ၁၇-၄-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၀၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၄-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဗိုလ်တထောင်ဈေးလမ်းနေအိမ်မှ ဗဟန်းမြို့ ဘုရားကျောင်းသို့ကားများမွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# မြို့နယ်အများအပြားတွင် လေပြင်းတိုက်ခတ်ပြီး မိုးသီးများကြွေကျမှုကြောင့် နေအိမ်များပျက်စီး



**နေပြည်တော် ဧပြီ ၁၈**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ဒေါဖုကျေးရွာအုပ်စုနှင့် ငွေတောင်ကျေးရွာအုပ်စုတို့တွင် ဧပြီ ၁၇ ရက် မွန်းလွဲပိုင်းက လေပြင်းများ တိုက်ခတ်ပြီး မိုးသီးများကြွေကျမှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းနှင့် စပါးကျီများ ပျက်စီးပြီး သစ်ပင်သစ်ကိုင်းများ ကျိုးကျခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ဒေါဖုကျေးရွာအုပ်စု ဒေါဖုကျေးရွာ၌ လူနေအိမ် ၁၂ လုံး အမိုးလန်ခြင်း၊ နေအိမ်အကာတစ်လုံး ပျက်ကျခြင်း(ဝါးထရံ)၊ စပါးကျီသုံးလုံး ပျက်စီးခြင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း အမိုးလန်ခြင်း၊ ဆိုင်းဘုတ်လဲကျခြင်း၊ အလံတိုင်ကျိုးကျခြင်း၊ ဒေါပဲဒူကျေးရွာ၌ လူနေအိမ်သုံးလုံး အမိုးလန်ခြင်း၊ မူကြိုကျောင်း အမိုးလန်ခြင်း၊ ဘိုးလျားကျေးရွာ၌ လူနေအိမ်တစ်လုံး အမိုးလန်ခြင်း၊ ငွေတောင်ကျေးရွာအုပ်စု ဒေါခလိုက်လင်းကျေးရွာ၌ လူနေအိမ်နှစ်လုံး အမိုးလန်ခြင်း စုစုပေါင်း လူနေအိမ် ၁၉ လုံး၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖

**ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် လေပြင်းများ တိုက်ခတ်ပြီး မိုးသီးများ ကြွေကျမှုကြောင့် သစ်ကိုင်းများ ကျိုးကျကာ နေအိမ်များ ပျက်စီးသွားမှုကို တွေ့ရစဉ်။**
မြို့နယ် (ပြန်/ဆက်)

## အမှုထမ်းတစ်ဦး၏ အနည်းဆုံးလစာ တွက်ချက်မှု အမှားပြင်ဆင်ချက်

၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားတွင် မိမိတို့ဝန်ကြီးဌာန၏ မှားယွင်းတွက်ချက်မှုအရ "အမှုထမ်းတစ်ဦး၏ အနည်းဆုံးလစာ ၁၂၀,၀၀၀ ကျပ်မှ ၁၃၈,၀၀၀ ကျပ်အထိ တိုးမြှင့်သွားမည်"ဟု ဖော်ပြပါရှိခဲ့ပါသည်။ ယင်းဖော်ပြချက်အစား တွက်ချက်မှုအမှန်ဖြစ်သည့် "အမှုထမ်းတစ်ဦး၏ အနည်းဆုံးလစာမှာ ၁၂၀,၀၀၀ ကျပ်မှ ၁၄၄,၀၀၀ ကျပ်အထိ တိုးမြှင့်သွားမည်" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ခ်ဘဇားသို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ဧပြီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပမည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပမီဒီယာများ တက်ရောက် သတင်းရယူနိုင်ကြောင်း ဖိတ်ကြားထားသည်။

**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဧပြီ ၁၈**

၂၀၁၈ ခုနှစ် ဧပြီလ ၁၈ ရက်နေ့၊ မွန်းလွဲ ၂ နာရီ၊ ၂၅ မိနစ်၊ ၄၂ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် ၄၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ဖျာပုံမြို့၏ အရှေ့-အရှေ့တောင်ဘက် ၃၅ မိုင်ခန့် အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၂၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၉ ဒီဂရီ၊ မြေအောက်အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**




**Earthquake Information**

| | |
|---|---|
| Date | 18.04.2018 |
| Time (MST) | 14:25:42 |
| Magnitude | 4.2 (Slight) |
| Latitude | 16.20 N |
| Longitude | 96. 19 E |
| Depth | 10 km |
| Region | about (46) miles south of Kaba-Aye seismological observatory. |

For More detail Information
www.dmhwarning.gov.mm/

## မြန်မာ ယူ-၂၁ အသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဧပြီ ၁၈**

၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၁ အသင်းသည် အပြီးသတ်ကစားသမား ၁၈ ဦးကို ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ကစားသမားများ၏ ခြေစွမ်းနှင့် ဒဏ်ရာအခြေအနေကို နောက်ဆုံးအချိန်ထိ စောင့်ကြည့်ပြီးနောက် ဧပြီ ၁၈ ရက်တွင် အပြီးသတ်လူစာရင်းကို ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၁ အသင်းတွင် **အုပ်ချုပ်သူ**အဖြစ် ဦးသန်းတိုးအောင်၊ **နည်းပြချုပ်**အဖြစ် ဦးကြည်လွင်၊ **လက်ထောက်နည်းပြများ**အဖြစ် ဦးချစ်နိုင်၊ ဦးကျော်လွင်၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် မားကပ်စ်၊ ဂိုးနည်းပြအဖြစ်- ဦးမျိုးကျော်အောင်၊ အားကစားသမားများအဖြစ် **ဂိုး** - ဘုန်းသစ္စာမင်း၊ ထွန်းနန္ဒာဦး၊ **နောက်တန်း**- သန်းထိုက်ဇင်၊ ကျော်သူထွန်း၊ ဝင်းမိုးကျော်၊ သူရိန်စိုး၊ ရဲရင့်အောင်၊ သက်ပိုင်ထွေး၊ စိုးမိုးကျော်၊ **အလယ်တန်း**- မြတ်ကောင်းခန့်၊ စိုးလွင်လွင်၊ မြတ်ထွန်းသစ်၊ ဟိန်းထက်အောင်၊ လွင်မိုးအောင်၊ **ရှေ့တန်း** - ဝင်းနိုင်ထွန်း၊ ဇင်မင်းထွန်း၊ အောင်ကောင်းမာန်၊ ပြည့်စုံနိုင်တို့ ပါဝင်ကြသည်။ ပြိုင်ပွဲကို ဧပြီ ၂၃ ရက်မှ မေ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် ဘရူနိုင်း၊ မြန်မာ၊ ထိုင်း၊ တီမော၊ အုပ်စု (ခ)တွင် စင်ကာပူ၊ လာအို၊ ကမ္ဘောဒီးယားအသင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၂၄ ရက်တွင် ထိုင်းအသင်း၊ ဧပြီ ၂၇ ရက်တွင် တီမောအသင်း၊ ဧပြီ ၃၀ ရက်တွင် ဘရူနိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ကို မေ ၂ ရက်၊ ဗိုလ်လုပွဲကို မေ ၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



**မြန်မာ ယူ-၂၁ အသင်း ကွင်းလယ်လူ လွင်မိုးအောင်။** ဓာတ်ပုံ-စိုးညွန့်

**အင်းတော်မြို့နယ်၌ ငွေကျပ်သိန်း ၂၀၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းမိ**

*စာမျက်နှာ - ၁၂*

**ဓာတုလက်နက်တိုက်ခိုက်မှုအပေါ် အမေရိကန်၊ ဗြိတိန်နဲ့ ပြင်သစ်တို့၏ မကျေပွဲ**

*စာမျက်နှာ - ၁၅*

မြန်မာ့အလင်း
ကြာသပတေး၊ မေ ၃၁၊ ၂၀၁၈

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်

ခင်ရတနာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ အစည်းအဝေးများကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ခဲ့ပြီး ယခုဆိုလျှင် နှစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။**



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

### လွှတ်တော်များ၏အုတ်မြစ်အခြေခံ

ပြည်သူလူထု ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်များ ခိုင်မာတောင့်တင်းနေသရွေ့ ဒီမိုကရေစီမှာလည်း ရှင်သန်အားကောင်းနေမည်သာ ဖြစ်ပါသည်။ လွှတ်တော်များ၏ အုတ်မြစ်အခြေခံ မာကျောခိုင်မာရန် အလွန်အရေးကြီးသည်။

လွှတ်တော်သည် ဥပဒေပြုရေးအာဏာကို ကျင့်သုံးရပြီး နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဓိကမဏ္ဍိုင်တစ်ခုလည်းဖြစ်သည်။ လွှတ်တော်များ၏ စွမ်းရည်မြင့်မားပြီး အားကောင်းလာသည်နှင့်အမျှ ပြည်သူများ၏ လိုအပ်ချက်များ၊ မျှော်လင့်ချက်များသည် အစဉ်တစိုက် ပြည့်ဝလာမည်၊ ပိုမိုအရှိန်မြင့်လာမည်ဖြစ်သည်။

### ပြည်သူ့အကျိုးပြုဥပဒေများ

လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)နှင့်အညီ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့နှင့် အပြန်အလှန်ထိန်းကျောင်းပြီး ပြည်သူ့အကျိုးပြုဥပဒေများ ပြဋ္ဌာန်းပေါ်ထွက်လာအောင် ဆွေးနွေးအတည်ပြုနိုင်ရေးတို့ကို အဓိကထား ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

ပြည်သူများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့်လည်း လွှတ်တော်၏ အခန်းကဏ္ဍမှာ ပိုမိုတောက်ပလာကာ ပြည်သူများအတွက်လည်း မိမိတို့ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ၏ ပြည်သူ့အတွက် မည်ရွေ့မည်မျှ အကျိုးပြုသည်ကို သတ်မှတ်ကြသည်။

### ဒီမိုကရေစီနိုင်ငံတော်ရဲ့ပြယုဂ်

"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်နေတဲ့ နိုင်ငံဖြစ်ပြီး ကျွန်တော်တို့ရဲ့ ဥပဒေပြုလွှတ်တော်တွေဟာ ဒီမိုကရေစီနိုင်ငံတော်ရဲ့ပြယုဂ်ဖြစ်ပါတယ်၊ နိုင်ငံသားပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက် ဒေါက်တိုင်သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲပြီး အချင်းချင်းအပြန်အလှန် ထိန်းကျောင်းရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်တော်တို့ရဲ့ တာဝန်များကို ကြိုးစားဆောင်ရွက်လျက် ရှိကြပါတယ်" ဟု ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြောကြားသည်။

### ဥပဒေများခေတ်စနစ်နှင့်အညီပြင်ဆင်

ဥပဒေပြုလွှတ်တော်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ၏ ဘဝလုံခြုံစေရေးအတွက် ဥပဒေ၏ အကာအကွယ်ကို ပြည်သူများ တန်းတူညီတူရရှိစေနိုင်ရန်၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးနိုင်ရန် လိုအပ်သည့် ဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ အပါအဝင် လွှတ်တော်ဆိုင်ရာလုပ်ငန်း တာဝန်များကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ရာတွင် ယနေ့အချိန်သည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းသည် နှစ်နှစ်တိုင်ခဲ့ပြီဖြစ်သည်။

*အချပ်ပို (ခ) သို့*

**"ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက် ဒေါက်တိုင်သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲပြီး အချင်းချင်းအပြန်အလှန် ထိန်းကျောင်းရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်တော်တို့ရဲ့ တာဝန်များကို ကြိုးစားဆောင်ရွက်လျက်ရှိ"**



၁၅-၉-၂၀၁၇ ရက်က နေပြည်တော်၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း အမှာစကားပြောကြားစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

*အချပ်ပို (က) မှ*

လွှတ်တော်များ၏ သက်တမ်းသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေး စတင်သည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ငါးနှစ်တာ သက်တမ်းဖြစ်သည်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ နှစ်နှစ်တာကာလအတွင်း ပုံမှန်အစည်းအဝေးများ ခုနစ်ကြိမ်ခန့် ကျင်းပနိုင်ခဲ့သည်။ ယင်းကာလအတွင်း နိုင်ငံရေးကဏ္ဍအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေ၊ နိုင်ငံသားများ၏ လွတ်လပ်မှုနှင့် လုံခြုံမှုတို့ နစ်နာဆုံးရှုံးမှု မရှိစေရန် ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေးအတွက် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေ၊ နိုင်ငံသူနိုင်ငံသားများအား အကျိုးပြုနိုင်သည့် ဥပဒေကောင်းများပေါ်ထွက်လာစေရေးအတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပိုင်နက်ပင်လယ်နှင့် ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်များနှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့ကို ပြည်တွင်း၊ ပြည်ပ၊ နိုင်ငံတကာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကာကွယ်နိုင်ရန်အတွက် မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၊ နိုင်ငံဖြတ်ကျော် မှုခင်းများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် တရားခံလွှဲပြောင်းရေးဥပဒေ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်၍ ပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်မြောင်းဥပဒေနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အကူအညီပေးနိုင်ရန်၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့် ကိုက်ညီမှုရှိစေရန်၊ နိုင်ငံတကာကျင့်စဉ်များနှင့် ညီညွတ်စေရေးအတွက် မြန်မာကုမ္ပဏီများ ဥပဒေစသည့် ဥပဒေများအပါအဝင် ရုပ်သိမ်းသည့် ဥပဒေ ကိုးခု၊ အသစ်ပြဋ္ဌာန်းသည့် ဥပဒေ ၂၄ခု၊ ပြင်ဆင်သည့် ဥပဒေ ၂၄ခု၊ ဥပဒေစုစုပေါင်း ၅၇ ခုကို ထုတ်ပြန်ပြဋ္ဌာန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး**
**လုပ်ငန်းများဆောင်ရွက်**

"ဥပဒေများ အတည်ပြုပြဋ္ဌာန်းပေးခဲ့တာတွေအပြင် နိုင်ငံတော်နဲ့ နိုင်ငံသားပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်လာစေရေး၊ မြို့ပြများသာမက ကျေးလက်ဒေသများမှာပါ လျှပ်စစ်မီး လုံလောက်စွာ ရရှိစေရေး၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍ ဝင်ငွေဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေထူထောင်ရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာစေရေး အပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတကာ သဘောတူစာချုပ် ၃၇ ခုနဲ့ ချေးငွေရယူရေးကိစ္စ ၂၅ ခုတို့ကို ဆွေးနွေးအတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့တယ်"ဟု ပြည်ထောင်စုလွှတ်တော်နာယက က ပြောကြားသည်။

**အများပြည်သူတို့အကျိုးစီးပွားရရှိစေရေး**

ပြည်ထောင်စုလွှတ်တော်အနေဖြင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ် ဇင်းချောင်း-ကင်းမြောက်လမ်းပေါ်ရှိ ကင်းချောင်း တံတားတည်ဆောက်ခြင်း စီမံကိန်းအတွက် တံတားသံပေါင်များ ဝယ်ယူရန်၊ ဘီလူးချောင်း အမှတ်(၁) ဓာတ်အားပေးစက်ရုံနှင့် ဆည်တော်ကြီး ဓာတ်အားပေးစက်ရုံတို့ကို အကြီးစားပြင်ဆင်ရန်အတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အလုံးစုံ ပြုပြင်မွမ်းမံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ကျေးရွာ ၄၁၆ ရွာသို့ ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားပေးနိုင်ရေးအတွက် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိရေး အစီအစဉ် ၂(ဓာတ်အားစနစ်တိုးချဲ့ခြင်း)ကို ဆောင်ရွက်နိုင်ရန်တို့ကိုလည်း ချေးငွေရယူရေးကိစ္စရပ်များအဖြစ် အများပြည်သူတို့ အကျိုးစီးပွားရရှိစေရေး ရည်ရွယ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

*အချပ်ပို (ဂ) သို့*



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

**နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများ၏ ဘဝလုံခြုံစေရေးအတွက် ဥပဒေ၏ အကာအကွယ်ကို ပြည်သူများ တန်းတူညီတူရရှိစေနိုင်ရန်၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးနိုင်ရန် လိုအပ်သည့် ဥပဒေများကို ခေတ်စနစ်နှင့်အညီ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ အပါအဝင် လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို(ခ)မှ*

ဒုတိယအကြိမ်မြောက် ပြည်ထောင်စုလွှတ်တော်၏ နှစ်နှစ်တာကာလအတွင်း အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် တတိယအခြေပြုစာချုပ်နှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံသဘောတူညီချက်၊ အာဆီယံနယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် တိရစ္ဆာန် ကျန်းမာရေးနှင့် တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သော ရောဂါများ ကာကွယ်နိုင်ရန် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဗဟိုဌာနထူထောင်ရေး သဘောတူညီချက်အား အတည်ပြုပါဝင်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန် စာချုပ်များတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးများ ပါဝင်သည့် နိုင်ငံရေးအပါအဝင် စာချုပ်ပေါင်း ၃၇ ခု ကို လွှတ်တော်အတွင်း ဆွေးနွေး အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

**ဒေသတွင်းနိုင်ငံများရဲ့လွှတ်တော်များနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိ**

"မြန်မာနိုင်ငံ လွှတ်တော်ဟာ အာဆီယံပါလီမန်များ ညီလာခံ (AIPA) အဖွဲ့ဝင်နိုင်ငံ ဖြစ်တာနဲ့အညီ ဒေသတွင်းနိုင်ငံများရဲ့လွှတ်တော်များနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်၊ အလားတူ မြန်မာနိုင်ငံ လွှတ်တော်အနေနဲ့ နိုင်ငံတကာပါလီမန်များ ညီလာခံကိုလည်း တက်ရောက်ခွင့်ရရှိခဲ့ပါတယ်" ဟု ပြည်ထောင်စုလွှတ်တော်နာယက က ပြောကြားသည်။



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ်လွှတ်တော် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။**

(၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံကို ပြည်ထောင်စုလွှတ်တော်က တာဝန်ယူကာ မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

ယခုနှစ်တွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့ဝင်များသည် ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော် ဥက္ကဋ္ဌနှင့် အာဆီယံပါလီမန်များ ညီလာခံဥက္ကဋ္ဌ၏ ဖိတ်ကြားချက်ကြောင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသည့် (၃၈) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံသို့လည်း တက်ရောက်ခဲ့သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပခဲ့သည့် နိုင်ငံတကာပါလီမန်များ ညီလာခံသို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြတ်သားစွာ ကန့်ကွက်ဆွေးနွေး**

"(၁၃၇)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များ ညီလာခံမှာ ရခိုင်ပြည်နယ်နဲ့ ပတ်သက်တဲ့ အရေးပေါ်အစီအစဉ်ကို အတည်ပြုဆုံးဖြတ်ခဲ့မှုအပေါ် မြန်မာလွှတ်တော်ကိုယ်စားလှယ် အဖွဲ့အနေနဲ့ ပြတ်သားစွာ ကန့်ကွက်ဆွေးနွေးခဲ့ပါတယ်၊ ဒါ့အပြင် ဆောင်ရွက်မှု အစီရင်ခံစာကိုလည်း ယခုနှစ် မတ်လ ၁၃ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ဆွေးနွေးအတည်ပြု မှတ်တမ်းတင်နိုင်ခဲ့ပါတယ်" ဟု ပြည်ထောင်စုလွှတ်တော်နာယက က ပြောကြားသည်။

ပြည်ထောင်စုအစိုးရ၏ မူဝါဒဖြစ်သည့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်အား နှစ်စဉ် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကျင့်သုံးဆောင်ရွက်ရာမှ အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၁ ရက်နေ့အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်မှုကိုလည်း ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးမှတ်တမ်းတင်နိုင်ခဲ့သည်။

*အချပ်ပို(ဃ)သို့*

**"ပြည်ထောင်စုအစိုးရ၏ မူဝါဒဖြစ်သည့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်အား နှစ်စဉ် ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကျင့်သုံးဆောင်ရွက်ရာမှ အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၁ ရက်နေ့အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်မှုကိုလည်း ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးမှတ်တမ်းတင်နိုင်ခဲ့"**



၁-၂-၂၀၁၈ ရက်က ကျင်းပသည့် ဒုတိယအကြိမ် လွှတ်တော် (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။



၃၀-၃-၂၀၁၈ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးဝင်းမြင့်၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူတို့က ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။

*အချုပ်ပို(ဂ)မှ*

စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားကိုလည်း အောင်မြင်စွာ ကျင်းပခဲ့ပြီး နိုင်ငံသားအားလုံး မျှော်လင့်ထားသည့် စစ်မှန်သော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး အောင်မြင်စွာ တည်ဆောက်နိုင်ရေးနှင့် ပြည်သူလူထုအတွင်း ဒီမိုကရေစီကျင့်စဉ်များ ပိုမိုသိရှိလိုက်နာစေရေးအတွက် "ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းကာကွယ်စို့"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခမ်းအနားသို့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ ကော်မတီ၊ ကော်မရှင်ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ဆင်နွှဲခဲ့ကြသည်။

အခမ်းအနားတွင် နိုင်ငံသားအားလုံးအတွက် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်နှင့် ဒီမိုကရေစီကျင့်စဉ်များ ပိုမိုသိရှိလာစေရန်အတွက် စာတမ်း ၁၄ စောင်ကိုလည်း ထည့်သွင်း ဖတ်ကြားနိုင်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော်သည် လစ်လပ်သွားသည့် သမ္မတရာထူးနေရာအတွက် ပြန်လည်ဖြည့်စွက်နိုင်ရေး လုပ်ငန်းစဉ်များဖြစ်သည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၁၈ မတ် ၂၈ ရက်တွင် အောင်မြင်စွာ ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

**ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့**

"မိမိတို့အနေနဲ့ ကျန်ရှိတဲ့ သက်တမ်းကာလအတွင်းမှာ ရရှိထားတဲ့ အတွေ့အကြုံများကို အခြေခံပြီး စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့နဲ့ မဲဆန္ဒရှင်ပြည်သူများရဲ့ ဆန္ဒ၊ လိုအပ်ချက်တွေကို စဉ်ဆက်မပြတ် လေ့လာနားထောင်ပြီး "ပြည်သူ့အသံ၊ လွှတ်တော်အသံ"၊ "ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ"၊ "ပြည်သူတို့ရဲ့ မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုတဲ့ လွှတ်တော်ရဲ့ ဆောင်ပုဒ်နဲ့အညီ နိုင်ငံသားပြည်သူများရဲ့ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်မြင့်မားစေရေးအတွက် တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်"ဟု ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြောကြားခဲ့သည်။ ။

**ကျန်ရှိတဲ့ သက်တမ်းကာလအတွင်းမှာ ရရှိထားတဲ့ အတွေ့အကြုံများကို အခြေခံပြီး စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့နဲ့ မဲဆန္ဒရှင်ပြည်သူများရဲ့ ဆန္ဒ၊ လိုအပ်ချက်တွေကို စဉ်ဆက်မပြတ် လေ့လာနားထောင်ပြီး "ပြည်သူ့အသံ၊ လွှတ်တော်အသံ"၊ "ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ"၊ "ပြည်သူတို့ရဲ့ မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုတဲ့ လွှတ်တော်ရဲ့ ဆောင်ပုဒ်နဲ့အညီ နိုင်ငံသား ပြည်သူများရဲ့ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်မြင့်မားစေရေးအတွက် တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်သွားမယ်**



ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း ၁၅-၉-၂၀၁၇ ရက်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားနှင့် ညဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနများအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်စဉ်။




၇-၃-၂၀၁၈ ရက်က ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်။



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး

# ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့် ကဏ္ဍသုံးရပ်လုံးတွင် ပါဝင်ဆောင်ရွက်နေသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး

● ဇူလိုင်မိုး(မြန်မာ့အလင်း)

**နိုင်ငံတော်အစိုးရက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။**

**အဂတိလိုက်စားမှုများပပျောက်စေရန် ကျောသားရင်သားမခွဲခြားဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ပေးလျက်ရှိသည်။**

**ဥပဒေအရာရှိများက လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်ကြစေရန်၊ အပြစ်ရှိသူကို ထိုက်သင့်သည့်ပြစ်ဒဏ်ရရှိရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ အပြစ်မရှိသူများကိုလည်း ကာကွယ်စောင့်ရှောက်ရန်၊ အများက ယုံကြည်လေးစားရသော ဥပဒေအရာရှိကောင်း၊ ဝန်ထမ်းကောင်းများဖြစ်စေရေးအတွက် ကြိုးစားကြရန် အစဉ်ကြိုးပမ်းလျက်ရှိရာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။**

**မေး ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ဆိုတဲ့ ကဏ္ဍသုံးရပ်လုံးမှာ ပါဝင်ဆောင်ရွက်နေရတယ်လို့ သိရပါတယ်ရှင့်။ ပထမဆုံးအနေနဲ့ နိုင်ငံတော်ရဲ့ဥပဒေပြုရေးအခန်းကဏ္ဍမှာ ဘယ်လိုပါဝင်ဆောင်ရွက်ရတယ်၊ ဘယ်လောက်ထိ ဆောင်ရွက်ပေးနိုင်ခဲ့တယ်ဆိုတာကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ဥပဒေပြုတယ်ဆိုတာ နောက်ဆုံးအဆင့်ကတော့ ပြည်ထောင်စုလွှတ်တော်က ဥပဒေတွေ ပြဋ္ဌာန်းတာပေါ့။ ဒီဥပဒေတွေ မပြဋ္ဌာန်းခင်မှာ ဥပဒေကြမ်းတွေကို လွှတ်တော်ထဲမှာ ဆွေးနွေးနိုင်ဖို့ ၊ ဥပဒေကြမ်းတွေ စတင်ရေးဆွဲ၊ စတင်ဥပဒေတွေပြုကြရပါတယ်။ အဲဒီ ဥပဒေကြမ်းတွေကို ရေးဆွဲနိုင်ဖို့အတွက် အဖွဲ့အစည်း နှစ်ရပ်ရှိပါတယ်။ တစ်ရပ်က အစိုးရဌာန အဖွဲ့အစည်းတွေဖြစ်ပြီး တစ်ရပ်က လွှတ်တော်ကိုယ်စားလှယ်များဖြစ်ပါတယ်။

ကျွန်တော်တို့ရုံးကတော့ အစိုးရဌာန အဖွဲ့အစည်းတွေက ရေးဆွဲတင်သွင်းတဲ့ ဥပဒေကြမ်းတွေကို စိစစ်အကြံပြုပေးရပါတယ်။ တစ်ဆက်တည်း မှာပဲ ကျွန်တော်တို့ရုံးနဲ့ သက်ဆိုင်ရာဌာနတွေနဲ့ အကြိမ်ကြိမ်ညှိနှိုင်းပြုပြင်ရေးဆွဲထားတဲ့ ဥပဒေမူကြမ်းတွေကို အစိုးရအဖွဲ့ကို တင်ပြအတည်ပြုချက်ရယူပါတယ်။ အဲဒီနောက်မှာမှ လွှတ်တော်ကို တင်သွင်းပြီး ဆွေးနွေးကြတာဖြစ်ပါတယ်။

အဲဒီမှာလည်း ဆွေးနွေးတဲ့အခါ လွှတ်တော် ဥပဒေကြမ်းကော်မတီများမှာ သက်ဆိုင်ရာဌာနနဲ့ ကျွန်တော်တို့ရုံးမှာ ဆက်လက်ညှိနှိုင်းဆွေးနွေးကြရပါတယ်။ ဒ့ါအပြင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ဆောင်ရွက်တဲ့ ဥပဒေကြမ်းတွေမှာလည်း ကျွန်တော်တို့ရုံးက ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အစိုးရအဖွဲ့ရဲ့ ဒုတိယတစ်နှစ်တာကာလအတွင်းမှာ ဝန်ကြီးဌာနတွေက ပေးပို့လာတဲ့ဥပဒေကြမ်း ၁၁၈ ခု၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက် မူကြမ်း ၁၆၅ ခုကို ကျွန်တော်တို့ စိစစ်အကြံပြုပေးနိုင်ခဲ့ပါတယ်။

ဥပဒေကြမ်းတွေကို စိစစ်အကြံပြုတဲ့နေရာမှာ လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ ဆန့်ကျင်ခြင်း ရှိမရှိ၊ ရေးဆွဲလာတဲ့ ဥပဒေတွေဟာ တရားမျှတမှု ရှိ မရှိ၊ အများအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မှု ရှိ မရှိ၊ လက်တွေ့မှာ ဥပဒေတွေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု ရှိ မရှိ၊ ဌာနတစ်ခုနဲ့ တစ်ခုအကြားမှာ လုပ်ပိုင်ခွင့်တွေဟာ ထပ်နေမှု ရှိမရှိစတဲ့ အခြေခံအချက်တွေနဲ့ ညီညွတ်မှု ရှိ မရှိ၊ ရေးထုံးရေးနည်းတွေ ညီညွတ်မှု ရှိ မရှိတွေကို စိစစ်အကြံပြုရပါတယ်။

ဒီကာလအတွင်းမှာ ကျွန်တော်တို့ရုံးအနေနဲ့ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဥပဒေ၊ အမုန်းစကားများ ကာကွယ်တားဆီးရေး၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ သစ်တောဥပဒေ၊ ပြည်ထောင်စုအခွန်အကောက်ဥပဒေ စတဲ့ အရေးကြီးတဲ့ ဥပဒေ အတော်များများကို စိစစ်ပေးနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေအနက်မှာ ဥပဒေ ၂၈ ခုကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးနိုင်ခဲ့ပါတယ်။ နောက်ထပ် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက် ၁၂ ခုနဲ့စာချုပ်စာတမ်း ၁၄ ခုလောက်ကို ဥပဒေဝေါဟာရအသုံးအနှုန်းများအား စိစစ်ပေးနိုင်ခဲ့ပါတယ်။

**မေး ။ ။ အစိုးရ အုပ်ချုပ်မှုပိုင်းဆိုင်ရာတွေမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဘယ်လို ပါဝင်ဆောင်ရွက်ပေးနေရလဲဆိုတာ သိလိုပါတယ်ရှင့်။**

ဖြေ ။ ။ ကျွန်တော်တို့ရုံးဟာ နိုင်ငံတော်သမ္မတရုံးကပဲဖြစ်ဖြစ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပဲ ဖြစ်ဖြစ်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေ၊ ပြည်ထောင်စုဝန်ကြီးဌာနတွေက အုပ်ချုပ်မှုဆိုင်ရာကိစ္စတွေနဲ့ စပ်လျဉ်းလို့ဖြစ်စေ၊ ဥပဒေရေးရာတွေနဲ့ စပ်လျဉ်းလို့ဖြစ်စေ ဥပဒေအကြံတောင်းခံပါက ဥပဒေအကြံပေးရပါတယ်။

*အချပ်ပို(စ)သို့*




**မြန်မာနိုင်ငံ ဥပဒေသတင်းအချက်အလက်စနစ် တည်ထောင်ရေးစီမံကိန်းအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် KOICA တို့အကြား Record of Discussion အား လက်မှတ်ထိုးစဉ်။**

*အချပ်ပို(င)မှ*

ဒုတိယတစ်နှစ်တာကာလအတွင်းမှာ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာစာချုပ်စာတမ်းတွေ၊ နားလည်မှု စာချွန်လွှာတွေနဲ့စပ်လျဉ်းပြီး ဝန်ကြီးဌာနတွေ၊ ဦးစီးဌာနတွေကို အကြံပေးခဲ့တဲ့ ကိစ္စရပ်ပေါင်း ၇၄၅ ခု ရှိပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များသို့ အကြံပေးခဲ့တဲ့ ကိစ္စရပ်ပေါင်း ၃၁ ခုရှိပါတယ်။

ဥပဒေအကြံဉာဏ်ပေးလုပ်ငန်းတာဝန်တွေအပြင် မြန်မာနိုင်ငံက စာချုပ်ဝင်အဖြစ်ပါဝင်မယ့် နှစ်နိုင်ငံ သဘောတူစာချုပ်များနဲ့ ဒေသတွင်းသဘောတူစာချုပ်များမှာ ဥပဒေရေးရာကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ပါဝင်ဆွေးနွေး ဆောင်ရွက်ပေးခဲ့တာတွေလည်း ရှိပါတယ်။

ဥပမာအားဖြင့် မြန်မာ-အီးယူ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ မြန်မာ-စင်ကာပူ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ ဒေသတွင်းဘက်စုံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သဘောတူစာချုပ်နဲ့ အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ် စတာတွေမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ ဝိုင်းဝန်းဖြေရှင်းပေးတာတွေ ရှိပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ရုံးအနေနဲ့ စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းအမျိုးအစား ၁၄ မျိုးကို စိစစ်အကြံပြုပေးနေတာတွေ ရှိပါတယ်။ အဲဒီတွေထဲကမှ အများဆုံးစိစစ်ပေးရတဲ့ စာချုပ်စာတမ်းတွေကတော့ နိုင်ငံတော်ရဲ့သယံဇာတတွင်းထွက်ပစ္စည်းတွေကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့ လုပ်ငန်းသဘောတူစာချုပ်စာတမ်းတွေ၊ လမ်း၊ တံတား၊ ရုံး၊ အဆောက်အအုံတွေ ဆောက်လုပ်ဖို့အတွက် လုပ်ငန်းအပ်နှံခြင်း စာချုပ်စာတမ်းတွေ ဖြစ်ပါတယ်။

ယခုကာလအတွင်း ဝန်ကြီးဌာနများနဲ့ ပြည်တွင်း ပြည်ပကုမ္ပဏီများ ချုပ်ဆိုမယ့် စီးပွားရေး စာချုပ်စာတမ်း ၅၄၈ ခု၊ တိုင်းဒေသကြီး။ ပြည်နယ် ဥပဒေချုပ်ရုံးတွေက ပေးပို့လာတဲ့ စီးပွားရေးစာချုပ်စာတမ်း ၂၂၁ ခု တို့ကို စိစစ်အကြံပြုနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ရုံးအနေနဲ့ ထားဝယ်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်တို့ရဲ့ စီမံခန့်ခွဲမှုကော်မတီတွေမှာရော၊ ဥပဒေရေးရာ အထောက်အကူပြုအဖွဲ့တွေမှာရော၊ ရင်းနှီးမြှုပ်နှံမှုအကူအညီပေးရေးကော်မတီမှာရော ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

နောက်ပြီး အထွေထွေဥပဒေအကြံဉာဏ်ပေးရေးနဲ့ ပတ်သက်လို့ အကြံပေး ၄၃၃ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဥပဒေအကြံဉာဏ် တောင်းခံလာတဲ့ အကြောင်းအရာတွေမှာ နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူဆောင်ရွက်တဲ့ကိစ္စတွေ၊ မြေသိမ်းကိစ္စတွေ၊ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းတဲ့ အမိန့်အပေါ်အစိုးရအဖွဲ့ရုံးသို့ အယူခံဝင်ရောက်တဲ့ ကိစ္စတွေ၊ သားသမီး မွေးစားရေးတွေ၊ ထိမ်းမြားလက်ထပ်ရေးတွေ၊ အမွေဆက်ခံရေး စတဲ့ကိစ္စရပ်တွေ ဖြစ်ပါတယ်။



ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်) များ လုပ်ငန်းဝင်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပစဉ်။

**မေး ။ ။ တရားစီရင်ရေးကဏ္ဍမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံး ပါဝင်ဆောင်ရွက်ရတဲ့ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းတွေအကြောင်း သိချင်ပါတယ်။**

ဖြေ ။ ။ ကျွန်တော်တို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ဥပဒေရုံးအဆင့်ဆင့်ဟာ ပြစ်မှုဆိုင်ရာ အမှုတွေ၊ နိုင်ငံတော်ပါဝင်တဲ့ တရားမမှုတွေမှာ နိုင်ငံတော်ဘက်က အမှုလိုက်ပါဆောင်ရွက်ပါတယ်။

ဒီကာလအတွင်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဥပဒေချုပ်ရုံး၊ ခရိုင်နဲ့ မြို့နယ်ဥပဒေရုံးများက သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းတွေကို တရားစွဲမတင်မီ အကြံပေးခဲ့တာ ၇၆၅၇ မှု ရှိပါတယ်။ တရားရုံးရဲ့ စီရင်ဆုံးဖြတ်ချက်တွေနဲ့ ပတ်သက်ပြီး ဥပဒေနဲ့မညီဘူးလို့ သုံးသပ်တွေ့ရှိလို့ ဖြစ်စေ၊ ပြစ်မှုပြစ်ဒဏ် မမျှတလို့ အယူခံမှု၊ ပြင်ဆင်မှုတွေကို ဥပဒေရုံးအဆင့်ဆင့်က တင်သွင်းခဲ့ပါတယ်။

ဒီကာလအတွင်းမှာ ပြင်ဆင်မှု ၉၃၄၉ မှု၊ အယူခံမှု ၅၃၀၅ မှုရှိပါတယ်။ အမှုသည်အချင်းချင်း နှစ်ဖက် ကျေနပ်ကြလို့ ရုပ်သိမ်းခွင့်တင်ပြတဲ့ အမှုပေါင်း ၁၀၅၁၈ မှု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တရားလွှတ်တော်တွေ၊ ခရိုင်နဲ့ မြို့နယ်တရားရုံးတွေမှာ ကျွန်တော်တို့ ဥပဒေရုံးအဆင့်ဆင့်က လိုက်ပါဆောင်ရွက်ခဲ့ရတဲ့ တရားမမှုတွေဟာ ၂၉၁ မှု လိုက်ပါဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် စီမံခန့်ခွဲရေးနဲ့ ပတ်သက်လို့ ချမှတ်တဲ့အမိန့်တွေအပေါ်မှာ ကာယကံရှင်တွေက ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ တက်ရောက်တဲ့ စာချွန်တော်အမှု ၈၆ မှု လိုက်ပါဆောင်ရွက်ခဲ့ပါတယ်။ နောက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှာ ရုံးသဟာယအဖြစ် တစ်မှု၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှာ နှစ်မှု လိုက်ပါဆောင်ရွက်ခဲ့ပါတယ်။

တရားဥပဒေစိုးမိုးမှုရှိဖို့၊ အမှုတွေကြန့်ကြာမှုမရှိဖို့အတွက် မော်လမြိုင်မြို့နယ် ဥပဒေရုံး၊ ချမ်းအေးသာစံမြို့နယ်ဥပဒေရုံး၊ ပြင်ဦးလွင်ခရိုင်ဥပဒေရုံးတွေမှာ ရှေ့ပြေးဥပဒေရုံးများအဖြစ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကတည်းက စတင်ပြီး USAID အဖွဲ့နဲ့ ပူးပေါင်းပြီး အမှုတွေ မြန်မြန်ဆန်ဆန်ပြီးစီးဖို့အတွက် အကောင်အထည်ဖော်လျက်ရှိပါတယ်။

*အချပ်ပို(ဆ)သို့*



ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်စဉ်။




မြန်မာနိုင်ငံ ဥပဒေသတင်းအချက်အလက်စနစ် တည်ထောင်ရေးစီမံကိန်းအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် KOICA တို့အကြား ဆွေးနွေးပွဲကျင်းပစဉ်။

**ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အထောက်အကူပေးနိုင်ရေးနဲ့ ဥပဒေအသိပညာတွေ ပိုမိုတိုးတက်လာစေရေးတို့အတွက် ဥပဒေရုံးတွေမှာ ပြည်သူ့ဆက်သွယ်ရေးယူနစ်များ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိ**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို (၈) မှ*

**မေး။ ။ပြည်ထောင်စုရှေ့နေချုပ်က တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေတယ်လို့ သိရပါတယ်ရှင့်။ တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်တွေကို ပြောကြားပေးပါရှင့်။**

ဖြေ။ ။ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလမှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ အဖွဲ့ရဲ့ လုပ်ငန်းတွေကို ထိထိရောက်ရောက် မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးမှာလည်း အဖွဲ့ခွဲတွေကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါတယ်။

ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲတွေဟာ တရားမျှတမှုရရှိရေးအတွက် ပြည်သူတွေရဲ့ တင်ပြချက်တွေအပေါ် သက်ဆိုင်ရာဌာနများနဲ့ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးကြရပါတယ်။ အဖွဲ့ခွဲများအနေနဲ့ ယခုကာလအတွင်းမှာ တရားမျှတမှုဆိုင်ရာ တင်ပြချက် ၅၃၀ ခန့်ကို ပေါင်းစပ် ညှိနှိုင်းပေးမှုတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံကို ပြီးခဲ့တဲ့ မတ်လ ၇ ရက် နဲ့ ၈ ရက်နေ့တို့မှာကျင်းပနိုင်ခဲ့ပါတယ်။ ညီလာခံမှာတက်ရောက်လာသူတွေရဲ့ ဆွေးနွေးချက်တွေအရ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အဖွဲ့ခွဲတွေရဲ့ လုပ်ငန်းတာဝန်တွေကို ပိုပြီးထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မယ့် လုပ်ငန်းစဉ်တွေ၊ နည်းလမ်းတွေ ရရှိခဲ့ပါတယ်။ ဒီရှေ့မှာ ပိုမိုပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။




ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ မကွေးခရိုင်နှင့် မကွေးမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။




ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပစဉ်။

**မေး။ ။ပြည်ထောင်စု ရှေ့နေချုပ်ရုံးက ဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံ ဥပဒေသတင်းအချက်အလက်စနစ် တည်ထောင်ရေးနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။မြန်မာနိုင်ငံဥပဒေသတင်းအချက်အလက်စနစ်တည်ထောင်ရေးစီမံကိန်းကို KOICA ရဲ့အထောက်အပံ့နဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေသတင်းအချက်အလက်တွေကို ပြည်သူတွေက အင်တာနက် ဝက်ဘ်ဆိုက်က တစ်ဆင့် တစ်နေရာတည်းမှာ အလွယ်တကူ ရှာဖွေလေ့လာ ကြည့်ရှုနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုစေဖို့၊ ဥပဒေအသိပညာပေးနိုင်ဖို့အတွက် ရည်ရွယ်ပြီး ဆောင်ရွက်ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ Myanmar Law Information System ကို မြန်မာနိုင်ငံ၏ ၁၈၇၀ ပြည့်နှစ်ကတည်းက ထုတ်ပြန်ခဲ့သောပြန်တမ်းတွေ၊ Burma Code VOL 1 to 13 အတွဲများပါ ဥပဒေတွေ၊ ၁၉၅၅ ခုနှစ်မှ ယနေ့ကာလအထိ ထုတ်ပြန်ခဲ့သော ဥပဒေတွေ၊ ဒီဥပဒေတွေကနေ ထုတ်ပြန်ခဲ့တဲ့နည်းဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ အမိန့်များ၊ ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေ အပါအဝင် တစ်ဆင့်ခံဥပဒေများကို ပြည့်စုံအောင်ရှာဖွေစုဆောင်းပြီး ဝက်ဘ်ဆိုက်မှာ တင်ပြနိုင်အောင် ကြိုးပမ်းလုပ်ဆောင်နေတာ ဖြစ်ပါတယ်။

အဲဒီလိုဖော်ပြရာမှာ တည်ဆဲဥပဒေများ၊ တစ်ဆင့်ခံဥပဒေများမှာ ပြင်ဆင်ချက်တွေ ရှိပါက ယင်းပြင်ဆင်ချက်တွေ ပြည့်စုံအောင်ကို ဖော်ပြသွားမှာဖြစ်ပါတယ်။ တချို့ဥပဒေတွေဟာ ပြင်ဆင်ချက် ၃၊၄၊၅ ကြိမ်အထိ ရှိပါတယ်။ နောက်ဆုံးပြင်ဆင်ချက်တွေကို ပြည့်ပြည့်စုံစုံနဲ့ ဥပဒေကိုလည်း ဝက်ဘ်ဆိုက်မှာ တင်ပြမှာ ဖြစ်ပါတယ်။

ဥပဒေတစ်ရပ်ဟာ မြန်မာနိုင်ငံက အတည်ပြုပါဝင်လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတကာ ကွန်ဗင်းရှင်းတွေပေါ်မှာ အခြေပြုပြီး ပြဋ္ဌာန်းခြင်းဖြစ်ပါက အဆိုပါ ကွန်ဗင်းရှင်းကိုလည်း အလွယ်တကူ ဆက်စပ်ရှာဖွေနိုင်ဖို့ ဖော်ပြထားပါတယ်။

ဥပဒေအမျိုးအစားအလိုက် ဖော်ပြရာမှာ ယင်းဥပဒေဟာ မြန်မာနိုင်ငံက အတည်ပြုပါဝင်လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတကာ ကွန်ဗင်းရှင်းတွေကို လိုက်နာပြီး ပြဋ္ဌာန်းခြင်းဖြစ်ပါက အဆိုပါ ကွန်ဗင်းရှင်းကိုလည်း အလွယ်တကူ ဆက်စပ်ရှာဖွေနိုင်ဖို့ ဖော်ပြထားတယ်။ အက္ခရာအလိုက် ရှာဖွေရာတွင် မိမိသိရှိလိုတဲ့ စကားရပ်တစ်ခုကို ရိုက်ရှာဖွေလိုက်ရုံနဲ့ အဆိုပါစကားရပ်ပါရှိတဲ့ ဥပဒေအားလုံးကို အလွယ်တကူ ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

Myanmar Law Information System ဟာ ဥပဒေပညာရှင်တွေ၊ ကျောင်းသားကျောင်းသူတွေ၊ ဥပဒေသုတေသီတွေနဲ့ ဥပဒေကို စိတ်ဝင်စားသူတွေအားလုံးအတွက် တကယ့် Law Library တစ်ခုကဲ့သို့ အားကိုးပြီး အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ တရားလွှတ်တော်ရှေ့နေများကောင်စီနဲ့ ပတ်သက်ပြီးလည်း သိလိုပါတယ်။**

ဖြေ။ ။ တရားလွှတ်တော်ရှေ့နေများကောင်စီမှာ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင်စုစုပေါင်း ၁၁ ဦးနဲ့ဖွဲ့စည်းထားပါတယ်။ တရားလွှတ်တော်ရှေ့နေများကောင်စီဟာ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်တဲ့ တရားလွှတ်တော်ရှေ့နေများအပေါ် တိုင်ကြားခြင်းနဲ့စပ်လျဉ်းပြီး တရားလွှတ်တော်ချုပ်ရုံးရဲ့ စုံစမ်းစစ်ဆေးချက်အပေါ် ကောင်စီကသဘောထားပေးရပါတယ်။ တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းနဲ့ စပ်လျဉ်းပြီး ကောင်စီက စိစစ်ခြင်းတွေကို ဆောင်ရွက်နေပါတယ်။

ယခုအခါ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ခေတ်နဲ့အညီ ပြင်ဆင်နိုင်ဖို့ အတွက် ပြန်လည်သုံးသပ်ဆောင်ရွက်လျက်ရှိပါတယ်။ တရားလွှတ်တော်ရှေ့နေများကောင်စီရဲ့ လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ယခုကာလအတွင်း နှစ်ကြိမ်ကျင်းပခဲ့ပါတယ်။

**မေး။ ။ ယခုနှစ်အတွင်းမှာ မျှတတဲ့ တရားစီရင်ရေးစံနှုန်းတွေ၊ ဥပဒေအရာရှိ ကျင့်ဝတ်တွေကို ထုတ်ပြန် ဆောင်ရွက်ခဲ့တဲ့ အခြေအနေကို သိပါရစေရှင့်။**

ဖြေ။ ။ တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုရှိစေဖို့အတွက် အထောက်အကူပြုနိုင်ဖို့ ရည်ရွယ်ပြီးတော့ ဥပဒေအရာရှိတွေအတွက် မျှတသည့် တရားစီရင်ရေးစံနှုန်းများ (Fair Trial Standards) စာအုပ်ကို UNDP နှင့် IDLO တို့ရဲ့ ပံ့ပိုးကူညီမှုနဲ့ ထုတ်ဝေနိုင်ခဲ့ပါတယ်။

ဒီစာအုပ်မှာ နိုင်ငံတကာစံနှုန်းတွေ၊ ပြည်တွင်းဥပဒေတွေနဲ့ စီရင်ထုံးတွေကို ထည့်သွင်းဖော်ပြခဲ့ပါတယ်။ အဲဒီစံနှုန်းတွေထဲမှာ ဥပဒေ၏ ရှေ့မှောက်တွင် တန်းတူညီမျှရှိစေဖို့၊

*အချပ်ပို (၉) သို့*




အမှုလိုက်ဥပဒေအရာရှိများနှင့် ရဲတပ်ဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။



ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ သရုပ်ပြတရားရုံး လေ့ကျင့်သင်ကြားနေစဉ်။

*အချပ်ပို (ဆ) မှ*

နောက်ကြောင်းပြန်အာဏာသက်ရောက်မှု မရှိစေဖို့၊ သံသယအကျိုးခံစားခွင့်၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ဆက်ဆံမှုတွေကနေကာကွယ်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်မှုမှ ကာကွယ်ဖို့၊ ဝန်ခံထွက်ဆိုခြင်း မပြုဘဲ နေခွင့်၊ ဥပဒေအကြံဉာဏ်တွေ ရယူခွင့်၊ ရရှိခွင့်၊ သိက္ခာရှိတဲ့သူတွေ ဖြစ်ဖို့လည်း လိုပါတယ်။ ဒါကြောင့် ဥပဒေအရာရှိကျင့်ဝတ်ကိုလည်း UNDP ရဲ့ အကူအညီနဲ့ ပူးပေါင်းပြီး ထုတ်ဝေခဲ့ပါတယ်။

ဥပဒေအရာရှိတစ်ဦးအနေနဲ့ အခြေခံအားဖြင့် ရိုးသားဖြောင့်မတ်ရမယ် ( Integrity )၊ ဘက်လိုက်မှုကင်းပြီး တရားမျှတစွာ ဆောင်ရွက်ရမယ် (Impartiality )၊ မှန်မှန်ကန်ကန် စဉ်းစား၊

**မေး။ ။လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်လိုစီမံဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ ။**

ဖြေ။ ။ ရှေ့နေချုပ်ရုံးမှာ ဥပဒေအရာရှိအဆင့် (၄) လုပ်ငန်းဝင်သင်တန်းတွေ၊ ဥပဒေအရာရှိမွမ်းမံသင်တန်းတွေကို ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ အင်္ဂလိပ်စာနဲ့ ကွန်ပျူတာသင်တန်းလို အရည်အသွေးမြှင့်တင်မှုသင်တန်းတွေကိုလည်း အထူးသင်တန်းတွေ အနေနဲ့ နှစ်ပေါက်ဖွင့်လှစ် လေ့ကျင့်ပေးလျက်ရှိပါတယ်။

ဒီကာလအတွင်းမှာဌာနတွင်း သင်တန်းတွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်က ဖွင့်လှစ်တဲ့သင်တန်းတွေ၊ အခြားဝန်ကြီးဌာနက ဖွင့်လှစ်တဲ့ သင်တန်းတွေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးဖွင့်လှစ်တဲ့ သင်တန်းတွေမှာ စုစုပေါင်း သင်တန်းသား ၅၉၄ ဦးတို့ကို အရည်အချင်းမြှင့်တင်ရေး ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဥပဒေအရာရှိ ၉၅ ဦးကို ပြည်ပနိုင်ငံ ၁၈ နိုင်ငံသို့ နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေး၊ သင်တန်းစသဖြင့် တက်ရောက်ဖို့စေလွှတ်ခဲ့ပါတယ်။

ဥပဒေအရာရှိတွေကို ပြည်တွင်းပြည်ပ မဟာဥပဒေဘွဲ့၊ ပါရဂူဘွဲ့တွေ ဆက်လက်သင်ကြားနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိမှာ ဥပဒေအရာရှိ အားလုံးရဲ့၂၁ ရာခိုင်နှုန်းဟာ မဟာဘွဲ့ရတဲ့ အရာရှိတွေဖြစ်ပါတယ်။ ပါရဂူဘွဲ့ရတွေက ၁၅ ဦးခန့် ရှိနေပြီဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ် မြှင့်မားဖို့ကတော့ ဆက်လက်ပြီး ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။

**မေး။ ။ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့သတင်းပြန်ကြားရေးလုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ။ ။ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အထောက်အကူပေးနိုင်ရေးနဲ့ ဥပဒေအသိပညာတွေ ပိုမိုတိုးတက်လာစေရေးတို့အတွက် ဥပဒေရုံးတွေမှာ ပြည်သူ့ဆက်ဆံရေးယူနစ်များ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

မီဒီယာသင်တန်းကို USAID နဲ့ပူးပေါင်းပြီး ဖွင့်လှစ်ခဲ့ပါတယ်။ ပြည်သူ့ဆက်ဆံရေးအရာရှိတွေ လိုက်နာရမယ့် လမ်းညွှန်ချက်တွေကိုလည်း ရေးဆွဲခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနောက်ပိုင်း ဆောက်လုပ်တဲ့ ဥပဒေရုံးတွေမှာ Information Counter လို ပြည်သူ့ဆက်ဆံရေးယူနစ်အခန်းတွေကို သီးခြားထည့်သွင်း ဆောက်လုပ်ထားတာရှိပါတယ်။ အဲဒီကနေတစ်ဆင့် သတင်းပြန်ကြားရေးလုပ်ငန်းတွေကို တိုးမြှင့်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**မေး။ ။ ဖြည့်စွက်ပြောလိုတာများရှိရင် သိပါရစေရှင့်။**

ဖြေ။ ။ကျွန်တော်တို့ ဥပဒေရုံး၊ ဥပဒေ အရာရှိတွေအနေနဲ့ ဥပဒေနဲ့အညီ မှန်မှန်ကန်ကန် ရပ်တည်ကြဖို့၊ ဆောင်ရွက်ကြဖို့၊ အပြစ်ရှိတဲ့သူကို ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ရသလို အပြစ်မရှိတဲ့သူကို ကာကွယ်စောင့်ရှောက်ဖို့၊ အများက ယုံကြည်လေးစားတဲ့ ဥပဒေအရာရှိကောင်းတွေ၊ ဝန်ထမ်းကောင်းတွေ ဖြစ်အောင် ကြိုးစားကြဖို့ အစဉ်မှာကြားလေ့ကျင့်လျက်ရှိပါတယ်။ ဒီလိုဖြစ်ဖို့ အများပြည်သူကလည်း ဝိုင်းဝန်းတည့်မတ်ပေးကြဖို့နဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့လည်း တင်ပြလိုပါတယ်။

**ကျေးဇူးတင်ပါတယ်ရှင့်။**



**ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်နိုင်ငံအစိုးရတို့အကြား တရားဥပဒေစိုးမိုးရေးလုပ်ငန်းများအတွက် အကူအညီပေးရေးဆိုင်ရာ လုပ်ငန်းစီမံကိန်းအား ဆွေးနွေးစဉ်။**

စကားပြန်နှင့် ဘာသာပြန်အကူအညီရယူခွင့် စတဲ့အချက်တွေ ပါဝင်ပါတယ်။

ဥပဒေအရာရှိတွေအနေနဲ့ ဒီစံနှုန်းတွေကို လေ့လာကျင့်သုံးကြခြင်းဖြင့် အမှုလိုက်လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဥပဒေနဲ့အညီ အများပြည်သူရပိုင်ခွင့်ရှိတဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပေးနိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဥပဒေအရာရှိတွေဟာ နိုင်ငံတော်ရဲ့ တရားစီရင်ရေးကဏ္ဍတွေမှာ ပါဝင်ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ ဖြစ်တာနဲ့အညီ ဥပဒေပညာကို တတ်ကျွမ်းပြီး တွေးခေါ်ပြီး ဥပဒေနှင့်အညီ သုံးသပ်၊ ဆုံးဖြတ်၊ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းအားထုတ်မှုရှိရမယ် ( Propriety )၊ မည်သူ့ကိုမဆို ဥပဒေအရာတွေမှာ တန်းတူညီမျှ အခွင့်အရေးရရှိစေရမယ်(Equality)၊ ရာထူးနှင့်လျော်ညီသော အရည်အချင်းနှင့် လုံ့လဝီရိယရှိရမယ် ( Competence and Due Diligence )၊ တာဝန်သိမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှု ရှိရမယ် ( Responsibility and Accountability ) စတဲ့ အခြေခံအချက်တွေပဲ ဖြစ်ပါတယ်။ ဒီကျင့်ဝတ်ဟာ ဥပဒေအရာရှိတွေ လိုက်နာကျင့်သုံးသင့်တဲ့ အခြေခံစိတ်ဓာတ်၊ ခံယူချက်တွေပဲ ဖြစ်ပါတယ်။

**ဥပဒေရုံး၊ ဥပဒေအရာရှိတွေအနေနဲ့ ဥပဒေနဲ့အညီ မှန်မှန်ကန်ကန် ရပ်တည်ကြဖို့၊ ဆောင်ရွက်ကြဖို့၊ အပြစ်ရှိတဲ့သူကို ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ရသလို အပြစ်မရှိတဲ့သူကို ကာကွယ်စောင့်ရှောက်ဖို့ အများက ယုံကြည်လေးစားတဲ့ ဥပဒေအရာရှိကောင်းတွေ၊ ဝန်ထမ်းကောင်းတွေဖြစ်အောင် ကြိုးစားကြဖို့ အစဉ်မှာကြားလေ့ကျင့်လျက်ရှိ**